# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (12-11-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၉၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး၊
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

❖ **မဲပေးတယ်ဆိုတာ သင့်အနာဂတ်ကို သင်ကိုယ်တိုင် ဆုံးဖြတ်လိုက်တာပါ။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသူများ အချိန်မီကျောင်းအပ်နှံရေးကြေညာ

၁။ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ပထမနှစ်သင်တန်းအသီးသီးသို့ တက်ရောက်ခွင့်ရရှိသူများစာရင်းကို ၁၁-၁၁-၂၀၂၅ ရက်မှစတင်၍ ကျန်းမာရေးဝန်ကြီးဌာန၏ Website (www.moh.gov.mm)၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website (www.hrh.gov.mm)၊ အဆင့်မြင့်ပညာဦးစီးဌာန၏ Website နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားပြီးဖြစ်ပါသည်။

၂။ ပထမနှစ်သင်တန်းများကို ၂၄-၁၁-၂၀၂၅ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာတက္ကသိုလ်များတွင် ၁၇-၁၁-၂၀၂၅ ရက်မှစတင်၍ (စနေနှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
(၁၁-၁၁-၂၀၂၅)

# KK Park အတွင်း ဇုန်အလိုက် အဆောက်အအုံများ ဆက်လက်ဖြိုချဖျက်ဆီးရှင်းလင်း



ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေး KK Park အတွင်း ဇုန်အလိုက် အဆောက်အအုံများ ဆက်လက်ဖြိုချဖျက်ဆီးရှင်းလင်းနေမှုကို တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေး KK Park နယ်မြေများတွင် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ကာ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်လျက်ရှိသည့်အပြင် ၎င်းတို့စုဖွဲ့နေထိုင်ခဲ့ကြသည့် KK Park အတွင်း ဇုန်အလိုက် အဆောက်အအုံများဖြိုချဖျက်ဆီးရှင်းလင်းလျက်ရှိသည်။

"KK Park ဇုန်(A)အတွင်းမှာ အဆောက်အအုံ စုစုပေါင်း ၁၄၈ လုံး ရှိပါတယ်။ ဒီနေရာမှာ အွန်လိုင်းလိမ်လည်မှုတွေ၊

စာမျက်နှာ ၁၇ ကော်လံ ၁ ⚐




ရတနာပုံ
၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၂ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့အကျိုးစီးပွားပျက်စီးစေသည့်ဒုစရိုက်မှုများ အမြစ်ဖြတ်ချေမှုန်း

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုသည် အဓိကကျပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်းလုံးလွှမ်းခြုံ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ၏တည်ငြိမ်အေးချမ်းရေးကို ထိပါးနှောင့်ယှက်နေသည့် အကြမ်းဖက်သောင်းကျန်းမှုများ၊ တရားဥပဒေစိုးမိုးရေးအတွက် အတားအဆီးဖြစ်စေသည့်ဒုစရိုက်မှုများကို တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အတူတကွလက်တွဲဖယ်ရှားရှင်းလင်းနှိမ်နင်းလျက်ရှိသည်။

ထို့ကြောင့် ကရင်ပြည်နယ်အတွင်း တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးများဆောင်ရွက်ခဲ့ရာ ယခုနှစ် အောက်တိုဘာ ၅ ရက်တွင် လေးကေ့ကော်မြို့သစ်ကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး မြန်မာ-ထိုင်းနယ်စပ်အနီးရှိ နာမည်ဆိုးဖြင့်ကျော်ကြားသော KK Park ကိုလည်း ဝင်ရောက်ရှင်းလင်းခဲ့သည်။ KK Park နယ်မြေကို နိုင်ငံခြားသားများသည် နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်လာရောက်ကြပြီး အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည်။ အဆိုပါနယ်မြေတွင် အဆောက်အအုံပေါင်း ၁၅၀ ခန့်ရှိပြီး ထိုအဆောက်အအုံများထဲတွင် လူနေအဆောက်အအုံများ၊ ဈေးဆိုင်၊ စားသောက်ဆိုင်၊ ဂိုဒေါင်၊ ဟိုတယ်၊ GYM အားကစားခန်းမ၊ KTV၊ SPA၊ ဆေးရုံ၊ ပန်းခြံ၊ အားကစားရုံ၊ ဖူဆယ်ကွင်း၊ ပိုက်ကျော်ခြင်းကွင်း၊ ဘတ်စကက်ဘောကွင်းများပါပါကြောင်း သိရသည်။ အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုနှင့် ဒုစရိုက်မှုများပြုလုပ်ခဲ့သည့် ထိုအဆောက်အအုံများကို ယခုအခါ ဖြိုချဖျက်ဆီးရှင်းလင်းနေပြီဖြစ်သည်။

ထို့ပြင် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များသည် ကရင်ပြည်နယ် မြဝတီမြို့နယ် သောင်ရင်းမြစ်ကမ်းတစ်လျှောက်တွင် တရားမဝင်ဂိတ်များဖွင့်လှစ်ပြီး ငွေကြေးများကောက်ခံ၍ ပြည်ပမှ တရားမဝင်ပစ္စည်းများတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းများဆောင်ရွက်ခဲ့ကြရာ ယခုအခါ အဆိုပါဒေသများကို တပ်မတော်က ပြန်လည်ထိန်းချုပ်ခဲ့ပြီးဖြစ်ပြီး တရားမဝင်ဖွင့်လှစ်ကုန်သွယ်နေသည့် နယ်စပ်ဂိတ်များနှင့် ကင်းစခန်းအများစုကို အပြီးတိုင်ဖျက်ဆီးရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရက သတ်မှတ်ထားသည့် တရားဝင်ကုန်သွယ်ရေးဇုန်များမှ ကုန်ပစ္စည်းများမတင်သွင်းဘဲ မသမာသူများက လက်နက်ကိုင်သောင်းကျန်းသူများ၏ တရားမဝင်ဂိတ်များမှ ငွေကြေးပေးပြီး ကုန်ပစ္စည်းများတင်သွင်းနေခြင်းကြောင့် နိုင်ငံတော်၏ ရသင့်ရထိုက်သောအခွန်ဘဏ္ဍာငွေများ များစွာနစ်နာဆုံးရှုံးခဲ့ရသည်။ ထိုသို့ နိုင်ငံတော်မှရရှိသင့်သည့် အခွန်ဘဏ္ဍာငွေကြေးများကို အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားများကြောင့် ပြည်သူများရှာဖွေထားသည့်ငွေကြေးများ နစ်နာဆုံးရှုံးမှုမဖြစ်စေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးအတွက် တရားမဝင်ကုန်သွယ်မှု၊ တရားမဝင်လောင်းကစားမှုအပါအဝင် ဒုစရိုက်မှုမျိုးစုံပြုလုပ်နေကြသော ပြည်တွင်း၊ ပြည်ပဒုစရိုက်သမားများ၊ အကြမ်းဖက်သောင်းကျန်းသူများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျူပြင်ခုတ်၊ ကျူငုတ်မကျန် အမြစ်ဖြတ်ချေမှုန်းရှင်းလင်းလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်နိုင်ငံသားတို့၏ လူမှုစီးပွားဘဝတို့ကို ထိခိုက်ပျက်စီးစေသည့် တရားမဝင်ကုန်သွယ်မှု၊ တရားမဝင်လောင်းကစားမှုအပါအဝင် ဒုစရိုက်မှုမျိုးစုံပြုလုပ်နေကြသော ပြည်တွင်း၊ ပြည်ပ ဒုစရိုက်သမားများ၊ အကြမ်းဖက်သောင်းကျန်းသူများကို မြန်မာ့မြေပေါ်မှ အပြီးတိုင်ဖယ်ရှားရှင်းလင်းရာတွင် တိုင်းရင်းသားပြည်သူအပေါင်းတို့ကလည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်း ပါဝင်လက်တွဲဆောင်ရွက်သွားကြပါရန် တိုက်တွန်းရေးသားအပ်ပါသည်။

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ရွေးကောက်ပွဲကျင်းပရန် ၄၆ ရက် သာ လိုတော့သည်။
လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)
လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။
ရန်ကုန် - အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉
မန္တလေး - ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃

# ကျုံပျော်မြို့နယ် ပဲဈေးကွက်တွင် မြေပဲဆန်များ အရောင်းအဝယ် ကောင်းမွန်နေ

**ကျုံပျော် နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ် ပဲဈေးကွက်တွင် မြေပဲဆန်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မေက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ် ပဲဈေးကွက်တွင် နိုဝင်ဘာလ ပထမပတ်မှ စတင်ပြီး ယနေ့ထိ မြေပဲဆန်များ အရောင်းအဝယ်ကောင်းလာခြင်းသည် မြေပဲဆီကြိတ်ခွဲထုတ်လုပ်သည့်လုပ်ငန်းများက မြေပဲဆန်များ ဝယ်ယူအားကောင်းလာသည့်အတွက်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ပဲဈေးကွက်ထဲကို ဒေသထွက် မြေပဲဆန်တွေအပြင် အခြားဒေသကနေ မိုးမြေပဲဆန်အသစ်တွေပါ ဝင်ရောက်နေပါတယ်။ လက်ရှိ မြေပဲဆန် တစ်ပိဿာကို ငွေကျပ် ၂၁၀၀၀ ထိ ပေါက်ဈေးရှိပါတယ်။ မြေပဲဆီတွေ ထုတ်လုပ်မှု အားကောင်းလာတာကြောင့် မြေပဲဆန်တွေ အရောင်းအဝယ်ကောင်းလာတာပါ။ မြေပဲဆန်အရောင်းအဝယ်က အခုထက်ပိုကောင်းလာဖို့ပဲ ရှိပါတယ်။ ဒီနှစ် မြေပဲဆန်တွေ အဝယ်လိုက်နေတာကြောင့် တောင်သူတွေက အဓိကအဆင်ပြေနေသလို လုပ်သားတွေနဲ့ ကုန်သည်တွေလဲ အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မေက ပြောပြသည်။

အဆိုပါ မြေပဲဆန်များ အရောင်းအဝယ်ကောင်းနေသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေနေကြောင်း ဒေါ်မြတ်မေက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မင်းကင်း နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၉၀၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေ စိုက်ပျိုးနေပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် အသိပညာပေး နည်းပညာပေးခြင်းဖြင့် တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်များကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ (၅/ ၂၀၂၅) အစည်းအဝေးသို့ တက်ရောက်



**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၅/၂၀၂၅) အစည်းအဝေးကို နိုဝင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အတွင်းရေးမှူးနှင့်တာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များ၊ သက်ဆိုင်ဌာနများနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်တို့အပေါ် အကျိုးသက်ရောက်မှုကောင်းများရှိစေသည့် ရင်းနှီးမြှုပ်နှံမှုများကို အားပေးမြှင့်တင်ဖိတ်ခေါ် ဆောင်ရွက်လျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုမြန်ဆန်အောင် ဆောင်ရွက်ပေးနိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်ဆန်သွက်လက်စွာ စိစစ်ခွင့်ပြုချထားပေးလျက်ရှိပြီး တင်ပြလျှောက်ထားလာမှုနှင့် မြေပြင်တွင် အမှန်တကယ် လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်နေမှုများနှင့် ကိုက်ညီရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး ဒေါက်တာမင်းဇော်ဦးက ယခင်(၄/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးမှ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ယခုအစည်းအဝေးတွင် တင်ပြလျှောက်ထားလာမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီးနောက် ကုမ္ပဏီများမှတာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးက တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြဆွေးနွေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေး တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေး၍ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၂၇၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရွှေဘို နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၂၇၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၃၂၂၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၂၇၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရွှေဘိုမြို့နယ်မှာ ဆောင်းသီးနှံ စိုက်ပျိုးရာသီ မတ်ပဲ ၃၂၂၆ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၇၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။



ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ စသည့် အသိပညာပေးခြင်း လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မတ်ပဲကို ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် မင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်း တာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၆ ဒသမ ၇၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မင်းကုန်းကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၆ ဦးကို ရန်ပုံငွေကျပ် ၄၆ ဒသမ ၇၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကွမ်းသီးနုပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကွမ်းသီးနု ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်ဌေးက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကွမ်းသီးနုပိဿာချိန် ၅၀၀၀၀ ထိသာတင်ပို့ ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ကွမ်းသီးနုပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးနုများ တင်ပို့အားကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်မှ ကွမ်းသီးနုများ ဝယ်ယူမှု များပြားနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"မအူပင်မြို့နယ်ထဲကနေ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးနုပိဿာချိန် အများအပြား အောက်တိုဘာလထဲမှာ တင်ပို့ရောင်းချခဲ့ပါတယ်။ ကွမ်းသီးနုတွေမှာယူမှုများလာလို့ ရန်ကုန်ဈေးကွက်ကို အများအပြား တင်ပို့ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးနုတစ်ပိဿာကို ငွေကျပ် ၁၇၅၀၀ ထိ ပေါက်ဈေးရှိပါတယ်"ဟု မအူပင်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဌေးက ပြောပြသည်။

မအူပင်မြို့နယ်မှ ထွက်ရှိသည့် ကွမ်းသီးနုများကို ကုန်သည်များက ကွမ်းသီးခြံများသို့ သွားရောက်ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

မအူပင်မြို့နယ်မှ ထွက်ရှိသည့် ကွမ်းသီးနုများ ဝယ်ယူမှု များပြားလာခြင်းကြောင့် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း မအူပင်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဌေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# မိတ္ထီလာမြို့ရှိ ပိဋကတ်ကျောက်စာများ

**မောင်သာ(ရှေးဟောင်းသုတေသန)**

ကုန်းဘောင်ခေတ်နှောင်းကာလ ရတနာပုံခေတ်တွင် မင်းတုန်းမင်း (၁၈၅၃-၁၈၇၈)သည် ပဉ္စမ သင်္ဂါယနာတင်ပွဲကို ကျင်းပပြုလုပ်၍ ဗုဒ္ဓဘုရားရှင်၏ ပိဋကတ်တော်ပါဠိမူများကို ကျောက်စာများရေးထိုးပြီး မန္တလေးတောင်ခြေရှိ မဟာလောကမာရဇိန် စေတီဝင်းအတွင်း၌စိုက်ထူခဲ့ရာ စုစုပေါင်း ကျောက်စာအရေအတွက်သည် ၇၂၉ ချပ်ဖြစ်သည်။ ၎င်းနောက်ပိုင်းတွင် ပိဋကတ်တော် ကျောက်စာများကို မြန်မာနိုင်ငံအတွင်းရှိ မြို့ရွာတချို့တွင် ရေးထိုးစိုက်ထူခဲ့ကြရာ မိတ္ထီလာမြို့သည်လည်း တစ်မြို့အပါအဝင်ဖြစ်သည်။

**ပိဋကတ်ကျောက်စာများ**

မင်းတုန်းမင်းသည် ဘုရားဟော ပိဋကသုံးပုံ ကျမ်းရင်းများကိုသာ ကျောက်ထက်အက္ခရာတင်ခဲ့သော်လည်း မင်းတုန်းမင်းနောက်ပိုင်း စိုက်ထူခဲ့သည့် ကျောက်စာတချို့တွင် ပိဋကသုံးပုံသာမက ပိဋကသုံးပုံအဖွင့်ကျမ်းများဖြစ်သည့် အဋ္ဌကထာကျမ်းနှင့် ဋီကာကျမ်းများပါ ပါဝင်လာခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ ပိဋကတ်ကျောက်စာရုံများတွင် ပိဋကသုံးပုံ အဋ္ဌကထာကျောက်စာတိုက် နှစ်ခုနှင့် ဋီကာကျော် ကျောက်စာတိုက်တစ်ခုကို တွေ့ရှိရပေသည်။

အဋ္ဌကထာကျောက်စာများကို မန္တလေးမြို့ စန္ဒာမုနိဘုရားဝင်းနှင့် မိတ္ထီလာမြို့ ရွှေမြင်မိစေတီဝင်းအတွင်း၌ မြင်တွေ့နိုင်ကြကာ စန္ဒာမုနိကျောက်စာများကို သက္ကရာဇ် ၁၂၇၅ ခုနှစ်တွင်လည်းကောင်း၊ ရွှေမြင်မိကျောက်စာများကို သက္ကရာဇ် ၁၂၇၇ ခုနှစ်တွင်လည်းကောင်း ရေးထိုးစိုက်ထူခဲ့ရာ တစ်ခုနှင့်တစ်ခု နှစ်နှစ်သာကွာခြားခဲ့သည်။

မန္တလေးမြို့ စန္ဒာမုနိဘုရားအဋ္ဌကထာကျောက်စာများသည် ၁၅၀၉ ချပ်ဖြစ်၍ မိတ္ထီလာမြို့ ရွှေမြင်မိစေတီ အဋ္ဌကထာကျောက်စာများသည် ၂၆၃ ချပ်ဖြစ်သည်။ စန္ဒာမုနိဘုရားဝင်းအတွင်း၌ အဋ္ဌကထာကျောက်စာများအပြင် ဋီကာကျောက်စာ ၂၆၃ ချပ်ကိုပါ ရေးထိုးစိုက်ထူခဲ့သည်။

ပိဋကတ်ကျောက်စာများကို ယနေ့ခေတ်တိုင်အောင် ရေးထိုးစိုက်ထူလျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံမြေအတွင်း၌ရှိသည့် ပိဋကတ်ကျောက်စာရုံစေတီတော်များသည် အထင်ရှားဆုံးဖြစ်သည်။ ဗုဒ္ဓဥယျာဉ်တော်၌ ကျောက်စာရုံစေတီအဆူ ၇၂၀ ရှိ၍ ကျောက်စာရုံတစ်ခုစီတွင် ပိဋကတ်ကျောက်စာ နှစ်ချပ်စီကိုထားရှိသည်။ ထိုကျောက်စာများတွင် ပိဋကသုံးပုံတော်လာ အဋ္ဌကထာ၊ ဋီကာကျမ်းစာများကို ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိဘာသာအပြင် ကမ္ဘာသုံး လက်တင်အက္ခရာတစ်နည်းအားဖြင့် ပါဠိဘာသာကို အင်္ဂလိပ်အက္ခရာသုံးပြီး ရေးထိုးထားသည့် Romanize Language ဖြင့် ဖော်ပြထားသဖြင့် ပြည်ပနိုင်ငံသားများလည်း ဖတ်ရှုလေ့လာနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ ပိဋကတ်ကျောက်စာများကို ပါဠိဘာသာ၊ မြန်မာအက္ခရာစာလုံးများဖြင့်သာ ရေးထိုးကြပြီး နိုင်ငံတကာသုံး Romanize Language ဖြင့် ရေးထိုးထားသည့် အဋ္ဌကထာနှင့် ဋီကာကျောက်စာများသည် နေပြည်တော် ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံမြေနေရာတစ်ခုတည်း၌သာရှိသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ကမ္ဘာ့ညဏ်တော် အမြင့်ဆုံးနှင့် အလေးချိန်အများဆုံး ထိုင်တော်မူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီးကို အပူဇော်ခံထားရှိသည်။ ထို့ကြောင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီးကို လာရောက် ဖူးမြော်ကြည်ညိုကြသူများသည် ကျောက်စာရုံစေတီများတွင် ထားရှိသည့် ကျောက်စာချပ်များကို ကြည့်ရှုလေ့လာနိုင်ကြသည်။

**သမိုင်းထဲက မိတ္ထီလာ**

မန္တလေးတိုင်းဒေသကြီးရှိ ခရိုင်မြို့များအနက် မန္တလေးမြို့မှလွဲ၍ အကြီးဆုံးဖြစ်သည့် မိတ္ထီလာမြို့သည် မြန်မာ့သမိုင်းတွင်ထင်ရှားခဲ့သော မြို့တစ်မြို့ဖြစ်သည်။ မိတ္ထီလာမြို့၏ အထင်ရှားဆုံး အမှတ်လက္ခဏာသည် မိတ္ထီလာကန်တော်ဖြစ်၍ မင်းကြီးသီရိမဟာဇေယျသူပြုစုသည့် ကဝိလက္ခဏာဒီပနီကျမ်းတွင် "ရေမှာစစ်ကိုင်း၊ လှိုင်းမှာပခန်းငယ်၊ လယ်မှာတောင်တွင်း၊ စပါးမှာရမည်းသင်း၊ အင်းမှာတောင်သမန်၊ ကန်မှာမိတ္ထီလာ"ဟု ရေးဖွဲ့ခဲ့သည်။



ရွှေမြင်မိစေတီဝင်းရှိ ကျောက်စာတိုက် အမှတ်(၂) ကို တွေ့ရစဉ်။

မိတ္ထီလာကန်သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် အလွန်အရေးပါသည့် ရေအရင်းအမြစ်နေရာတစ်ခုဖြစ်၍ မိတ္ထီလာမြို့နှင့် အနီးဝန်းကျင်ဒေသများမှ နယ်သူ၊ နယ်သားများသည် မိတ္ထီလာကန်ရေကို စိုက်ပျိုးရေးလုပ်ငန်းတွင် ခေတ်အဆက်ဆက် အသုံးပြုခဲ့ကြသည်။ မိတ္ထီလာကန်ကို ရှေးအခါက သျှိသျှားကန်ဟု ခေါ်ဆိုခဲ့ကြကာ ပုဂံခေတ်ရောက်မှ မိတ္ထီလာကန်ဟု အမည်တွင်ခဲ့သည်ဟု ဆိုကြသည်။ ၁၉၁၁ ခုနှစ်က ထုတ်ပြန်ခဲ့သည့် အထက်ဗမာပြည်နှင့် ရှမ်းပြည်နယ်တို့ရှိ မြို့ရွာဒေသအချက်အလက်များကို စုစည်းထားသည့် နေရာဒေသအညွှန်းတွင် မိတ္ထီလာကန်သည် သဘာဝကန်မဟုတ်ဘဲ လူများပြုလုပ်ခဲ့သည့်ကန်ဖြစ်ကြောင်း ဖော်ပြထားသည်။

ရှေးအခါက မိတ္ထီလာမြို့ကို သျှိသျှားကန်ကို အစွဲပြုလျက် သျှိသျှားမြို့ဟုခေါ်ဆိုခဲ့သည်။ ပုဂံခေတ် သက္ကရာဇ် ၄၁၄ ခုနှစ်တွင် ပုဂံဘုရင်အနော်ရထာသည် သျှိသျှားကန်ကို နှစ်နှစ်ကြာပြုပြင်ဆည်ဖို့ခဲ့ရာ သက္ကရာဇ် ၄၁၆ ခုနှစ်တွင် ပြီးစီးခဲ့သည်ဟုဆိုသည်။ မြန်မာရာဇဝင်ကျမ်းများအလိုအရ ပုဂံဘုရင် အနော်ရထာသည် သျှိသျှားကန်ကို ဆည်ဖို့ခဲ့ချိန်တွင် ကန်ရေသည် ပုပ္ပားတောင်နှင့် ထိစပ်ခြင်းရှိ၊ မရှိကို မြင်းသည်တော်တစ်ဦးကို ကြည့်ရှုခိုင်းခဲ့သည်။ အနော်ရထာမင်းကို မြင်းသည်တော်က ပြန်လည်လျှောက်တင်ရာတွင် သျှိသျှားကန်ရေသည်ပုပ္ပားနှင့် ထိဆက်မှုမရှိကြောင်းကို "မထိလာပါ" ဟု လျှောက်တင်သည့်စကားမှ မိတ္ထီလာဖြစ်လာသည်ဟု ယူဆကြသော်လည်း ၎င်းအဆိုသည် မိတ္ထီလာဒေသ၏ မြေမျက်နှာသွင်ပြင် အနေအထားအရ မဖြစ်နိုင်ကြောင်း စာရေးဆရာဦးထွဏ်းလွင်၏ စာပေဗိမာန်စာမူဆုရ မိတ္ထီလာမြို့နယ်ဖြစ်စဉ်သမိုင်းမှတ်တမ်းစာအုပ်တွင် ဖော်ပြထားသည်။

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် မိတ္ထီလာကိုမြို့အဖြစ် ၁၉၇၃ ခုနှစ်တွင် သတ်မှတ်ခဲ့ရာ လက်ရှိအချိန်တွင် မိတ္ထီလာမြို့နယ်ကို ရပ်ကွက် ၁၄ ခု၊ ကျေးရွာအုပ်စု ၅၈ ခု၊ ကျေးရွာ ၃၈၀ ဖြင့် ဖွဲ့စည်းထား၍ မိတ္ထီလာခရိုင်တွင် မိတ္ထီလာမြို့နယ်၊ သာစည်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မလှိုင်မြို့နယ်တို့ပါဝင်သည်။ ၂၀၂၂ ခုနှစ်က မြန်မာနိုင်ငံရှိ ခရိုင်များကို ပြင်ဆင်ဖွဲ့စည်းခဲ့ချိန်တွင် မိတ္ထီလာခရိုင်သည် ဖွဲ့စည်းမှု ပြောင်းလဲခြင်းမရှိခဲ့ချေ။

မိတ္ထီလာမြို့နယ်သည် ကျောက်ပန်းတောင်းမြို့နယ်၏ အရှေ့ဘက်၊ သာစည်မြို့နယ်၏ အနောက်ဘက်၊ ဝမ်းတွင်းမြို့နယ်၏ တောင်ဘက်နှင့် ပျော်ဘွယ်မြို့နယ်၏ မြောက်ဘက်တွင်တည်ရှိကာ ၄၇၅ ဒသမ ၃၆ စတုရန်းမိုင်ကျယ်ဝန်းသည်။ မိတ္ထီလာမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှပေ ၇၅၀ အမြင့်တွင် တည်ရှိ၍ ညီညာပြန့်ပြူးသော မြေမျက်နှာပြင် တောင်ကုန်းတောင်တန်းငယ်များရှိသည်။

၂၀၂၃ ခုနှစ် မတ်လကုန်တွင် ထုတ်ပြန်သည့် မိတ္ထီလာမြို့နယ် ဒေသဆိုင်ရာအချက်အလက်များ မှတ်တမ်း (၂၀၂၃ ခုနှစ်) စာရင်းများအရ မိတ္ထီလာမြို့နယ်တွင် ဘုရားရှစ်ဆူနှင့် စေတီကြီးငယ် ၁၀၉၄ ဆူရှိပြီး လူဦးရေ ၃၃၅၁၂၉ ဦး နေထိုင်လျက်ရှိကာ အိမ်ထောင်စုအရေအတွက်ပေါင်းသည် ၆၇၃၇၄ စုရှိကြောင်း သိရသည်။

**မိတ္ထီလာကျောက်စာတိုက်များ**

မိတ္ထီလာမြို့နယ်အတွင်းရှိ စေတီ ၁၀၉၄ ဆူအနက် သီရိမင်္ဂလာရပ်ကွက်တွင်ရှိသည့် ထီးသုံးဆင့်စေတီသည် သက္ကရာဇ် ၅၆၃ ခုနှစ်တွင် ပုဂံဘုရင် နရပတိစည်သူ(၁၁၆၅-၁၂၁၁)တည်ခဲ့သည့် စေတီဖြစ်ကာ စေတီတွင် ထီးသုံးဆင့်ရှိသဖြင့် ထီးသုံးဆင့်စေတီဟု ဘွဲ့မည်တွင်ခဲ့သည်။ ထီးသုံးဆင့်စေတီ၏ မဟာရံတံတိုင်းအတွင်း၌ အခြားစေတီတစ်ဆူရှိကာ ထိုစေတီသည် ရွှေမြင်မိစေတီဟု အမည်တွင်သည်။

ရွှေမြင်မိစေတီကိုလည်း နရပတိစည်သူမင်းကပင် တည်ထားခဲ့ပြီး မူလကစေတီငယ်တစ်ဆူသာ ဖြစ်ခဲ့ဟန်ရှိကာ နှစ်ကာလကြာမြင့်ချိန်တွင် ငလျင်ဒဏ်များကြောင့် ပြိုကျပျက်စီးခဲ့သည်ဟု မှန်းဆရကြောင်း မိတ္ထီလာသမိုင်းကိုပြုစုခဲ့သူ ဦးထွဏ်းလွင်က သုံးသပ်ခဲ့သည်။ ပြိုကျပျက်စီးနေသည့် ရွှေမြင်မိစေတီကို ၁၈၉၂ ခုနှစ်တွင် မွမ်းမံပြင်ဆင်ခဲ့ပြီး ၁၉၀၁ ခုနှစ်တွင် ထီးတော်တင်လှူခဲ့သည်။ ဘုရားသမိုင်းကျောက်စာတွင် ရွှေမြင်မိစေတီထီးတော်ကို သက္ကရာဇ် ၁၂၆၂ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက် (၁၉၀၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်) သောကြာနေ့တွင် တင်လှူကြောင်း ရေးထိုးထားသည်။ ထီးတော်သည် အမြင့် ၁၂ တောင်နှင့် အဝန်းလေးတောင် နှစ်မိုက်ရှိသည်။

နရပတိစည်သူမင်း တည်ထားခဲ့သည့် ထီးသုံးဆင့်စေတီနှင့် ရွှေမြင်မိစေတီတို့ကို တံတိုင်းလေးဖက်ကာရံခဲ့သဖြင့် စေတီတော်နှစ်ဆူကို ဝင်းတစ်ခုတည်းအတွင်း၌ ဖူးမြင်နေကြရခြင်းဖြစ်သည်။

မိတ္ထီလာမြို့ ကျောက်တံခါးတောရတိုက် ဆရာတော် ဦးပဏ္ဍဝက ဘုရားဒကာ ဦးလှိုင်းကို ရွှေမြင်မိစေတီဝင်းအတွင်း၌ ပိဋကတ်ကျောက်စာတော်များ ထားရှိပူဇော်သင့်ကြောင်း မိန့်ကြားခဲ့သည်။ ထို့ကြောင့် မန္တလေးမြို့မှ ကျောက်ဆစ်သမားများကို ခေါ်ယူ၍ သက္ကရာဇ် ၁၂၇၇ ခုနှစ် တော်သလင်းလပြည့်ကျော် ၁ ရက် (၁၉၁၅ ခုနှစ် စက်တင်ဘာ ၂၄ ရက်)တွင် ပိဋကတ်တော် အဋ္ဌကထာကျောက်စာချပ်ပေါင်း ၅၉၇ ချပ်ကို စတင်ထွင်းထုစေခဲ့ရာ သက္ကရာဇ် ၁၂၈၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၁ ရက် (၁၉၁၈ ခုနှစ် ဇွန် ၃ ရက်)တွင် ပြီးစီးခဲ့သည်။ ကျောက်စာအလှူရှင်များမှာ ဘုရားဒါယကာ ဦးလှိုင်းနှင့် ဘုရားဒါယိကာမ ဒေါ်အိမ်ညိမ်းတို့ ကြီးမှူးမတည်ကြောင်း ရွှေမြင်မိစေတီတွင် ကမ္ပည်းမှတ်တမ်းစာရေးသားဖော်ပြထားသည်။

၎င်းကျောက်စာများသည် ဝိနည်းငါးကျမ်း ၁၁၄ ချပ်၊ သုတ်သုံးကျမ်း ၇၄ ချပ်၊ အဘိဓမ္မာ ခုနစ်ကျမ်း ၁၀၆ ချပ်၊ ပဏ္ဏာသ သုံးကျမ်း ၁၀၅ ချပ်၊ သံယုတ်ငါးကျမ်း ၇၈ ချပ်၊ အင်္ဂုတ္တိုရ်နှင့် ခုဒ္ဒကပါဠိ အချပ် ၁၂၀ ဖြစ်ကာ ရွှေမြင်မိစေတီဝင်းအတွင်း၌ ကျောက်စာတိုက် ခြောက်တိုက်တည်ဆောက်ကာ ကျောက်စာတိုက်များအတွင်း၌ စိုက်ထူခဲ့သည်။

၎င်းတို့အနက် ကျိုးပဲ့ပျက်စီးခဲ့သည့် အင်္ဂုတ္တိုရ်နှင့် ခုဒ္ဒက အဋ္ဌကထာကျောက်စာ ၁၂၀ ကို အလှူရှင် ဦးလှိုင်းက ပြုပြင်ခဲ့ပြီး ကျန်ကျောက်စာများကိုလည်း အများကောင်းမှုဖြင့်ပြင်ဆင်ခဲ့သည်။ ၁၉၂၅ ခုနှစ်တွင် ဦးလှိုင်းက သာသနာ့ဘောင်သို့ ဝင်သွားခဲ့သဖြင့် ပျက်စီးနေသည့် ကျောက်စာများပြင်ဆင်ခြင်းလုပ်ငန်းကို သားဖြစ်သူ ဦးကျော်ညွန့်က ၁၉၂၈ ခုနှစ်ထိ ဆက်လက်တာဝန်ယူဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် ယခုအချိန်ထိ မိတ္ထီလာမြို့ ရွှေမြင်မိစေတီဝင်းအတွင်းရှိကျောက်စာတိုက်များ၌ အဋ္ဌကထာကျောက်စာချပ် ၅၉၇ ချပ်နှင့် မှတ်တမ်းမော်ကွန်းကျောက်စာ နှစ်ချပ်တို့ကို ထိန်းသိမ်းပြသထားနိုင်ဆဲဖြစ်သည်။

မိတ္ထီလာမြို့နယ်သမိုင်းနှင့် ဆက်စပ်နေသည့် ပိဋကတ်တော် အဋ္ဌကထာကျောက်စာများသည် မိတ္ထီလာမြို့နယ်၏ ဗုဒ္ဓစာပေဆိုင်ရာ အမွေအနှစ်များဖြစ်လာခဲ့ကြသည်။ ထိုကျောက်စာချပ်များကို ရွှေမြင်မိစေတီတော် ဂေါပကအဖွဲ့နှင့်အတူ မိတ္ထီလာမြို့နယ်သူ၊ နယ်သားများက အစဉ်အဆက် ယနေ့တိုင် ထိန်းသိမ်းခဲ့ကြသည်။

မြန်မာနိုင်ငံ၏ ပိဋကတ်ကျောက်စာရုံများတွင် အဋ္ဌကထာကျောက်စာများကို ရေးထိုးထိန်းသိမ်းထားသည့် နေရာနှစ်နေရာသာရှိသဖြင့် ဗုဒ္ဓဘာသာ ပိဋကတ်တော် အဋ္ဌကထာကျောက်စာများကို လေ့လာလိုသူများသည် မိတ္ထီလာမြို့သို့ ရောက်ရှိလျှင် ရွှေမြင်မိစေတီဝင်းအတွင်းရှိ ကျောက်စာရုံများကို ဝင်ရောက်လေ့လာနိုင်ကြပေသည်။

**ကိုးကား**

- မြန်မာ့စွယ်စုံကျမ်းအတွဲ(၉)
- မိတ္ထီလာမြို့နယ် ဖြစ်စဉ်သမိုင်းမှတ်တမ်း (ဦးထွဏ်းလွင်)
- မိတ္ထီလာမြို့နယ် ဒေသဆိုင်ရာအချက်အလက်များ(ပြည်ထဲရေးဝန်ကြီးဌာန)

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ချောင်းဦး နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၈၂ ဧက၊ ဖူးစားပြောင်း ၁၃၀၅ ဧက စုစုပေါင်း ၁၃၈၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောပြောင်းစိုက်ခင်းများကိုယခုနှစ်အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အစေ့ထုတ်ပြောင်း တစ်ဧကလျှင် ၄၃ ဒသမ ၃၅ တင်း၊ ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၁၃၈၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေး ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ယခုနှစ် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးအသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# ဒေးဒရဲမြို့နယ်တွင် ဒေသထွက်ငါးသလောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ဒေးဒရဲ နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်တွင် ဒေသထွက် ငါးသလောက်များအရောင်းအဝယ် ကောင်းမွန်နေကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြ၍သိရသည်။

ဒေးဒရဲမြို့နယ်တွင် ယခုနှစ် နိုဝင်ဘာလပထမပတ်မှစတင်ပြီး ယနေ့ထိဒေသထွက်ငါးသလောက်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ လက်ရှိ အဆိုပါငါးသလောက်များ တစ်ရက်လျှင် ပိဿာချိန် ၃၅၀၀ မှ ၄၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ဝယ်ယူမှု ကောင်းလာလို့ အရောင်းအဝယ် ကောင်းနေတာပါ။ ငါးသလောက်ပိဿာချိန် ၄၀၀၀ ထိကို အရောင်းအဝယ်ဖြစ်နေတာပါ။ လက်ရှိအရောင်းအဝယ်ဖြစ်နေတဲ့ ငါးသလောက်ကလဲ လတ်ဆတ်မှုနဲ့ အရွယ်အစား၊ အလေးချိန်အပေါ် မူတည်ပြီး ဈေးအပြောင်းအလဲ ရှိပါတယ်။ လက်ရှိလဲ ငါးသလောက်တွေ အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေ တင်ပို့တဲ့ ငါးသလောက်တွေကို ဒေသဈေးကွက်က ဒေသတွင်းအပြင် အခြားဒေသတွေကိုပါ ပြန်လည်တင်ပို့ရောင်းချနေတယ်လို့သိရပါတယ်"ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် ငါးသလောက်အသေး တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ မှ ၂၅၀၀၀၊ အလတ်တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀ မှ ၃၅၅၀၀၊ အကြီး တစ်ပိဿာလျှင် ငွေကျပ် ၅၇၀၀၀ မှ ၇၈၀၀၀ ထိ အရွယ်အစားအပေါ်မူတည်ကာ ဈေးအပြောင်းအလဲရှိကြောင်း၊ အဆိုပါငါးသလောက်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# အခွင့်သင့်ခါ ပညာရှာ

\- အမှားအမှန် ခွဲခြားသိဖို့
တပည့်သားတို့ လေ့လာပါ
မြတ်သည့်ပညာ၊
တရားနည်းလမ်း ကျနစွာ
ဆုံးဖြတ်ပြမှာ ပညာအစွမ်း၊
အချိန်ကို တန်ဖိုးထားလို့
တပည့်တို့ရေ...
ကြိုးစားလိုက်စမ်း။

\- တစ်ရက်ကို တစ်ပါဒနှုန်းနဲ့
စာစီကုံးလို့ ဖတ်မှတ်ပါ
ကျိုးမြတ်ရမှာ၊
မိုးရေစက် ပုံပမာ
စုပြုံကာ ပြည့်လိမ့်မလွဲ၊
စာဖတ်ရှိန် စွမ်းရည်မြင့်က
တပည့်တို့ရေ...
ဂုဏ်တင့်ဆက်။

\- ဂိမ်းဆော့တာ ခဏရပ်လို့
ဘဝမြတ်ဖို့ အဖြေရှာမယ်
ရင်သွေးသက်လှယ်၊
စာဖတ်က အသိကြွယ်
အမြင်ကျယ်လို့ ပွဲလယ်တင့်၊
အတွေးအခေါ် မြင့်မားလို့
ထင်ရှားဂုဏ်ဝင့်။ ။

**စိုင်းနေဝန်း(ဟုမ္မလင်း)**

# စလင်းမြို့နယ် ကူတို(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေ တိုးပွားစေရန်၊ ကျေးလက်နှင့် မြို့ပြကွာဟမှုကို လျှော့ချနိုင်ရန်ရည်ရွယ်၍ မကျီးပင်ပုကျေးရွာအုပ်စု ကူတို(မ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကူတို(မ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၂သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်း စည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ ကူတို(မ)ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၄ ဒသမ ၂ သန်းထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းစိုး**

## နိုင်ငံတကာ သတင်းများ

# သမ္မတပူတင်၏ အိန္ဒိယနိုင်ငံခရီးစဉ်အတွက် ပြင်ဆင်နေကြောင်း ရုရှားအစိုးရထုတ်ဖော်ပြောကြား



မော်စကို နိုဝင်ဘာ ၁၁

ရုရှားသမ္မတပူတင်၏ အိန္ဒိယနိုင်ငံခရီးစဉ်အတွက် ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က နိုဝင်ဘာ ၁၀ ရက်တွင် ထုတ်ဖော်ပြောကြားထားကြောင်း RT သတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှားသမ္မတပူတင်သည် ယခုနှစ် ဒီဇင်ဘာလတွင် အိန္ဒိယနိုင်ငံသို့သွားရောက်ရန် စီစဉ်ထားကြောင်း ဒီမီထရီပက်စကော့ဗ်၏ အဆိုအရ သိရသည်။

လက်ရှိအချိန်တွင် မိမိတို့အနေဖြင့် သမ္မတပူတင်၏ အဆိုပါခရီးစဉ်အတွက် ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ဒီမီထရီပက်စကော့ဗ်က သတင်းထောက်များနှင့်တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းအပြင် သမ္မတပူတင်၏ အဆိုပါအိန္ဒိယခရီးစဉ်သည် အရေးကြီးသည့် ခရီးစဉ်ဖြစ်လာနိုင်ကြောင်းလည်း ဒီမီထရီပက်စကော့ဗ်က ပြောကြားထားသည်။

အဆိုပါခရီးစဉ်အတွင်း ရုရှားနှင့် အိန္ဒိယတို့အနေဖြင့် မည်သည့်သဘောတူညီချက်များ ရယူနိုင်မည်ကို ဒီမီထရီပက်စကော့ဗ်က ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

ရုရှားသမ္မတပူတင်သည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် အိန္ဒိယနိုင်ငံသို့ နောက်ဆုံးတစ်ကြိမ် သွားရောက်ခဲ့ဖူးကြောင်း သိရသည်။

Ref : RT
Trs : KKO

# စပိန်ဘုရင် ဖီလစ်ပီ-၆ ပထမဆုံးနိုင်ငံတော်အဆင့် တရုတ်နိုင်ငံခရီးစဉ် စတင်

မက်ဒရစ် နိုဝင်ဘာ ၁၁

စပိန်ဘုရင် ဖီလစ်ပီ-၆ သည် ၎င်း၏ပထမဆုံး နိုင်ငံတော်အဆင့် တရုတ်နိုင်ငံခရီးစဉ်ကို ယနေ့တွင် စတင်လိုက်ပြီဖြစ်ကြောင်း Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါခရီးစဉ်သည် စပိန်ဘုရင်တစ်ပါး၏ ၁၈ နှစ်တာကာလအတွင်း ပထမဆုံးတရုတ်နိုင်ငံခရီးစဉ်လည်းဖြစ်ကြောင်း စပိန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုဆက်ဆံရေးမြှင့်တင်ရန် စပိန်အစိုးရက အားစိုက်ကြိုးပမ်းနေချိန်တွင် စပိန်ဘုရင် ဖီလစ်ပီ-၆က လေးရက်ကြာ တရုတ်ခရီးစဉ်ကို စတင်ခဲ့ခြင်းဖြစ်သည်။

စပိန်ဘုရင် ဖီလစ်ပီ-၆ သည် ယနေ့တွင် ချန်ဒူးမြို့သို့ရောက်ရှိမည်ဖြစ်ပြီး နိုဝင်ဘာ ၁၂ ရက်တွင် ပေကျင်းမြို့၌ တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ဝန်ကြီးချုပ် လီချန်းတို့နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

စပိန်ဘုရင် ဖီလစ်ပီ-၆၏ တရုတ်နိုင်ငံခရီးစဉ်တွင် စပိန်နိုင်ငံခြားရေးဝန်ကြီး ဟိုဆေးမာရီယာ အယ်လ်ဘာရက်စ်၊ စီးပွားရေးဝန်ကြီး ကားလို့စ်ကူအာပိုနှင့် စပိန်စီးပွားရေး လုပ်ငန်းရှင်များ လိုက်ပါသွားသည်။

စပိန်နိုင်ငံသည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနက် တရုတ်နိုင်ငံနှင့်ဆက်ဆံရေးကို မြှင့်တင်ရေးအတွက် ကြိုးပမ်းရာတွင် အတက်ကြွဆုံး နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# အရေးကြီး အကျဉ်းသားဦးရေ ၃၀၀ ကို လုံခြုံရေးတင်းကျပ်သည့် အကျဉ်းထောင်သစ်သို့ အီကွေဒေါရွှေ့ပြောင်း

ကွီတို နိုဝင်ဘာ ၁၁

အီကွေဒေါနိုင်ငံသည် အရေးကြီးအကျဉ်းသားဦးရေ ၃၀၀တို့ကို အသစ် တည်ဆောက်ထားသည့် လုံခြုံရေးအဆင့်မြင့် အကျဉ်းထောင်သစ်တစ်ခုဆီသို့ ရွှေ့ပြောင်းထားကြောင်း RT သတင်းဌာနက နိုဝင်ဘာ ၁၀ ရက်တွင် ရေးသားဖော်ပြထားသည်။

လုံခြုံရေးအဆင့်မြင့် အကျဉ်းထောင်သစ်သို့ ရွှေ့ပြောင်းထားသည့်အရေးကြီးအကျဉ်းသားများထဲတွင် အီကွေဒေါဒုတိယသမ္မတဟောင်း ဂျော့ဂလပ်စ်လည်းပါဝင်ကြောင်း အီကွေဒေါအစိုးရက သတင်းထုတ်ပြန်ထားသည်။

အီကွေဒေါ အကျဉ်းထောင်များအတွင်း အခြေပြုလှုပ်ရှားနေသော ရာဇဝတ်ဂိုဏ်းများ အင်အားချည့်နဲ့သွားရေးအတွက် အရေးကြီးအကျဉ်းသားဦးရေ ၃၀၀ တို့ကို အင်ကူအန်ထရီအမည်ရှိ အကျဉ်းထောင်သစ်သို့ ရွှေ့ပြောင်းထားခြင်းဖြစ်သည်။

ဝန်တာအယ်လီနာပြည်နယ်၌ တည်ဆောက်ထားသော အင်ကူအန်ထရီ အကျဉ်းထောင်သည် အီကွေဒေါနိုင်ငံ၏ လုံခြုံရေးအတင်းကျပ်ဆုံး အကျဉ်းထောင်ဖြစ်သည်။

အဆိုပါ အကျဉ်းထောင်သစ်သည် အကျဉ်းသားဦးရေ ၇၀၀ ထိ လက်ခံထိန်းသိမ်းထားနိုင်သည်။

အီကွေဒေါနိုင်ငံ၏ အကျဉ်းထောင်စနစ်သည် အကျဉ်းသားများကို သတ်မှတ်အရေအတွက်ထက် ၃၀ ရာခိုင်နှုန်းကျော် ပိုမိုလက်ခံထားရကြောင်း သိရသည်။

Ref : RT
Trs : KKO

# ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့၌ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

အစ္စလာမ္မာဘတ် နိုဝင်ဘာ ၁၁

ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့ ခရိုင်တရားရုံးတစ်ရုံး ပြင်ပ၌ ယနေ့တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ရာ လူ ၁၂ ဦး သေဆုံးခဲ့ရကြောင်း ပါကစ္စတန် ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။

အသေခံဗုံးခွဲသမားသည် ခရိုင်တရားရုံးပြင်ပရဲတပ်ဖွဲ့မော်တော်ယာဉ်တစ်စီးအနီး ဖောက်ခွဲရေးပစ္စည်းများကို အသေခံဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန်ပြည်ထဲရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိအချိန်တွင် အဆိုပါ အသေခံ ဗုံးခွဲတိုက်ခိုက်မှုအတွက် တာဝန်ရှိကြောင်း မည်သည့်စစ်သွေးကြွအုပ်စုကမျှ ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

ယနေ့ အသေခံဗုံးခွဲတိုက်ခိုက်မှုအတွင်း အနည်းဆုံး လူ ၂၇ ဦးလည်း ဒဏ်ရာများရရှိခဲ့သည်။

အိမ်နီးချင်း အာဖဂန်နစ္စတန်ကို တာလီဘန်များ ပြန်လည်ထိန်းချုပ်နိုင်ခဲ့သော ၂၀၂၁ ခုနှစ်နောက်ပိုင်း ပါကစ္စတန်နိုင်ငံ၌ အကြမ်းဖက် တိုက်ခိုက်မှုဖြစ်ပွားနှုန်းမြင့်တက်လာခဲ့သည်။

အထူးသဖြင့် အာဖဂန်တာလီဘန်အဖွဲ့ အာဏာရပြီးနောက်ပိုင်းတွင် ပါကစ္စတန်အစိုးရကို တိုက်ခိုက်နေသော ပါကစ္စတန်တာလီဘန်အဖွဲ့မှာ ပို၍အတင့်ရဲလာခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဒေလီမြို့ ရက်ဒ်ဖို့ခံတပ်အနီး မော်တော်ယာဉ်တစ်စီးပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံး လူ ရှစ်ဦးသေဆုံး၍ ဦးရေ ၂၀ ဒဏ်ရာများရရှိ

ဒေလီ နိုဝင်ဘာ ၁၁

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ သမိုင်းဝင် ရက်ဒ်ဖို့ ခံတပ်အနီး နိုဝင်ဘာ ၁၀ ရက်က မော်တော်ယာဉ်တစ်စီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူရှစ်ဦးသေဆုံး၍ ဦးရေ ၂၀ ဒဏ်ရာများရရှိခဲ့သည်ဟု Xinhuaသတင်းဌာနက ဖော်ပြခဲ့သည်။



အဆိုပါပေါက်ကွဲမှုသည် လူဦးရေသန်း ၃၀ ကျော်ရှိပြီး လုံခြုံရေးတင်းကျပ်သည့် နယူးဒေလီမြို့အတွက် ရှားပါးသောပေါက်ကွဲမှုတစ်ခုဖြစ်သည်။

လက်ရှိအချိန်တွင် အဆိုပါ မော်တော်ယာဉ် ပေါက်ကွဲမှုကို တာဝန်ရှိသူများက ထောင့်ပေါင်းစုံမှတစ်ဆင့် စုံစမ်းစစ်ဆေးနေကြောင်း နယူးဒေလီရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် ပေါက်ကွဲခဲ့သည့် မော်တော်ယာဉ်၏ ယာဉ်ပိုင်ရှင်ကို ရဲတပ်ဖွဲ့က ဖမ်းဆီး ထိန်းသိမ်းထားကြောင်း အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

မော်တော်ယာဉ် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် မွမ်ဘိုင်းမြို့နှင့် ဥတ္တရပြဒေ့ရှ်ပြည်နယ်အတွင်းရှိ မီးရထားဘူတာရုံများ၌ အိန္ဒိယ တာဝန်ရှိသူများက လုံခြုံရေးအဆင့်မြှင့်တင်ထားသည်။

ဒေလီမြို့ မော်တော်ယာဉ် ပေါက်ကွဲမှုကို အကြမ်းဖက် ရာဇဝတ်မှုအဖြစ် သတ်မှတ်၍ အိန္ဒိယရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ ESCAPADE မစ်ရှင်ကို လွှတ်တင်ရေးအတွက် ဘလူးအော်ရီဂျင်ကုမ္ပဏီက ထပ်မံကြိုးပမ်းမည်



**ဝါရှင်တန် နိုဝင်ဘာ ၁၁**

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) ၏ ESCAPADE မစ်ရှင်ကို လွှတ်တင်ရေးအတွက် ထပ်မံကြိုးပမ်းမည်ဖြစ်ကြောင်း ဘလူးအော်ရီဂျင်ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် ESCAPADE မစ်ရှင်ကို နိုဝင်ဘာ ၉ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသော်လည်း ရာသီဥတုအခြေအနေကြောင့် အစီအစဉ်ဖျက်သိမ်းခဲ့ရသည်။

သို့ရာတွင် မိမိတို့အနေဖြင့် ESCAPADE မစ်ရှင်ကို လွှတ်တင်ရေးအတွက် နိုဝင်ဘာ ၁၂ ရက်တွင် ထပ်မံ ကြိုးပမ်းမည်ဖြစ်ကြောင်း ဘလူးအော်ရီဂျင်ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် ESCAPADE မစ်ရှင်ကို New Glenn ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်မည်ဖြစ်သည်။

ESCAPADE မစ်ရှင်သည် နာဆာ၏ အင်္ဂါဂြိုဟ်လေ့လာရေးမစ်ရှင်ဖြစ်ပြီး အာကာသယာဉ်သစ်နှစ်စင်းဖြင့် ဖွဲ့စည်းထားကာ အဆိုပါမစ်ရှင်သည် ဘလူးအော်ရီဂျင်ကုမ္ပဏီ၏ New Glenn ဒုံးပျံအတွက် ဒုတိယမြောက် မစ်ရှင်ဖြစ်သည်။

Ref : Sputnik News


Trs : KKO

## ကြာသပတေးဂြိုဟ်၏ အိုင်အိုဂြိုဟ်ရံလမျက်နှာပြင်က ယခင်ခန့်မှန်းထားသည်ထက် အပူဓာတ်ကို ပိုမိုထုတ်လွှတ်နိုင်စွမ်းရှိ

**ဝါရှင်တန် နိုဝင်ဘာ ၁၁**

ကြာသပတေးဂြိုဟ်၏ အိုင်အိုဂြိုဟ်ရံလမျက်နှာပြင်သည် ယခင်ခန့်မှန်းထားသည်ထက် အပူဓာတ်ကို ပိုမိုထုတ်လွှတ်နိုင်စွမ်းရှိကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

ဂျူနိုအာကာသယာဉ်မှ ရရှိထားသော သတင်းအချက်အလက်များအရ အိုင်အိုဂြိုဟ်ရံလမျက်နှာပြင်သည် အပူဓာတ်ကို ယခင်ခန့်မှန်းထားသည်ထက် အဆပေါင်းရာနှင့်ချီ ပို၍ထုတ်လွှတ်နိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။



ထို့ပြင် အိုင်အိုဂြိုဟ်ရံလက ထုတ်လွှတ်နေသော အပူဓာတ်ပမာဏ၏ ထက်ဝက်ခန့်အရင်းအမြစ်မှာ အိုင်အိုဂြိုဟ်ရံလပေါ်ရှိ မီးတောင် ၂၆၆ လုံးအနက် ၁၇ လုံးဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အဆိုပါ အိုင်အိုဂြိုဟ်ရံလမျက်နှာပြင်က ထုတ်လွှတ်ပေးနိုင်သည့် အပူဓာတ်မှာ သိပ္ပံပညာရှင်များ ယခင် ခန့်မှန်းထားသည်ထက် အဆပေါင်းရာနှင့်ချီ ပိုများကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

အမေရိကန်အမျိုးသား အာကာသအေဂျင်စီ(နာဆာ)၏ လက်ရှိအာကာသယာဉ်သည် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့တွင် အိုင်အိုဂြိုဟ်ရံလကို အနီးကပ်ဆုံးနှင့် အသေးစိတ်အကျဆုံးလေ့လာနိုင်ခဲ့သည်။

အပူဓာတ်ထုတ်လွှတ်နေသော အိုင်အိုဂြိုဟ်ရံလသည် နေအဖွဲ့အစည်းတွင် မီးတောင်လှုပ်ရှားမှု အပြင်းထန်ဆုံး ဂြိုဟ်ရံလဖြစ်သည်။

Ref : Sputnik News

Trs : KKO

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ရှီယန်-၃၂ နည်းပညာစမ်းသပ်ဂြိုဟ်တုသုံးစင်းကို အောင်မြင်စွာလွှတ်တင်ခဲ့

ပေကျင်း နိုဝင်ဘာ ၁၁

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ရှီယန်-၃၂ နည်းပညာ စမ်းသပ်ဂြိုဟ်တုသုံးစင်းကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း နိုဝင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

ရှီယန်-၃၂ အမျိုးအစားနည်းပညာစမ်းသပ်ဂြိုဟ်တုသုံးစင်းကို လောင်းမတ်ချ်-၁၁ ဒုံးပျံဖြင့် တရုတ်နိုင်ငံ ရှန်တုန်းပြည်နယ် ဟိုင်ယန်းမြို့ ကမ်းလွန်ရေပြင်မှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၁၁ ဒုံးပျံသည် ရှီယန်-၃၂ ဂြိုဟ်တုသုံးစင်းကို သတ်မှတ်လမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသ အေဂျင်စီက ထုတ်ပြန်ထားသည်။

ရှီယန်-၃၂ ဂြိုဟ်တုများကို အာကာသအခြေစိုက် နည်းပညာသစ်များစမ်းသပ်ရာတွင် အသုံးပြုမည်ဖြစ်ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ရှီယန်-၃၂ ဂြိုဟ်တုသုံးစင်းကို ပြုပြင်မွမ်းမံထားသည့် ကုန်တင် သင်္ဘောတစ်စင်းပေါ်မှ တစ်ဆင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုသုံးစင်းလွှတ်တင်ခြင်းမစ်ရှင်သည် လောင်းမတ်ချ်-၁၁ ဒုံးပျံ၏ ၆၀၆ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ရင်သားကင်ဆာလူနာများ လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ကုထုံးဒဏ်နှင့်ရောဂါဒဏ် ခံနိုင်ရည်ရှိလာ

**အမ်စတာဒမ် နိုဝင်ဘာ ၁၁**

လေ့ကျင့်ခန်းပြုလုပ်မှုသည် ရင်သားကင်ဆာလူနာ အမျိုးသမီးများအတွက် ကုထုံးဒဏ်နှင့်ရောဂါဒဏ်နှစ်မျိုးစလုံးကို ခံနိုင်ရည်ရှိလာနိုင်ရေးအတွက် အထောက်အကူပြုကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

နယ်သာလန်သုတေသနပညာရှင်များသည် အဆင့်-၄ ရင်သားကင်ဆာလူနာအမျိုးသမီး ၃၅၇ ဦးတို့ကို ကိုးလကြာလေ့ကျင့်ခန်းအစီအစဉ်ဖြင့် လက်တွေ့စမ်းသပ်လေ့လာမှုများ ပြုလုပ်ခဲ့ကြသည်။

လေ့လာမှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ လေ့ကျင့်ခန်းပြုလုပ်သည့် ရင်သားကင်ဆာလူနာအမျိုးသမီးများ၌ လေ့ကျင့်ခန်းကာလ ပထမသုံးလအတွင်း ကြွက်သားထု နှစ်ပေါင်နီးပါးထိ တိုးလာသည်ကို တွေ့ရကြောင်း၊ ကြွက်သားထု တိုးလာသည့်အခါ လူနာများ၌ ရင်သားကင်ဆာကုထုံးဒဏ်နှင့် ရောဂါဒဏ်နှစ်မျိုးစလုံးကို ပို၍ခံနိုင်ရည်ရှိလာကြောင်း သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

အထက်ပါလေ့လာတွေ့ရှိချက်များအရ ကိုယ်ခန္ဓာကြွက်သားထု အားကောင်းလာမှုသည် ရင်သားကင်ဆာလူနာများ၏ ကျန်းမာရေးနှင့် ဆက်စပ်မှုရှိနေကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## နေ့စဉ်စားသည့် အစားအစာများ၌ ကယ်လိုရီ ၂၅၀ ခန့်လျှော့ချခြင်းဖြင့် ဆီးချို၊ နှလုံးရောဂါဖြစ်နိုင်ခြေ လျှော့ချနိုင်ဖွယ်ရှိ

**နယူးယောက် နိုဝင်ဘာ ၁၁**

နေ့စဉ်စားသုံးသည့် အစားအစာများ၌ ကယ်လိုရီ ၂၅၀ ခန့် လျှော့ချခြင်းဖြင့် ဆီးချို၊ နှလုံးရောဂါများဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ရပ်ရှ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ကိုယ်ခန္ဓာဒြပ်ထုအညွှန်းကိန်းအနည်းဆုံး ၂၅ ရှိသူ အသက် ၆၅ နှစ်နှင့်အထက် လူနာ ၅၀၀ ကျော်တို့ဖြင့် လက်တွေ့လေ့လာစမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လေ့လာချက်မှ ထွက်လာသည့်ရလဒ်များအရ နေ့စဉ်စားသုံးသည့် အစားအစာများ၌ ကယ်လိုရီ ၂၅၀ ခန့် လျှော့ချထားခြင်းဖြင့် ကိုယ်အလေးချိန်ကို လျှော့ချနိုင်ပြီး သွေးအတွင်း ကိုလက်စထရောနှင့် ထရိုင်ဂလီဆာရိုက်အဆီဓာတ်များပါဝင်မှုအဆင့်ကို ထိန်းထားနိုင်ကြောင်း၊ ၎င်းအဆီဓာတ်များ ပါဝင်နှုန်းမြင့်မားမှုသည် နှလုံးသွေးကြော ရောဂါများနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

၎င်းပြင် အထက်ပါအဆီဓာတ်နှစ်မျိုးစလုံး သွေးအတွင်းပါဝင်မှုမြင့်မားခြင်းသည် ဆီးချိုရောဂါ၊ နှလုံးရုတ်တရက်ဖောက်မှု၊ လေဖြတ်မှုတို့နှင့်လည်း ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO






# ရီးရဲလ်အသင်း ဂိုးသမားကော့တွိုက် ခြေထောက်ကြွက်သားဒဏ်ရာကြောင့် ဘယ်လ်ဂျီယံကစားသမားစာရင်းမှ နုတ်ထွက်

**မက်ဒရစ် နိုဝင်ဘာ ၁၁**

ရီးရဲလ်မက်ဒရစ်အသင်းဂိုးသမား ကော့တွိုက်သည် ဗယ်လ်ကာနိ အသင်းနှင့်ကစားခဲ့သည့် ပွဲစဉ်တွင် ရရှိခဲ့သည့် ခြေထောက်ကြွက်သား ဒဏ်ရာကြောင့် အနားယူရမည်ဖြစ် သည့်အတွက် ယခုလအတွင်း နိုင်ငံတကာပွဲစဉ်များ ကစားမည့် ဘယ်လ်ဂျီယံအသင်း ကစားသမား စာရင်းမှ နုတ်ထွက်ခဲ့သည်ဟု AP News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂိုးသမားကော့တွိုက်သည်ဗယ်လ်ကာနိအသင်းနှင့် ကစားခဲ့သည့် ပွဲစဉ်တွင် ရရှိခဲ့သည့် ခြေထောက်ကြွက်သားဒဏ်ရာမှာ ပြင်းထန်မှုမရှိသော်လည်း အသေးစိတ်စစ်ဆေးမှုများ လုပ်ဆောင်ရမည်ဖြစ်သည့် အတွက် ဘယ်လ်ဂျီယံအသင်း ကစားသမားစာရင်းမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လာမည့် ရက်သတ္တပတ်အတွင်း လက်ရွေးစင်အသင်းများအနေဖြင့် နိုင်ငံတကာပွဲစဉ်များ ကစားရမည် ဖြစ်သည့်အတွက် ကလပ်အသင်းများအနေဖြင့် ပွဲစဉ်များကို ခေတ္တ ရပ်ဆိုင်းသွားမည် ဖြစ်သောကြောင့် ကော့တွိုက်ကလည်း ကြံ့ခိုင်မှု မြန်မြန်ပြည့်ဝရန်အတွက် နိုင်ငံတကာပွဲစဉ်များ ကာလတွင် ဒဏ်ရာကိုစောင့်ကြည့်ပြီးအနားယူ မည်ဖြစ်သောကြောင့် ဘယ်လ်ဂျီယံ အသင်း ကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ဘယ်လ်ဂျီယံ အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ အဆင့်တွင် အုပ်စုပွဲစဉ် ခြောက်ပွဲ ကစားပြီးချိန်၌ လေးပွဲနိုင်၊ နှစ်ပွဲ သရေရမှတ် ၁၄ မှတ်ဖြင့် အုပ်စု ပထမနေရာတွင် ရပ်တည်နေပြီး အုပ်စုလက်ကျန် ပွဲစဉ်များ အဖြစ် နိုဝင်ဘာ ၁၅ ရက်တွင် ကာဇက်စတန်အသင်း၊ နိုဝင်ဘာ ၁၈ ရက်တွင် လက်ချင်စတိန်း အသင်းတို့နှင့် ကစားသွားရမည် ဖြစ်သည်။

ကော့တွိုက်အနေဖြင့် ဘယ်လ်ဂျီယံအသင်း ကစားသမားစာရင်းမှ နုတ်ထွက်ခဲ့သော်လည်း နိုင်ငံတကာ ပွဲစဉ်များအပြီး နိုဝင်ဘာ ၂၄ ရက်တွင် ကစားမည့် ရီးရဲလ်မက်ဒရစ် အသင်းနှင့် အယ်ချီအသင်းတို့ ပွဲစဉ်တွင် ပြန်လည်ပါဝင်လာနိုင် ဖွယ်ရှိနေကြောင်း သိရသည်။

**Ref : AP News**
**Trs : STA**



## အားကစားသတင်းအတိုအထွာများ

- ❑ ချဲလ်ဆီးအမျိုးသမီးအသင်း ဂိုးသမားဟမ်တန် ဒဏ်ရာပြဿနာကြောင့် စိန့်ပေါ်တန်အမျိုးသမီးအသင်းနှင့် ကစားရမည့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်။
- ❑ နည်းပြအာတီတာလက်အောက်တွင် ပွဲကစားခွင့်လျော့နည်းလာသည့် ခံစစ်ကစားသမားဘန်ဝှိုက်ကို မန်စီးတီးအသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။
- ❑ ဝုဖ်ဘတ်အသင်းနှင့် အော့စ်ဘတ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသည့် တိုက်စစ်မှူးဖူးခရက်ကို ဝက်စ်ဟမ်းအသင်းက ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ML**

# WBO စူပါဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ဇာယက်စ်က ဘာရိုနှင့် ယှဉ်ပြိုင်ထိုးသတ်သွားမည်

**ဆန်ဂျူအန် နိုဝင်ဘာ ၁၁**

WBO စူပါဝယ်သာ ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ပွာတိုရီကိုလက်ဝှေ့ သမားဇာယက်စ်သည် လက်ရှိ ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် စိန်ခေါ်သူ ဂျာမနီလက်ဝှေ့သမား ဘာရိုနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ပွာတိုရီကိုနိုင်ငံ၌ ယှဉ်ပြိုင် ထိုးသတ်သွားမည် ဖြစ်ကြောင်း Fight Mag သတင်းဌာနက ယနေ့ တွင် ထုတ်ပြန်ခဲ့သည်။




ဇာယက်စ်သည် WBO စူပါဝယ် သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ပထမ ဆုံးကာကွယ်ပွဲစဉ်အဖြစ် မက္ကဆီကို လက်ဝှေ့သမား ဂျော့ဂါစီယာနှင့် အမေရိကန်နိုင်ငံ နယူးယောက်မြို့ ၌ ထိုးသတ်ခဲ့ပြီး ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ကြောင်း သိရသည်။

ဇာယက်စ်သည် ဒုတိယမြောက် လက်ရှိ ချန်ပီယံကာကွယ်ပွဲစဉ် အဖြစ် ထိုးသတ်သွားမည်ဖြစ်ပြီး ဇာယက်စ်ကပင် အနိုင်ရရှိရန် ရေပန်းစားနေကြောင်း သိရသည်။

အသက် ၂၃ နှစ်အရွယ် ဇာယက်စ် နှင့် အသက် ၃၁ နှစ်အရွယ် ဘာရို တို့ကြား အတွေ့အကြုံကွာဟချက် ရှိသော်လည်း လက်ရှိချန်ပီယံသည် လျှင်မြန်မှုလည်းရှိပြီး ငယ်ရွယ်မှု ပိုင်း အသာသာချက်ရှိသောကြောင့် ဇာယက်စ်ကပင် အနိုင်ရရန် ရေပန်းစားနေခြင်းဖြစ်သည်။

ဇာယက်စ်က "လာမည့် ဇန်နဝါရီ ၃၁ ရက်မှာ ကျွန်တော့်ရဲ့ အိပ်မက်ကို အကောင်အထည် ဖော်သွားမယ်။ ကိုယ့်ထက် အတွေ့အကြုံရှိတဲ့ ပြိုင်ဘက်တစ်ယောက်ကို ယှဉ်ပြိုင် ထိုးသတ်သွားရမှာဖြစ်တဲ့ အတွက် အခက်အခဲတွေတော့ရှိနိုင် ပါတယ်။ ကျွန်တော့်ရဲ့ အိပ်မက်က ပြိုင်ဘက်ကင်းချန်ပီယံ ဖြစ်ဖို့ အတွက်ပါပဲ။ ဒါကြောင့် ဒီစိန်ခေါ် ပွဲမှာ အကောင်းဆုံး ယှဉ်ပြိုင်ထိုး သတ်နိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့သည်။

ဘာရိုက "ဇာယက်စ်ဟာ ပါရမီ ရှိတဲ့ ချန်ပီယံတစ်ယောက်ပါ။ ပထမဆုံး ပြောချင်တာကတော့ ကျွန်တော့်ရဲ့စိန်ခေါ်မှုကို လက်ခံ ပေးခဲ့တဲ့ဇာယက်စ်ကို ကျေးဇူးတင် ပါတယ်။ သူ့နိုင်ငံမှာ ထိုးသတ်သွား ရမှာဖြစ်တဲ့အတွက် တစ်နိုင်ငံလုံး က သူ့နောက်မှာရှိနေတယ်။ သူ့ အနေနဲ့လဲသူ့နိုင်ငံက သူ့ပရိသတ် တွေရှေ့မှာ အနိုင်ရအောင် အကောင်း ဆုံးကြိုးစားလိမ့်မယ်။ ကျွန်တော့် ဘက်ကလဲ ကမ္ဘာ့ချန်ပီယံဖြစ်ဖို့ အတွက် အကောင်းဆုံး ကြိုးစား သွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Fight Mag**
**Trs : AZL**

# ကမ္ဘာ့ဖလားခြေစစ်ပွဲကစားမည့် အင်္ဂလန်အသင်းကစားသမားစာရင်းမှ ကစားသမားသုံးဦး နုတ်ထွက်

**လန်ဒန် နိုဝင်ဘာ ၁၁**

ယခုလအတွင်း ကမ္ဘာ့ဖလား ခြေစစ်ပွဲ(ဥရောပဇုန်) အုပ်စုပွဲစဉ်များကစားမည့် အင်္ဂလန်အသင်း ကစားသမားစာရင်းမှကစားသမား သုံးဦး နုတ်ထွက်ခဲ့ကြောင်း Sky Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန်အသင်းနည်းပြ တူချယ် က ပြီးခဲ့သည့်ရက်ပိုင်းက ယခုလ အတွင်းကစားမည့် ကမ္ဘာ့ဖလား ခြေစစ်ပွဲအုပ်စု ပွဲစဉ်များအတွက် အသင်း ကစားသမားစာရင်းကို ထုတ်ပြန်ခဲ့ပြီးနောက် အဓိက ကစား သမားသုံးဦးအနေဖြင့် အသင်း ကစားသမားစာရင်းမှ ပြန်လည် နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စု ပွဲစဉ်များကစားမည့် အင်္ဂလန် အသင်း ကစားသမားများအနက်မှ ပဲလေ့စ်အသင်း ကစားသမား မာ့ခ်ဂူဟီ၊ နယူးကာဆယ်အသင်း ဂိုးသမားနစ်ပုတ်နှင့် ကွင်းလယ် ကစားသမား ဂေါ်ဒွန်တို့အနေဖြင့် နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ပဲလေ့စ်အသင်းမှ မာ့ခ်ဂူဟီသည် ပြီးခဲ့သည့် ကွန်ဖရန့်လိဂ်ပြိုင်ပွဲတွင် ခြေထောက်ဒဏ်ရာရရှိခဲ့ပြီး ကြံ့ခိုင်မှုမပြည့်ဝသေးဘဲ အနားယူနေခဲ့ရ သည့်အတွက် အသင်းကစားသမား စာရင်းမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

အလားတူ ဂေါ်ဒွန်သည်လည်း ပေါင်ကြွက်သား ဒဏ်ရာကြောင့် အနားယူနေခဲ့ရသည့်အတွက် ပြီးခဲ့ သည့် ဘရန့်ဖို့ဒ်အသင်းနှင့်ပွဲစဉ်ကို လွဲချော်ခဲ့ရပြီး ဂိုးသမားနစ်ပုတ် သည်လည်း ဘရန့်ဖို့ဒ်အသင်းနှင့် ပွဲစဉ်တွင် ဦးခေါင်းဒဏ်ရာရရှိခဲ့ ပြီး အနားယူနေခဲ့ရသည့်အတွက် အင်္ဂလန်အသင်း ကစားသမား စာရင်းမှ အသီးသီးနုတ်ထွက်ခဲ့ကြ ခြင်းဖြစ်သည်။

အင်္ဂလန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ (ဥရောပဇုန်) တွင် အုပ်စုပွဲစဉ်ကစားရန် နှစ်ပွဲ အလိုတွင်ပင် ခြေစစ်ပွဲအောင်မြင်ခဲ့ ပြီး အုပ်စုလက်ကျန်ပွဲစဉ်များအဖြစ် ဆားဘီးယားအသင်း၊ အယ်လ်ဘေး နီးယားအသင်းတို့နှင့် ကစားရမည် ဖြစ်ကြောင်း သိရသည်။

**Ref : Sky Sports**
**Trs : STA**

# ဆန်းဒါးလန်းအသင်းက ဘာစီလိုနာအသင်းမှ လူငယ်ကစားသမား ဖာမင်လိုပက်ဇ်ကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၈၀ ဖြင့် ခေါ်ယူရန်ကြိုးပမ်း

**လန်ဒန် နိုဝင်ဘာ ၁၁**

ယခုနှစ်မှ ပရီးမီးယားလိဂ်ပြိုင်ပွဲ သို့ တန်းတက်လာသည့် ဆန်းဒါး လန်းအသင်းက ဘာစီလိုနာအသင်း မှ လူငယ်ကစားသမား ဖာမင်လို ပက်ဇ်ကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၈၀ ဖြင့် ခေါ်ယူရန်ကြိုးပမ်းလျက်ရှိ ကြောင်းGoal.com သတင်းဝက်ဘ် ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဆန်းဒါးလန်း အသင်းသည် ယခုနှစ်မှ ပရီးမီးယားလိဂ်သို့ တန်းတက်လာသော်လည်း အမှတ် ပေးပြိုင်ပွဲတွင် ရှုံးပွဲနှစ်ပွဲသာ ရှိခဲ့ ပြီးနောက် ဥရောပပြိုင်ပွဲကစားခွင့် ရရှိရန်မျှော်လင့်ထားခဲ့ကာ ဘာစီ လိုနာအသင်းမှ တိုက်စစ်ကစား သမားဖာမင်လိုပက်ဇ်ကို ခေါ်ယူရန် ကြိုးပမ်းလာခဲ့သည်။



လူငယ် တိုက်စစ်ကစားသမား ဖာမင်လိုပက်ဇ်သည် မကြာသေးမီ က ပရီးမီးယားလိဂ်သို့ ပြန်လည် ပြောင်းရွှေ့မည့် ဆန္ဒရှိနေကာ ယခုနှစ်အတွင်း ကစားခဲ့သည့် ပြိုင်ပွဲစုံတွင်လည်း အသင်းအတွက် ဂိုးပါဝင်ပတ်သက်မှု ၁၀ ကြိမ်ထိ ပြုလုပ် ခြေစွမ်းပြသနိုင်ခဲ့သော ကြောင့် ဆန်းဒါးလန်းအသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၈၀ ထိ အသုံးပြု၍ ဇန်နဝါရီအပြောင်း အရွှေ့ကာလတွင် ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

နည်းပြရီဂစ်တာဝန်ယူနေသည့် ဆန်းဒါးလန်းအသင်းသည် ပရီးမီး ယားလိဂ် အဖွင့်ပွဲစဉ်တွင် ဝက်စ် ဟမ်းအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ဘန်လေအသင်းနှင့် မန်ယူအသင်းတို့ကိုသာ နှစ်ဂိုး ဂိုး မရှိဖြင့်ရှုံးနိမ့်ခဲ့သော်လည်း ချဲလ်ဆီး အသင်း၊ အာဆင်နယ်အသင်းတို့ အပါအဝင် ကျန်အသင်းများကို ရှုံးနိမ့် ခဲ့ခြင်းမရှိသောကြောင့် အမှတ်ပေး ဇယားအဆင့်(၄)ထိ ရောက်ရှိခဲ့ပြီး ဥရောပပြိုင်ပွဲ ကစားခွင့်ရရှိရန် အခြေအနေ ကောင်းနေကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

# 2025 MYM Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁၁

အထက်မြန်မာပြည်ကိုယ်စားပြု မန်းစီးတီး ဂေါက်သီးရိုက်အသင်းနှင့် အောက်မြန်မာပြည်ကိုယ်စားပြု ရင်လုံဂေါက်သီးရိုက် အသင်းတို့၏ အဋ္ဌမအကြိမ်မြောက် MYM Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ ပြုလုပ်ရာ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ နှစ်ဖက်အသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

အဆိုပါဖွင့်ပွဲတွင် အထက်မြန်မာပြည်ကိုယ်စားပြု မန်းစီးတီးဂေါက်သီးရိုက်အသင်းနှင့် အောက်မြန်မာပြည်ကိုယ်စားပြု ရင်လုံဂေါက်သီးရိုက်အသင်းတို့မှ ဥက္ကဋ္ဌများက အသင်းအလံများကို လဲလှယ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေး၊ မန်းစီးတီးဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဦးရွှေမြင့်၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ရင်လုံဂေါက်သီးရိုက်အသင်း ဥက္ကဋ္ဌ ဦးလှမြင့်ရွှေ၊ မန်းစီးတီးဂေါက်သီးရိုက်အသင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးမြင့်စိုး၊ ရင်လုံဂေါက်သီးရိုက်အသင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးရန်အောင်၊ မြန်မာနိုင်ငံဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် မန်းစီးတီးဂေါက်သီးရိုက်အသင်းဒုတိယဥက္ကဋ္ဌ ဦးတင်ကိုကို၊ ရင်လုံ ဂေါက်သီးရိုက်အသင်း ကြီးကြပ်ရေးမှူး ဦးစိုင်းစောမြင့်တို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲပထမနေ့ကို စတင်ယှဉ်ပြိုင်ခဲ့သည်။

ယနေ့ပြိုင်ပွဲ ပထမနေ့တွင် Four-Ball Match Play (နှစ်ယောက်တွဲကျင်းပြတ်)ပြိုင်ပွဲ ကျင်းပပြီး နိုဝင်ဘာ ၁၂ ရက်တွင် ကျင်းပမည့် ဒုတိယနေ့တွင် Individual Match Play (တစ်ဦးချင်း ကျင်းပြတ်ပြိုင်ပွဲ) ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

MYM Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို မျိုးဆက်သစ်ထူးချွန်ဂေါက်သီးရိုက် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ စီးပွားရေး၊ လူမှုရေးကျန်းမာရေး နယ်ပယ်အသီးသီး၌ အချင်းချင်း အပြန်အလှန် ချစ်ကြည်ရင်းနှီးစွာ ဆက်သွယ်ကူညီနိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

STA

# ဘာစီလိုနာအသင်း၏ သွင်းဂိုးအများဆုံး ကစားသမားစာရင်း အဆင့်(၁၃) နေရာသို့ လီဝမ်ဒေါဝစကီး ရောက်ရှိ

ဘာစီလိုနာ နိုဝင်ဘာ ၁၁

ဘာစီလိုနာအသင်းဝါရင့်တိုက်စစ်ကစားသမား လီဝမ်ဒေါဝစကီးသည် ဘာစီလိုနာအသင်းနှင့် ဆဲလ်တာဗီဂိုအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သုံးဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် အသင်း၏သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် အဆင့်(၁၃) နေရာသို့ ရောက်ရှိလာခဲ့ကြောင်း Football Today သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လီဝမ်ဒေါဝစကီးသည် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာကြောင့် တစ်လကျော်ကြာ အနားယူခဲ့ရပြီး ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့ပြီးနောက် ဆဲလ်တာဗီဂိုအသင်းနှင့်ပွဲစဉ်တွင် ပြန်လည်ပါဝင်ခဲ့ပြီး အသင်းအတွက် သွင်းဂိုး သုံးဂိုးထိ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

လီဝမ်ဒေါဝစကီးသည် ဆဲလ်တာဗီဂိုအသင်းနှင့်ပွဲစဉ်၌ ပွဲချိန် ၁၀ မိနစ်၊ ပွဲချိန် ၃၇ မိနစ်နှင့် ပွဲချိန် ၇၃ မိနစ်တွင် အသင်းအတွက် သွင်းဂိုး သုံးဂိုးထိ သွင်းယူနိုင်ခဲ့ပြီးနောက် ကစားသမားဟောင်း နေမာ၏ သွင်းဂိုး အရေအတွက်ကိုပါ ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

လီဝမ်ဒေါဝစကီးသည် ဆဲလ်တာဗီဂိုအသင်းနှင့် ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး သုံးဂိုးထိသွင်းယူနိုင်ခဲ့ပြီးနောက် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၅၉ ပွဲကစားပြီးချိန်တွင် သွင်းဂိုး ၁၀၈ ဂိုးထိရှိလာခဲ့ပြီးနောက် သွင်းဂိုးအများဆုံး ကစားသမားစာရင်း၌ အဆင့်(၁၃)နေရာသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်း၏ သွင်းဂိုးအများဆုံး ကစားသမားစာရင်း၌ မက်ဆီက ၆၇၂ ဂိုးဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေပြီး ထိပ်ဆုံး ၁၀ ဦးစာရင်းတွင် မက်ဆီ၏နောက်၌ ဆီဆာရိုဒရီဂွက်ဇ်က ၂၃၆ ဂိုး၊ လူးဝစ်ဆွာရက်ဇ်က ၁၉၅ ဂိုး၊ ကူဘာလာက ၁၈၃ ဂိုး၊ အီတိုးက သွင်းဂိုး ၁၃၀၊ ရီဗယ်ဒိုကလည်း သွင်းဂိုး ၁၃၀၊ မာရီနိုမာတင်က ၁၂၈ ဂိုးပက်ထရစ်ကလွိုက်ဗာ့က ၁၂၂ ဂိုး၊ ကားလက်ရီချက်ကလည်း ၁၂၂ဂိုး၊ ဂျိုးဆက်အက်ကိုလာက သွင်းဂိုး ၁၂၀ ဖြင့် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

Ref : Football Today
Trs : STA

# ATP Finals တင်းနစ်ပြိုင်ပွဲ အုပ်စုအဆင့် ပထမပွဲစဉ်တွင် ဂျန်နစ်ခ်ဆင်နာ အနိုင်ရရှိ

တူရင် နိုဝင်ဘာ ၁၁

အီတလီနိုင်ငံ တူရင်မြို့တွင် ကျင်းပနေသည့် ATP Finals တင်းနစ်ပြိုင်ပွဲ အုပ်စုအဆင့် ပထမပွဲစဉ်အဖြစ် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာသည် ကနေဒါ တင်းနစ်ကစားသမား ဖီလစ်အူကာနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ခ်ဆင်နာက(၇-၅၊ ၆-၁)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း Tennis World သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၂) တင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာသည် ပထမပွဲငယ်တွင် အကြိတ်အနယ်ကစားခဲ့ရပြီး tie-break အဆင့်တွင် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရခဲ့ပြီး နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ATP Finals တင်းနစ်ပြိုင်ပွဲသည် ဂျန်နစ်ခ်ဆင်နာအတွက် အရေးပါသည့် ပြိုင်ပွဲတစ်ပွဲဖြစ်ပြီး လက်ရှိ ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် အယ်ကာရက်ဇ်နှင့် ဂျန်နစ်ခ်ဆင်နာတို့ကြား ချန်ပီယံဆုကို ဆွတ်ခူးနိုင်မည့် ကစားသမားက ကမ္ဘာ့အဆင့်(၁)နေရာကို ရရှိမည်ဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာက “ပထမပွဲငယ်မှာ တော်တော်လေးကို ခက်ခဲခဲ့ပါတယ်။ tie-break အဆင့်ထိကစားခဲ့ရပြီးတော့ နှစ်ယောက်စလုံး အနိုင်ရနိုင်တဲ့ အခြေအနေမျိုးပါ။ ကံကောင်းစွာနဲ့ ကျွန်တော်အနိုင်ရခဲ့ပါတယ်။ ဒုတိယပွဲငယ်မှာတော့ ကျွန်တော့်အနေနဲ့ အမှားနည်းခဲ့ပြီးတော့ ရလဒ်ကောင်းနဲ့ အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့ပါတယ်”ဟု ပြောကြားခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် အုပ်စုတွင်း ဒုတိယပွဲစဉ်အဖြစ် အမေရိကန် တင်းနစ်ကစားသမား ရှယ်လ်တန်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Tennis World
Trs : AZL

# အယ်လ်ဆက်အသင်းက နည်းပြသစ်အဖြစ် မန်စီနီကိုခန့်အပ်ရန် သဘောတူညီမှုရရှိ

ဒိုဟာ နိုဝင်ဘာ ၁၁

ကာတာထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်သည့် အယ်လ်ဆက်အသင်းက အီတလီထိပ်တန်းနည်းပြမန်စီနီကို နည်းပြသစ်အဖြစ် ကာလရှည်စာချုပ်ဖြင့် ခန့်အပ်ရန်အတွက် သဘောတူညီမှုရရှိခဲ့သည်ဟု Football Italia သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။



အယ်လ်ဆက်အသင်းက စပိန်လူမျိုး နည်းပြဆာဂီယိုအယ်လီဂရီနှင့် လမ်းခွဲခဲ့ပြီး ထိပ်တန်းနည်းပြတစ်ဦး ခန့်အပ်ရန်ကြိုးပမ်းခဲ့ပြီး နည်းပြသစ်အဖြစ် မန်စီနီကို ခန့်အပ်ရန်အတွက် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

မန်စီနီသည် ကလပ်အသင်းနည်းပြအဖြစ် ဥရောပထိပ်တန်းကလပ်အသင်းများ ဖြစ်သည့် ဖီအိုရင်တီးနားအသင်း၊ အင်တာမီလန်အသင်း၊ မန်စီးတီးအသင်း၊ ဂါလာတာစာရေး အသင်းတို့ကို တာဝန်ယူ ကိုင်တွယ်ခဲ့ဖူးသူဖြစ်ပြီး လက်ရွေးစင်အသင်းနည်းပြအဖြစ်လည်း အီတလီအသင်း၊ ဆော်ဒီအာရေဗျအသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့ဖူးပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလက ဆော်ဒီအာရေဗျအသင်း နည်းပြရာထူးမှ နုတ်ထွက်ခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ ဖြစ်နေခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဘောလုံးရာသီက ကာတာစတားလိဂ် ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် အယ်လ်ဆက်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ပိုင်း မတည်မငြိမ်ဖြစ်နေပြီး ကာတာစတားလိဂ်ပြိုင်ပွဲတွင် ကိုးပွဲကစားပြီးချိန်၌ လေးပွဲသာ အနိုင်ရရှိခဲ့ပြီး နှစ်ပွဲသရေရလဒ်နှင့် သုံးပွဲရှုံးနိမ့်ခဲ့ကာ ရမှတ် ၁၄ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၆)နေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

အယ်လ်ဆက်အသင်းက ယခုနှစ်ဘောလုံးရာသီတွင်လည်း ကာတာစတားလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ကာကွယ်နိုင်ရန်အတွက် ဥရောပထိပ်တန်း နည်းပြမန်စီနီကို ခန့်အပ်ရန်ကြိုးပမ်းခဲ့ပြီး သဘောတူညီမှုရရှိကာ ကာလရှည်စာချုပ် ချုပ်ဆိုပြီး ခန့်အပ်မည်ဖြစ်သော်လည်း စာချုပ်ကာလကို မထုတ်ပြန်သေးကြောင်း သိရသည်။

Ref : Football Italia
Trs : STA

# အတ္တလန်တာအသင်းက နည်းပြဂျူရစ်ကို ရာထူးမှထုတ်ပယ်

ရောမ နိုဝင်ဘာ ၁၁

အတ္တလန်တာ အသင်းသည် စီးရီးအေပြိုင်ပွဲတွင် ဆက်ဆူအိုလိုအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် နည်းပြ ဂျူရစ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၀ ရက်တွင် ဖော်ပြခဲ့သည်။

နည်းပြဂျူရစ်သည် ပြီးခဲ့သည့် ဇွန်လက နည်းပြဂက်စ်ပါရီနီ၏နေရာတွင်တာဝန်ယူခဲ့သော်လည်း အသင်းကို အမှတ်ပေးပြိုင်ပွဲ ၁၁ ပွဲ တာဝန်ယူ ကိုင်တွယ်ခဲ့ရာတွင် နှစ်ပွဲသာ နိုင်ပွဲရခဲ့ပြီး အမှတ်ပေးဇယား အဆင့်(၁၃)တွင်သာ ရပ်တည်နိုင်ခဲ့သောကြောင့် ပြီးခဲ့သည့် တနင်္လာနေ့က ရာထူးမှ ထုတ်ပယ်ခံရခြင်းဖြစ်သည်။

နည်းပြဂျူရစ်သည် ၂၀၂၅ ခုနှစ်အတွင်း ရိုမားအသင်း၊ ဆောက်သမ်တန်အသင်းတို့အပြင် အတ္တလန်တာအသင်းအပါအဝင် တစ်နှစ်အတွင်း သုံးကြိမ်ထိ ရာထူးမှ ထုတ်ပယ်ခံခဲ့ရသူဖြစ်ပြီး လက်ရှိတွင် အတ္တလန်တာအသင်း တာဝန်ရှိသူများက နည်းပြဂျူရစ်နှင့် အဖွဲ့ဝင်များကို ရာထူးမှထုတ်ပယ်၍ ဖီအိုရင်တီးနားအသင်း နည်းပြ ပါလာဒီနိုကို ခန့်အပ်သွားရန် ပြင်ဆင်လျက်ရှိသည်။

အတ္တလန်တာအသင်းအနေဖြင့် နည်းပြ ဂက်စ်ပါရီနီလက်ထက်တွင် ချန်ပီယံလိဂ် ပြိုင်ပွဲဝင်ခွင့်ဆက်တိုက်ရရှိခဲ့သည့်အပြင် ယူရိုပါလိဂ် ချန်ပီယံဆုဖလားရယူ၍ အသင်းကိုအောင်မြင်မှုရယူပေးနိုင်ခဲ့သော်လည်း အသင်းတာဝန်ရှိသူများက ဂက်စ်ပါရီနီ၏ အပြောင်းအရွှေ့ မူဝါဒနှင့်ပတ်သက်၍ နှစ်သက်မှုမရှိခဲ့သဖြင့် နည်းပြဂက်စ်ပါရီနီနှင့်လမ်းခွဲခဲ့ပြီး အသင်း၏ရလဒ်ပိုင်းမှာလည်း သိသာစွာ ကျဆင်းသွားကြောင်း သိရသည်။

Ref : Fotmob
Trs : ML

# နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့

**ကိုဘုန်း(ထုတ်လုပ်)**

မျက်မှောက်ခေတ် ကမ္ဘာ့စီးပွားရေးတွင် နိုင်ငံတစ်နိုင်ငံ၏ တိုးတက်ခိုင်မာမှုသည် အဆိုပါနိုင်ငံ၏ ကုန်ထုတ်နိုင်စွမ်းအပေါ် များစွာမူတည်နေသည်။ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် နိုင်ငံဖြစ်သောကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းများ အောင်မြင်စေရန်၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်စေရန်နှင့် နိုင်ငံတကာတွင် ဂုဏ်သိက္ခာရှိသော နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်အတွက် ကုန်ထုတ်လုပ်မှုကဏ္ဍကိုအားပေးရန် လိုအပ်ပေသည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် ကုန်ထုတ်လုပ်မှုကဏ္ဍအပေါ်တွင် များစွာမူတည်နေသည်။ ကုန်ထုတ်လုပ်မှုသည် စီးပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ပြည်သူလူထု၏ လူနေမှုဘဝများ မြှင့်တင်ပေးခြင်းနှင့် နိုင်ငံတော်၏ စီးပွားရေးရပ်တည်ချက်ကို ခိုင်မာစေခြင်းစသည့် အကျိုးကျေးဇူးများစွာကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည် ကုန်ထုတ်လုပ်မှု စွမ်းရည်မြှင့်တင်ရန် အလွန်အရေးကြီးပေသည်။

ကုန်ထုတ်လုပ်မှုဆိုရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှုလုပ်ငန်းများ၊ သတ္တုတူးဖော်ရေး၊ ဆောက်လုပ်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများ အားလုံးပါဝင်သည်။ ဤကဏ္ဍများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေပြီး စီးပွားရေးတစ်ခုလုံးကို အသက်ဝင်လှုပ်ရှားစေသည်။ ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးလာသည်နှင့်အမျှ လုပ်ငန်းအသစ်များ ပေါ်ပေါက်လာပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အလုပ်လက်မဲ့ပြဿနာကို လျှော့ချပေးနိုင်ပြီး လူငယ်များ၏အနာဂတ်ကို တည်ဆောက်ရာတွင် အထောက်အကူပြုစေမည်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ မြှင့်တင်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးမြှင့်တင်မှုနှင့် စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်သည်။ ဒေသအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင် ဆောင်ရွက်နိုင်လျှင် ဒေသတွင်း စားသုံးမှုဖူလုံစေရုံသာမက ပြည်ပပို့ကုန်တိုးတက်လာမည်ဖြစ်ပေသည်။ ထိုသို့ ပြည်ပပို့ကုန်များ တိုးတက်လာသည်နှင့်အမျှ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာပြီး နိုင်ငံတော်၏စီးပွားရေးကို ပိုမိုခိုင်မာစေသည်။ ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူနေမှုအဆင့်အတန်းများလည်း မြင့်မားလာမည်ဖြစ်ပေသည်။

စိုက်ပျိုးရေးတွင် ပန်းတိုင်အထွက်နှုန်းများ တိုးတက်စေရေး မျိုး၊ မြေ၊ ရေ၊ နည်း ဟူသည့် မျိုးကောင်း မျိုးသန့်များစိုက်ပျိုးရန်၊ စိုက်ပျိုးမြေများ ကောင်းမွန်စေရေး လိုအပ်သည့်မြေဩဇာများ ထည့်သွင်းခြင်းနှင့် မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊ စိုက်ပျိုးရေကို အကျိုးရှိစွာဖြင့် အသုံးချရန်နှင့် နည်းစနစ်တကျ စိုက်ပျိုးရန်လိုအပ်ပေသည်။ သီးနှံအထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေးအတွက် နိုင်ငံတော်အနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးသူတောင်သူများအနေဖြင့်လည်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

> **❖ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ မြှင့်တင်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးမြှင့်တင်မှုနှင့် စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်သည်။ ဒေသအလိုက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို တစ်နိုင်တစ်ပိုင်ဆောင်ရွက်နိုင်လျှင် ဒေသတွင်း စားသုံးမှုဖူလုံစေရုံသာမက ပြည်ပပို့ကုန်တိုးတက်လာမည်ဖြစ်ပေသည်။ ထိုသို့ ပြည်ပပို့ကုန်များ တိုးတက်လာသည်နှင့်အမျှ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာပြီး နိုင်ငံတော်၏စီးပွားရေးကို ပိုမိုခိုင်မာစေသည်။ ❖**

သာမန်အားဖြင့် စိုက်ပျိုးရေးကဏ္ဍတွင်ကောက်ပဲသီးနှံများသာမက စက်မှုသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးခြင်းဖြင့် စက်မှုလုပ်ငန်းများ တိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်သည်။ နိုင်ငံ၏အဓိကကျောရိုးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံ၍ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများလည်း တိုးတက်လာမည်ဖြစ်သည်။ ထို့ပြင် ဒေသတွင်းရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး MSME ထုတ်ကုန်များကို ပြည်တွင်းဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။

"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုကိုအားပေးစို့"ဟူသော ဆောင်ပုဒ်သည် နိုင်ငံ့စီးပွားရေးခွန်အားကို တည်ဆောက်ရာတွင် အဓိကသော့ချက်ဖြစ်သည့် ပြည်တွင်းထုတ်လုပ်မှု တိုးတက်ရေးကို ဖော်ညွှန်းနေသည်။ မြန်မာနိုင်ငံတွင် ကုန်ထုတ်လုပ်မှုကဏ္ဍများစွာရှိသည့်အနက် ထင်ရှားသည့်ကဏ္ဍမှာ ဆန်စပါး ကဏ္ဍဖြစ်သည်။

မြန်မာနိုင်ငံတွင် တောတောင်ရေမြေ ရာသီဥတု အနေအထားသည် ကောင်းမွန်ပြီး စိုက်ပျိုးရေးမြေ ပေါကြွယ်ဝသည့်အလျောက် စိုက်ပျိုးရေးကဏ္ဍဖြစ်သည့် ဆန်စပါးကို အဓိကစီးပွားရေးကဏ္ဍအဖြစ် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ဆန်စပါးသည် မြန်မာနိုင်ငံ၏ အဓိကစားနပ်ရိက္ခာဖြစ်သည်။

စပါးသီးနှံကို ရှေးယခင်က မိုးရာသီတွင်သာ စိုက်ပျိုးကြပြီး မိုးရေကိုအားထားပြီး မေလမှစက်တင်ဘာလထိ စိုက်ပျိုးသည့်စပါးကို မိုးစပါးဟူ၍လည်းကောင်း၊ ဆည်ရေ သို့မဟုတ် မြစ်ရေ၊ ကန်ရေ မြေအောက်ရေစသည့် သွင်းရေတစ်မျိုးမျိုးဖြင့် စိုက်ပျိုးရသည့် စပါးကို နွေစပါးဟူ၍လည်းကောင်း ခွဲခြားသတ်မှတ်ကြသည်။ ၁၉၉၂-၁၉၉၃ ခုနှစ်မှစ၍ နွေစပါးကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာရာ ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မိုးစပါးစိုက်ဧရိယာဧက ၁၅ သန်းကျော်နှင့် နွေစပါးစိုက်ဧရိယာဧက ၂ ဒသမ ၇ သန်းကျော် စုစုပေါင်း ဧက ၁၇ သန်းကျော် စိုက်ပျိုးထုတ်လုပ်လျက်ရှိကာ မြန်မာနိုင်ငံတွင် ပျမ်းမျှအားဖြင့် နှစ်စဉ် ဆန်တန်ချိန် ၁၃ သန်းမှ ၁၄ သန်းခန့်ထုတ်လုပ်မှုရှိပြီး ၁၀ သန်းခန့်မှာ ပြည်တွင်းစားသုံးမှုအတွက်ဖြစ်သည်။ ထို့ပြင် ပြည်ပသို့ နှစ်စဉ်ဆန်တန်ချိန် နှစ်သန်းခန့် တင်ပို့လျက်ရှိပြီး ဆန်စပါးလုပ်ငန်းတစ်ခုလုံးနှင့် ဆက်စပ်ပြီး လူဦးရေ ၁၀ သန်းခန့်ကို အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးထားကြောင်း သိရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဖြစ်သည်။

"မိမိတို့နိုင်ငံကထုတ်လုပ်သည့် ဆန်နှင့်ပဲများသည် ဈေးကွက်ရရှိပြီးဖြစ်သဖြင့် ယခုထက် အရည်အသွေးပိုမိုကောင်းမွန်သည့် ဆန်နှင့်ပဲများ တင်ပို့နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့သို့ နိုင်ငံတော်၏ လမ်းညွှန်ချက်အတိုင်း အရည်အသွေးနှင့် အထွက်နှုန်းပိုမိုကောင်းမွန်သည့် ဆန်စပါးတိုးချဲ့စိုက်ပျိုးပြီး အရည်အသွေးမြင့် မြန်မာ့ဆန်များ ပြည်ပသို့ပိုမိုတင်ပို့နိုင်ရေး၊ ကမ္ဘာ့ဆန်တင်ပို့သည့် ထိပ်တန်းနိုင်ငံနေရာသို့ပြန်လည်ရောက်ရှိရေးနှင့် နိုင်ငံခြားဝင်ငွေရရှိရေးတို့အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူများနှင့် အစိုးရဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

အချုပ်အားဖြင့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်မှုကို စတင်ရန်မှာ နိုင်ငံတော်အစိုးရ၏ မူဝါဒချမှတ်မှုအပေါ်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးလယ်သမားများနှင့် လူငယ်လုပ်ကိုင်သူများအားလုံးက ပူးပေါင်းပါဝင်ရန် လိုအပ်သည်။ ပြည်တွင်းထုတ်ကုန်များကို ထုတ်လုပ်ရောင်းချခြင်း၊ ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်ရန်ရည်မှန်းပြီး ကြိုးပမ်းခြင်း စသည်တို့တွင် နိုင်ငံသားတိုင်းက ၎င်းတို့၏ကျရာအခန်းကဏ္ဍမှနေ၍ တက်ကြွစွာပါဝင်ဆောင်ရွက်ပြီး စီးပွားရေးအခြေခံခိုင်မာသော၊ စားရေရိက္ခာဖူလုံသော၊ ပြည်သူများ သာယာဝပြောသော နိုင်ငံတော်သစ်တစ်ခုကို တည်ဆောက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဟူသောဆောင်ပုဒ်နှင့်အညီ ကုန်ထုတ်လုပ်မှုကဏ္ဍကို အားပေးမြှင့်တင်လိုက်ပါက စီးပွားရေးဖွံ့ဖြိုးပြီး ပြည်သူများ သာယာဝပြောသော ခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံတော်ကြီးအဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ။**
- **စိုက်ပျိုးရေးဦးစီးဌာန နှင့် စားသုံးသူရေးရာဦးစီးဌာန ဝက်ဘ်ဆိုက်။**

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၈၁၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မုံရွာ နိုဝင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၈၁၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် နေကြာဧက ၈၃၆၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၁၃၃၅ ဧက၊ ကနီမြို့နယ်တွင် ၁၃၄၃ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၅၂၀၊ ပုလဲမြို့နယ်တွင် ဧက ၂၅၀၂၀ စုစုပေါင်း ၂၈၁၁၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ယင်းမာပင်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ နေကြာဧက ၈၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များတယ်"ဟု စစ်ကိုင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။



နေကြာကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် နေကြာကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# သစ္စာဖြင့်သာစီရင်စေ ဇာတ်လမ်းတွဲ Press Show ပြုလုပ်




**ရန်ကုန် နိုဝင်ဘာ ၁၁**

Mahar Application က ထုတ်လွှင့်ပြသနေသည့် သစ္စာဖြင့်သာ စီရင်စေ ဇာတ်လမ်းတွဲ Press Show ကို နိုဝင်ဘာ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ဆီဒိုနားဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း ဒါရိုက်တာ မင်းဦးက ပြောပြ၍ သိရသည်။

သစ္စာဖြင့်သာစီရင်စေ ဇာတ်လမ်းတွဲ၏ဝတ္ထုဇာတ်လမ်းကို သျှင်မက ရေးသားထားပြီး ကကြိုးသျှင်က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ မင်းဦး က တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီကားလေးက ရိုက်ကူးချိန်အခက်အခဲ ထွေထွေထူးထူးမရှိပါဘူး။ အမှတ်တရတစ်ခုကတော့ ကျွန်တော်တို့ တစ်နေကုန် ရိုက်ထားတဲ့အခန်း၊ အက်တာတွေ တစ်ဖွဲ့လုံးကြိုးစားပြီး ရိုက်ထားတဲ့ ကတ်ပြားပျောက်သွားတယ်။ တော်တော်လဲ အသည်းကွဲသွားတယ်။ နောက်ဆုံးမရတဲ့အဆုံး ပြန်ရိုက်ရတယ်။ သရုပ်ဆောင်တွေက ဘယ်လိုပင်ပန်းထားတယ်ဆိုတာကို ကျွန်တော်ကိုယ်တိုင်လဲ သရုပ်ဆောင်ဆိုတော့ နားလည်တယ်။ ဒီဇာတ်လမ်းတွဲက မိသားစုဇာတ်လေးပါ။ လောင်တာတွေပဲမဟုတ်ဘဲ လူတွေရဲ့သစ္စာတရားက ဘယ်လောက်အရေးကြီးတယ်ဆိုတာ ပြသထားပါတယ်"ဟု ဒါရိုက်တာ မင်းဦးက ပြောပြသည်။

အဆိုပါဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အေးချမ်းမောင်၊ ညီနန္ဒ၊ ကျော်ကျော်၊ နေထွဋ်၊ ကျော်ဇင်ထွဋ်၊ လင်းဇာနည်ဇော်၊ ဆုပန်ထွာ၊ ဖူးစုံ၊ မယ်လိုဒီ၊ ရွှေသမီး၊ ချြူးလေး၊ မိုးပွင့်ဖြူ၊ ယွန်းဝင့်လွှာအောင်၊ ကလေးသရုပ်ဆောင် ဖွဲ့ဝေယံထက်၊ ရှင်ပြုံးခင်၊ နန်းကုဋေ့စံဦး၊ မိကြယ်စင်ကျော်ကျော်၊ ဟိန်းသီရိစံ၊ အထူးဧည့်သည်သရုပ်ဆောင် မြင့်မြင့်ခိုင်နှင့် အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Hot Mother ထိတ်လန့်သည်းဖိုဇာတ်ကား၌ တိုနီကော်လက်၊ မီလီအယ်ကော့တို့ပါဝင်မည်

**နယူးယောက် နိုဝင်ဘာ ၁၁**

Hot Mother အမည်ရှိ ထိတ်လန့်သည်းဖိုရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး တိုနီကော်လက်၊ မီလီအယ်ကော့တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

Hot Mother ဇာတ်ကားတွင် ကျေးလက်ဒေသ ရေပူစမ်းစခန်းတစ်ခုသို့ ရောက်ရှိလာသည့် သားအမိနှစ်ဦး ရင်ဆိုင်ရမည့်အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ လူစီနေ့ဇ်က ပွဲဦးထွက်လက်ရာအဖြစ် တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ လူစီနေ့ဇ်ကပင် တာဝန်ယူရေးသားပေးထားသည်။

Hot Mother ဇာတ်ကားကို ၂၀၂၆ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ၌ စတင်ရိုက်ကူးရန်ထုတ်လုပ်သူများက စီစဉ်ထားသည်။

လက်ရှိတွင် Hot Mother ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# တေးသံရှင် ဖြိုးပြည့်စုံ၊ ဂျူဝယ်လ်တို့၏ တေးဂီတဖျော်ဖြေပွဲကို တောင်ဥက္ကလာပမြို့နယ်ရှိ Bar Industry Entertainment ၌ ပြုလုပ်မည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

တေးသံရှင် ဖြိုးပြည့်စုံ၊ ဂျူဝယ်လ်တို့၏ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Bar Industry Entertainment ၌ နိုဝင်ဘာ ၁၆ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဖြိုးပြည့်စုံက ပြောပြ၍ သိရသည်။

တေးသံရှင် ဖြိုးပြည့်စုံ၊ ဂျူဝယ်လ်တို့၏ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို နာမည်ကျော် Daily Gita Music Band တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ နိုဝင်ဘာ ၁၆ ရက်ညမှာ Bar Industry Entertainment မှာ တေးသံရှင် ဂျူဝယ်လ်နဲ့ အတူရှိနေပါမယ်။ Daily Gita Music Band တေးဂီတအဖွဲ့ရဲ့ပံ့ပိုးမှုနဲ့အတူ သံစဉ်ချိုချိုအကောင်းဆုံး သီချင်းလေးတွေကို အတူတူလိုက်ညည်းကြမဲ့ ပရိသတ်တွေကို မျှော်နေပါမယ်"ဟု တေးသံရှင် ဖြိုးပြည့်စုံက ပြောပြသည်။




တေးသံရှင် ဖြိုးပြည့်စုံ၊ ဂျူဝယ်လ်တို့၏ တေးဂီတဖျော်ဖြေပွဲတွင် DJFox၊ Bar Industry Entertainment မှ ပင်တိုင်တေးသံရှင်များနှင့် 4Drive Band တေးဂီတအဖွဲ့တို့ကလည်း အားဖြည့်ကူညီပံ့ပိုးဖျော်ဖြေပေးမည်ဖြစ်ကြောင်း သိရသည်။

ASH

# Road House-2 ဇာတ်ကား၌ ပီတာဆားဂ့်၊ ရော့ဒီလာနီတို့ ပါဝင်လာ

**နယူးယောက် နိုဝင်ဘာ ၁၁**

Amazon MGM စတူဒီယို၏ Road House-2 ဇာတ်ကားတွင် မင်းသား ပီတာဆားဂ့်၊ ရော့ဒီလာနီတို့ ပါဝင်လာကြောင်း နိုဝင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် Road House-2 ဇာတ်ကား၌ အထက်ပါသရုပ်ဆောင်နှစ်ဦး ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာများကို မသိရသေးကြောင်း သိရသည်။

Road House-2 ဇာတ်ကားတွင် ပီတာဆားဂ့်၊ ရော့ဒီလာနီတို့သည် မင်းသား ဂျိတ်ဂျီလန်ဟေး အပါအဝင် အက်ရှင်သရုပ်ဆောင်အများအပြားနှင့် ပူးတွဲသရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိတွင် Road House-2 ဇာတ်ကား၏ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Amazon MGMက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် ကမ္ဘာတစ်ဝန်းကြည့်ရှုသူပေါင်း သန်း ၈၀ ကျော်ခဲ့သည့် Road House(2024)၏နောက်ဆက်တွဲဇာတ်ကားဖြစ်ကြောင်း သိရသည်။

Road House-2 ဇာတ်ကားကို ဒါရိုက်တာ အီလျာနေရှူးလာက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO





# လရောင်ဖြာတဲ့အင်းလေးမှာ ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်

**ရန်ကုန် နိုဝင်ဘာ ၁၁**

လရောင်ဖြာတဲ့ အင်းလေးမှာ ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာ ၁၆ ရက် ည ၇ နာရီ မိနစ် ၃၀ တွင် ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်က ပြောပြ၍ သိရသည်။



လရောင်ဖြာတဲ့ အင်းလေးမှာ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မင်းခိုက်စိုးစံနှင့် ထက်မြတ်နိုင်ဇင်တို့က ရေးသားထားပြီး ညွှန့်မြန်မာညီညီအောင်က ဝါဝါဝင်းရွှေရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပုံဖော်ရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

"လရောင်ဖြာတဲ့ အင်းလေးမှာဇာတ်ကားကတော့ ၂၀၁၈ ခုနှစ်တုန်းက ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအနေနဲ့ ထုတ်လွှင့်ပေးသွားမှာဖြစ်ပါတယ်။ ဒီရုပ်ရှင်ဇာတ်ကားက အင်းလေးရဲ့သဘာဝအလှတရားတွေ၊ အင်းလေးဒေသရဲ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာတွေနဲ့ ဇာတ်လမ်းကောင်းလေးတစ်ပုဒ်ကို ပေါင်းစပ်ပြီး ရိုက်ကူးထားတာဖြစ်ပါတယ်။ ရုံတင်စဉ်ကလဲ ပရိသတ်တွေအားပေးခဲ့ကြတဲ့ ဇာတ်ကားဖြစ်တဲ့အတွက် မကြာမီ ရုပ်သံဖန်သားပြင်ပေါ်ကနေ ပြသတဲ့အခါ ကြည့်ရှုအားပေးပါအုံးလို့ ပြောချင်ပါတယ်"ဟု ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်က ပြောပြသည်။

လရောင်ဖြာတဲ့ အင်းလေးမှာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေတိုး၊ ဝါဇင်၊ ဟိန်းမင်း၊ လူမုန်း၊ ပြည့်စုံမင်း၊ ဝတ်မှုံရွှေရည်၊ မေသန္တာဦး၊ စုမြတ်နိုးဦး၊ ဒေါ်အိအိစိုးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Farmers harvest more than 13,000 acres of green gram in Myinmu Township


A green gram plantation in Myinmu Township.

**Myinmu November 11**

According to the statistics of Sagaing District Agriculture Department, local farmers have harvested 13,333 acres of green gram in Myinmu Township of Sagaing Region.

During this year's monsoon crop season, a total of 18,800 acres of green gram were cultivated in Myinmu Township, and the harvesting of these green gram fields began in August. As of today, 13,333 acres have been harvested, with an average yield of 13.85 baskets per acre.

Daw Myat Moe Win, Head of the Sagaing District Agriculture Department, stated, "During this year's monsoon crop season, a total of 18,800 acres of green gram were cultivated in Myinmu Township. Harvesting is currently underway, and so far 13,333 acres have been harvested. We have been providing awareness to farmers about expanding cultivation areas and using quality and pure seeds to increase yield."

In Myinmu Township this year, the Township Agriculture Department has provided awareness and technical assistance to green gram farmers on using quality and locally suitable seed varieties, ensuring seed purity, applying correct cultivation practices, preventing pest infestations, proper fertilizer use, and increasing yield efficiency.

During this year's monsoon crop season, for all types of pulses cultivated, the department has been collaborating with farmers to promote the use of quality and pure seeds, input management, and post-harvest technologies to improve both yield and quality of pulse crops. 206

# Shwebo District grows more than 1,000 acres of lima bean during this winter

**Shwebo November 11**

Shwebo District Agriculture Department stated that local farmers have planted more than 1,000 acres of lima bean in Shwebo District of Sagaing Region this winter.

During the 2025–2026 winter crop season, a total of 4,460 acres of lima bean are planned for cultivation in Shwebo District. Cultivation began in October this year, and as of today, 1,764 acres have already been cultivated including 387 acres in KhinU Township, 950 acres in Wetlet Township, and 427 acres in Kyaukmyaung Sub-Township.

Daw Zar Zar Min, Deputy Director of the Shwebo District Agriculture Department, revealed: "During this year's winter crop season, we have planned to cultivate about 4,000 acres of lima bean in Shwebo District. So far, over 1,000 acres have already been cultivated, and efforts are being made to reach the planned acreage. Farmers mainly grow lima beans in the winter season, and cultivation has been successful. Since lima beans fetch a good market price, farmers are enthusiastic about growing them."

According to reports, township-wise cultivation plans for the 2025–2026 winter season in Shwebo District are as follows: 544 acres in Shwebo Township, 641 acres in KhinU Township, 2,260 acres in Wetlet Township, and 1,015 acres in Kyaukmyaung Sub-Township, totaling 4,460 acres.

During this year's monsoon crop season, local farmers in Shwebo District cultivated lima beans both as standalone crops and as intercrops to earn additional income.

Furthermore, the respective Township Agriculture Departments are supporting pulse farmers by providing technical assistance for improving crop yield, using quality and pure seed varieties, and applying necessary farming technologies. They are also conducting educational programs on prevention of crop pests and diseases, preparation and use of natural pesticides, and timely harvesting techniques to ensure better productivity and quality.

206

# Wetlet Township finishes cultivation of more than 60,800 acres of winter sesame

**Wetlet November 11**

Cultivation of more than 60,800 acres of winter sesame were planted in Wetlet Township of Sagaing Region this year, according to the Township Agriculture Department.

During the 2025-2026 winter crop season, a total of 61,866 acres of winter sesame have been planned for cultivation in Wetlet Township. Cultivation began in October this year, and as of today, 60,800 acres have already been cultivated.

Daw Khin San, Head of the Wetlet Township Agriculture Department, said, "During the winter crop season in Wetlet Township, we planned to cultivate more than 61,000 acres of winter sesame. So far, over 60,000 acres have been cultivated, and efforts are being made to complete the remaining acreage as planned. Sesame cultivation has been improving year by year. Farmers mainly focus on growing sesame in the winter rather than the monsoon season. As an oil crop, sesame cultivation is progressing successfully."

The Township Agriculture Department has been providing awareness and technical assistance to sesame farmers on expanding cultivation areas, improving cultivation techniques, adopting GAP (Good Agricultural Practices), using quality and pure seed varieties, and selecting high-yield strains to improve productivity.

The crops planted in GAP system have better quality than other crops, and can fetch higher prices than other crops. The GAP crops have high demand in the markets at home and abroad. Hence, the farmers who apply GAP system can improve socioeconomic life of their families.

206

# 3 school buildings inaugurated in S. Afghanistan

**Kabul November 11**

Afghan authorities inaugurated the construction of three new school buildings in Qalat city, the provincial capital of southern Afghanistan's Zabul province, the state-run Bakhtar news agency reported on Tuesday.

According to the report, the projects, which cost over 1 million U.S. dollars, were designed in a modern style and equipped with all necessary educational facilities.

The initiative aims to improve access to education and provide a better learning environment for local students who previously lacked adequate school infrastructure, the report added.

Education in Afghanistan has faced numerous challenges over the past decades due to prolonged conflict, limited infrastructure, and economic difficulties. In many rural and southern provinces, including Zabul, a lack of proper school buildings has forced students to study in open spaces or temporary structures.

Xinhua

# Official confirms 8 deaths in Delhi blast

**New Delhi November 11**

Eight people among those who were brought to a hospital after a blast in Delhi died on Monday evening, the hospital's medical superintendent confirmed.

A total of seven injured people were still in the hospital, and three of them were in critical condition.

The blast occurred inside a car near the historic monument Red Fort. According to police, a slow-moving vehicle stopped at the red light on the road, and then a blast took place. The explosion triggered a fire in nearby vehicles, damaging nearly two dozens.

Immediately after the blast, firefighters, police teams and forensic experts reached the spot to investigate the blast.

India's premier terror probe agency, National Investigation Agency (NIA), and the National Security Guard (NSG) joined the investigation.

"Following the deadly explosion outside Delhi's Red Fort metro station on Monday evening, a high alert across the national capital has been sounded. India's commercial capital, Mumbai, too, has been placed on heightened vigilance following the blast in Delhi," the India Today TV channel said.

"The blast in Delhi has prompted authorities in several cities and states, including Kolkata, Dehradun, Haryana, and Uttar Pradesh, to declare an alert and intensify security measures."

Another TV channel NDTV put the death toll at 13.

Indian Prime Minister Narendra Modi condoled the deaths. Home Minister Amit Shah visited the hospital where the injured were admitted.

Xinhua


Indian policemen, firefighters and media journalists gather at the site of a car blast near the Red Fort in New Delhi, India, Nov. 10, 2025.

# All sown acreage of sesame reaped in Yinmabin District


Newly harvested sesame in a field.

**Yinmabin November 11**

All plantations of monsoon sesame has been harvested in Yinmabin District of Sagaing Region, according to the region Agriculture Department.

During this year's monsoon crop season, a total of 188,439 acres of sesame were cultivated in Yinmabin District, and the harvesting of these sesame fields began in August. As of today, the harvest has been 100 per cent completed, with an average yield of over 10 baskets per acre.

Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Agriculture Department, said, "During this year's monsoon season, only 188,439 acres of sesame were cultivated in Yinmabin District. At present, the entire cultivated area has been fully harvested. In the coming seasons, we plan to expand the sesame cultivation area, increase yields, and promote the adoption of GAP (Good Agricultural Practices) methods among farmers."

According to reports on the township-wise harvest completion in Yinmabin District, Yinmabin Township cultivated 50,648 acres, Kani Township cultivated 39,151 acres, Salingyi Township cultivated 18,580 acres, and Pale Township cultivated 80,060 acres, bringing the total to 188,439 acres of sesame successfully harvested.

This year, the respective Township Agriculture Departments have provided awareness and training to sesame farmers on expanding cultivation areas, improving cultivation methods, using GAP techniques, growing quality and pure seed varieties, andselecting high-yielding strains to enhance production.

Crops grown under GAP standards are known to have better quality than those produced under conventional practices. They also fetch higher prices and are marketable not only domestically but also internationally. Therefore, farmers who practise GAP-based cultivation can achieve greater economic benefits, leading to improvements in their socio-economic livelihoods. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Croplands placed under lablab bean in Myinmu Township

**Myinmu November 11**

Statistics of Sagaing District Agriculture Department stated that local farmers planted over 2,000 acres of lablab bean in Myinmu Township of Sagaing Region this year.

During the 2025–2026 winter crop season, it is planned to cultivate 4,885 acres of lablab bean in Myinmu Township. Cultivation began in October this year, and as of today, 2,202 acres have already been cultivated, according to reports.

Daw Myat Moe Win, Head of the Sagaing District Department of Agriculture, said, "For this year's winter crop season, we planned to grow over 4,000 acres of lablab bean in Myinmu Township. So far, more than 2,000 acres have been cultivated, and efforts are underway to meet the full target. To improve both yield and quality, we are cooperating with farmers to provide quality and pure seed varieties, necessary inputs, and post-harvest techniques."

The Myinmu Township Department of Agriculture is conducting awareness and training programs for lablab bean farmers on expanding cultivation areas, increasing yield, adopting GAP (Good Agricultural Practices) methods, and using high-yielding, quality, and pure seed varieties.

Crops cultivated under the GAP system are known to have better quality and fetch higher prices than those grown using conventional methods. Because of their superior quality, GAP-grown crops can be marketed not only domestically but also for export. As a result, farmers practicing GAP-based cultivation are expected to gain greater economic benefits and improve their socio-economic well-being. 206

# Farmers plant more than 1,000 acres of green gram in Sagaing Township

**Sagaing November 11**

More than 1,000 acres of green gram has been planted in Sagaing Township of Sagaing Region this year, according to the township Agriculture Department.

During the 2025–2026 winter crop season, it is planned to cultivate 2,528 acres of green gram in Sagaing Township. Cultivation began in October this year, and as of today, 1,167 acres have already been cultivated, according to reports.

U Myo Thant Aung, Head of the Sagaing Township Department of Agriculture, said, "For this year's winter crop season, we planned to grow over 2,000 acres of green gram in Sagaing Township. So far, over 1,000 acres have already been cultivated, and we are working to meet the full target. Green gram cultivation has been improving year by year. We are also providing awareness programs for farmers on expanding cultivation and using quality and pure seed varieties to achieve higher yields."

The Sagaing Township Department of Agriculture is conducting awareness and training programs for green gram farmers on the use of quality and region-appropriate seed varieties, proper cultivation methods, pest control, systematic fertilizer application, and yield improvement.

Furthermore, during this year's monsoon crop season, the department collaborated with farmers to provide quality and pure seed varieties, necessary inputs, and post-harvest techniques for pulse crop cultivation to ensure better yields and quality. 206

# More than 9,000 acres of groundnut cultivated in Taze Township

**Taze November 11**

Statistics of YeU District Agriculture Department mentioned that local farmers grew more than 9,000 acres of groundnut as cold season crops in Taze Township of Sagaing Region this year.

During the 2025–2026 winter crop season, a total of 33,531 acres of groundnut are planned for cultivation in Taze Township. Cultivation began in October this year, and as of today, 9,079 acres have already been cultivated.

U Zaw Myint Tun, Head of the YeU District Agriculture Department, disclosed: "During this year's winter crop season, we planned to cultivate more than 33,000 acres of groundnut in Taze Township. So far, over 9,000 acres have been cultivated, and efforts are being made to reach the target acreage. Groundnut cultivation is progressing successfully and has been improving year by year. As an oil crop, groundnut production is currently in a favorable condition."

For groundnut cultivation in Taze Township, one and a half baskets of seeds are used per acre, and the total production cost per acre exceeds K200,000, including expenses for seeds, labour charge, fertilizers, and pesticides. The average yield is about 50 baskets per acre.

This year, officials from the Township Agriculture Department have been conducting field inspections to help ensure the success of groundnut cultivation, checking the fields to prevent pest and disease infestations, control weeds, and maintain field records for effective monitoring and management. 206


A thriving groundnut plantation.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယပြည်တွင်းကုမ္ပဏီက Tejas တိုက်လေယာဉ်များအတွက် အင်ဂျင်များဝယ်ယူရန် အမေရိကန်နိုင်ငံ GE ကုမ္ပဏီနှင့်လက်မှတ်ရေးထိုးခဲ့



အိန္ဒိယနိုင်ငံပိုင် လေကြောင်းအင်ဂျင်နီယာလုပ်ငန်း Hindustan Aeronautics Limited(HAL) ကုမ္ပဏီက ပြည်တွင်း၌ ဒီဇိုင်းထုတ်လုပ်သည့် Tejas တိုက်လေယာဉ်များအတွက် အင်ဂျင် ၁၀၀ ကျော်ဝယ်ယူရန် အမေရိကန်ကုမ္ပဏီ General Electric (GE) နှင့် သဘောတူညီလက်မှတ်ရေးထိုးခဲ့ကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခုသဘောတူညီချက်သည် အိန္ဒိယနိုင်ငံက ရုရှားရေနံဝယ်ယူမှုများအတွက် အမေရိကန်နှင့် အိန္ဒိယကြား ဆက်ဆံရေးတင်းမာနေချိန်တွင် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံပိုင် လေကြောင်းအင်ဂျင်နီယာလုပ်ငန်း(HAL)သည် သဘောတူညီချက်အရ အမေရိကန်နိုင်ငံGE Aerospace ကုမ္ပဏီသည် Mk1A ဟု ရည်ညွှန်းပြောဆိုလေ့ရှိသော Tejas တိုက်လေယာဉ်၏ အဆင့်မြှင့်တင်ထားသည့် မူကွဲအတွက် အင်ဂျင် ၁၁၃ လုံးကို ပံ့ပိုးပေးမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

အင်ဂျင်များပေးပို့မှုသည် ၂၀၂၇ ခုနှစ်မှ ၂၀၃၂ ခုနှစ်ထိဖြစ်နိုင်ပြီး အိန္ဒိယနိုင်ငံပိုင် လေကြောင်းအင်ဂျင်နီယာလုပ်ငန်း(HAL) က စာချုပ်တန်ဖိုးအသေးစိတ်ကို ဖော်ပြခြင်းမရှိဘဲ အဆိုပါလုပ်ငန်း၏ တရားဝင်ဆိုရှယ်မီဒီယာပေါ်တွင် ဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံပိုင် လေကြောင်း အင်ဂျင်နီယာလုပ်ငန်း(HAL) သည် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် အမေရိကန်နိုင်ငံရှိ M/s. General Electric Company နှင့် F404-GE-IN20 အင်ဂျင် ၁၁၃ လုံးနှင့် 97 LCA Mk1A အစီအစဉ်ကို အကောင်အထည်ဖော်ရန်အတွက် အထောက်အကူပြု Package တစ်ခုပံ့ပိုးရေး သဘောတူညီချက် ရေးထိုးခဲ့ကြောင်း သိရသည်။

ဤကြေညာချက်သည် အိန္ဒိယက Hindustan Aeronautics Limited (HAL) သို့ Mk1A အပေါ်စားတိုက်ခိုက်ရေးလေယာဉ်၉၇ စင်းအတွက် အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံတန် မှာယူမှုကို ပြုလုပ်ပြီးနောက် တစ်လကျော်အကြာတွင် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် အကြီးမားဆုံး လက်နက်တင်သွင်းသူများထဲမှ တစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံသည် ၎င်း၏တပ်ဖွဲ့များကို ခေတ်မီအောင်လုပ်ဆောင်ခြင်းကို အဓိက ဦးစားပေးအဖြစ်သတ်မှတ်ထားပြီး ပြည်တွင်းထုတ်လုပ်မှုကို မြှင့်တင်ရန် တွန်းအားပေးကြိုးပမ်းလျက်ရှိသည်။

အိန္ဒိယနိုင်ငံသည် အထူးသဖြင့် အိမ်နီးချင်းပါကစ္စတန်အပါအဝင် နိုင်ငံများအပြားမှ ခြိမ်းခြောက်မှုများကို စောင့်ကြည့်နေသည်။ အိန္ဒိယနှင့် ပါကစ္စတန်တို့သည် ၁၉၉၉ ခုနှစ်နောက်ပိုင်း အဆိုးဆုံးတိုက်ပွဲဖြစ်သည့် လေးရက်ကြာ ပဋိပက္ခကို မေလတွင် တိုက်ခိုက်ခဲ့ကြသည်။ နှစ်နိုင်ငံစလုံးက ၎င်းတို့အနိုင်ရကြောင်း အသီးသီးပြောဆိုခဲ့ကြပြီး တစ်ဖက်နှင့်တစ်ဖက်၏ တိုက်လေယာဉ်များကို ပစ်ချခဲ့သည်ဟုလည်း ကြွားလုံးထုတ်ခဲ့ကြသေးသည်။

အိန္ဒိယက ၎င်း၏ Tejas တိုက်လေယာဉ်များအတွက် GE F404 အင်ဂျင် ၁၁၃ လုံးကိုဝယ်ယူခြင်းသည် ပြည်တွင်းထုတ်လုပ်မှုနှင့် မဟာဗျူဟာမြောက် နိုင်ငံတကာမိုခိုမှုကြား လက်ကျန်ကို ထိန်းညှိခြင်းဖြစ်သည်။ အိန္ဒိယသည် ၎င်း၏ ပြည်တွင်းဒီဇိုင်းဖြစ်သော Tejas တိုက်လေယာဉ်များ၏ စွမ်းဆောင်ရည်နှင့် ယုံကြည်စိတ်ချရမှုကို မြှင့်တင်ရန်အတွက် အမေရိကန်၏ အဆင့်မြင့်နည်းပညာကို မဖြစ်မနေလိုအပ်နေသေးကြောင်း ပြသနေသည်။ အင်ဂျင်ဝယ်ယူမှုက Tejas တိုက်လေယာဉ်များကို ပါကစ္စတန်မှ ခြိမ်းခြောက်မှုများကို တန်ပြန်ရန် ရည်ရွယ်သည့် အိန္ဒိယလေတပ်ခေတ်မီရေးမဟာဗျူဟာတွင် အဓိကနေရာမှ အစားထိုးစေမည့် လေယာဉ်များအဖြစ် အားဖြည့်ပေးနိုင်လိမ့်မည် ဖြစ်ကြောင်း သိရသည်။

**India Buying Over 100 GE Engines for Its Tejas Fighter Jets ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းလက်နက်ကိုင်တပ်ဖွဲ့များက မောင်းသူမဲ့မြေပြင်သွားယာဉ်များအသုံးပြုမှုကို တိုးချဲ့ရန်ပြင်ဆင်နေ

ယူကရိန်း လက်နက်ကိုင်တပ်ဖွဲ့များသည် မောင်းသူမဲ့မြေပြင်သွားယာဉ်များ အသုံးပြုမှုကို တိုးချဲ့ရန်ပြင်ဆင်နေပြီး လာမည့်နှစ် စစ်ဆင်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းရန် စနစ်ပေါင်း ၃၀၀၀၀ ခန့်လိုအပ်မည်ဟု ခန့်မှန်းထားကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထိုခန့်မှန်းချက်ကို ယူကရိန်းနိုင်ငံ၏ မြေပြင်စက်ရုပ်စနစ်(NRK) သင်တန်းကျောင်းတည်ထောင်သူနှင့် အမှတ်(၃) တိုက်ခိုက်ရေးတပ်မဟာမှ တပ်မှူး Viktor Pavlov က ယူကရိန်းသတင်းဌာနနှင့် အင်တာဗျူးတွင် ဖြေကြားခဲ့ခြင်းလည်းဖြစ်သည်။

ယူကရိန်း ကာကွယ်ရေးတပ်ဖွဲ့များမှ အော်ပရေတာများကို လေ့ကျင့်ပေးနေသော မြေပြင်စက်ရုပ်စနစ်(NRK) သင်တန်းကျောင်း၏ ရည်ရွယ်ချက်မှာ လေ့ကျင့်ရေးကို စံချိန်စံညွှန်းသတ်မှတ်ရန်နှင့် စက်ရုပ်စနစ်များကို ပုံမှန်စစ်ဘက်စစ်ဆင်ရေးများထဲသို့ ပေါင်းစပ်အသုံးပြုမှုကို အရှိန်မြှင့်တင်ရန်ဖြစ်ကြောင်း သိရသည်။

Pavlov ၏ အဆိုအရ ယူကရိန်းတပ်ဖွဲ့များ လက်ရှိအသုံးပြုနေသော စက်ရုပ်ပလက်ဖောင်းအများစုကို ပြည်တွင်းအင်ဂျင်နီယာများ၊ စေတနာ့ဝန်ထမ်းများနှင့် ကာကွယ်ရေးကုမ္ပဏီငယ်များက တီထွင်ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

မြေပြင်စက်ရုပ်စနစ်များ၏ ကုန်ကျစရိတ်သည် ၎င်းတို့၏ အရွယ်အစား၊ စွမ်းဆောင်ရည်နှင့် ကိုယ်ပိုင်လုပ်ဆောင်နိုင်မှုအဆင့်ပေါ် မူတည်၍ကွာခြားသည်။ ယူကရိန်းတွင် မောင်းသူမဲ့မြေပြင်သွားယာဉ်များ၏ ဈေးနှုန်းများသည် ယေဘုယျအားဖြင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ မှ ၅၀၀၀၀ အတွင်းရှိသည်ဟု Pavlov က မှတ်ချက်ပြုခဲ့သည်။

မောင်းသူမဲ့ မြေပြင်သွားယာဉ်များသည် စစ်မြေပြင်ရှေ့တန်းစစ်ဆင်ရေးများတွင် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်လာနေပြီး ထောက်ပံ့ပို့ဆောင်ရေးနှင့် တိုက်ခိုက်ရေးအထောက်အကူပြုလုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိကြသည်။ ၎င်းလုပ်ငန်းများတွင် ခဲယမ်းနှင့် ထောက်ပံ့ရေးပစ္စည်း ပို့ဆောင်ခြင်း၊ ဒဏ်ရာရသူများကို ရွှေ့ပြောင်းခြင်းနှင့် ထောက်လှမ်းရေးအချက်အလက် စုဆောင်းခြင်းတို့ပါဝင်သည်။

စစ်ဆင်ရေးတစ်ခုသည် သယ်ယူပို့ဆောင်ရေးမစ်ရှင်များတွင် စစ်သည်အများအပြားကို အစားထိုးနိုင်သဖြင့် အမြောက်နှင့် စနိုက်ပါပစ်ခတ်မှုဒဏ်ခံရမည့်အခြေအနေကို လျှော့ချပေးနိုင်ခဲ့သည်ဟု Pavlov က ပြောကြားခဲ့သည်။



သို့သော်လည်း မောင်းသူမဲ့မြေပြင်သွားယာဉ်များ တစ်နည်းအားဖြင့် စက်ရုပ်များသည် အထောက်အကူပြုစစ်ဆင်ရေးများအတွက် ကိုယ်တိုင်လည်ပတ်နိုင်သော်လည်း မစ်ရှင်စီမံကိန်းရေးဆွဲခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် စစ်မြေပြင်ပြင်ဆင်ခြင်းများအတွက် လူသားအော်ပရေတာများသည် အရေးပါဆဲဖြစ်ကြောင်း Pavlov က ရှင်းပြခဲ့သည်။

၎င်းတို့၏ အဓိကအခန်းကဏ္ဍမှာ ယခင်က လူသားဝန်ထမ်းများအတွက် အလွန်အမင်းအန္တရာယ်များခဲ့သော နေရာများသို့ ရေ၊ အစားအစာနှင့် ခဲယမ်းမီးကျောက်များ ပို့ဆောင်ခြင်းဖြစ်သည့် ထောက်ပံ့ပို့ဆောင်ရေးအပိုင်း၌ဖြစ်သည်ဟု ၎င်းက ဆိုသည်။

မောင်းသူမဲ့မြေပြင်သွားယာဉ်များ၏ လုပ်ဆောင်ချက်မှာ အင်ဂျင်နီယာလုပ်ငန်းဖြစ်ပြီး အထူးသဖြင့် မိုင်းရှင်းလင်းရေးနှင့် ယခင်က စစ်အင်ဂျင်နီယာများလုပ်ဆောင်ခဲ့ကြသည့် လုပ်ငန်းတာဝန်များဖြစ်ကြသည်။ ထို့ပြင် မောင်းသူမဲ့မြေပြင်သွားယာဉ်များကို စက်သေနတ် သို့မဟုတ် လက်ပစ်ဗုံးပစ်လောင်ချာများကဲ့သို့သော လက်နက်များတပ်ဆင်နိုင်သည်ဟုလည်း The Defense Post သတင်းဌာနက ရေးသားဖော်ပြထားသည်။

**Ukraine to Boost Ground Drone Fleet With 30,000 Units in 2026: Report ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၂၅၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျွန်းလှ နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၂၅၁၀ထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် မြေပဲ ၁၃၈၉၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မြေပဲ ဧက ၂၅၁၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ မြေပဲ ဧက ၁၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ကော ဆီထွက်သီးနှံအနေနဲ့ကော အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်" ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်း၍ ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



**ညောင်တုန်း နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်မိုးမိုးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဆန်အမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင် ပါဝင်သည့် အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ဧည့်မထဆန်အမျိုးအစားက အခြားဆန်အမျိုးအစားတွေထက် အရောင်းအဝယ် ပိုဖြစ်နေတာပါ။ ညောင်တုန်းမြို့နယ်ကနေ ပြီးခဲ့တဲ့ တစ်လအတွင်းမှာ ဧည့်မထဆန် အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ ရောင်းချနေပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဧည့်မထဆန်အမျိုးအစားက ဆန်ကြမ်းအမျိုးအစား ဖြစ်ပြီး အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်"ဟု ညောင်တုန်းမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပွင့်ဖြူမြို့နယ် ဆည်မုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆည်မုန်းကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေးပေးခြင်းကို နိုဝင်ဘာ ၁၀ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ချေးငွေထုတ်ချေးပေးရာတွင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အကြီးတန်းစာရေး ဒေါ်မြတ်မြတ်မွန်က မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းဆိုင်ရာ အကြောင်းအရာများ၊ ချေးငွေအတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ လိုက်နာရမည့် တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ ထားရှိရမည့်စိတ်ဓာတ်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုများ စသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး အကြီးတန်းစာရေး ဒေါ်မြတ်မြတ်မွန်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဆည်မုန်းကျေးရွာရှိ မြေပဲနှင့် နေကြာသီးနှံ အပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးသော အသင်းသား၊ အသင်းသူ ၈၃ ဦးကို စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် ၂၁၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း အကြီးတန်းစာရေး ဒေါ်မြတ်မြတ်မွန်ထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ဇီးကုန်းမြို့နယ် သစ်စင်အရှေ့စုကျေးရွာ၌ ကျေးရွာရေရရှိရေးလုပ်ငန်း စစ်ဆေး



**ဇီးကုန်း နိုဝင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် သစ်စင်အရှေ့စုကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွယ်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ သစ်စင်အရှေ့စုကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဇီးကုန်းမြို့နယ် သစ်စင်အရှေ့စုကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၄၀၀ ရှိသော စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၈ ဒသမ ၅ သန်းဖြင့် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများကတာဝန်ယူ၍ ယခုနှစ် ဇူလိုင် ၂၉ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းကျော် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက သစ်စင်အရှေ့စုကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**ချိုလေး**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ပဲခူးတိုင်းဒေသကြီးသို့ ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၁၁**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီးအတွင်း ကွင်းဆင်းဆောင်ရွက်သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရန် ဒေသတွင်းရှိ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း၊ Pipeline အတွင်းရှိ စီမံချက်များနှင့် အလားအလာများ၊ ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်မှု၊ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ ပိုမိုမြန်ဆန်ချောမွေ့စေရန် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ပဲခူးတိုင်းဒေသကြီးအတွင်း နိုင်ငံတကာအဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိသည့် အကူအညီအထောက်အပံ့ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ကိုဗစ်-၁၉ ရန်ပုံငွေမှ ခွင့်ပြုထုတ်ချေးငွေများ ပြန်လည်ကောက်ခံရရှိရေးတို့နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ပဲခူးတိုင်းဒေသကြီးသည် တိုးတက်မှုကောင်းမွန်ပြီး နိုင်ငံ၏ GDP ကို ဦးဆောင်လျက်ရှိသည့် တိုင်းဒေသကြီးများမှတစ်ခုဖြစ်ကြောင်း၊ ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး ဈေးကွက်ရှိသည့်ထုတ်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်ရန် လိုအပ်ကြောင်း၊ ဒေသအလိုက်ရင်းနှီးမြှုပ်နှံမှုအလားအလာတိုးမြှင့်ရေး၊ MSMEs ဖွံ့ဖြိုးမှုနှင့် စီးပွားရေးကဏ္ဍ ပိုမိုအားကောင်းရေးတို့အတွက် လိုအပ်သည့်ပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ AI အပါအဝင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ စံချိန်စံညွှန်းပြည့်မီသည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူများအတွက် အကျိုးကျေးဇူးမျှဝေခံစားသည့် အသိုက်အဝန်းဖြစ်စေရေး ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ Business Model မှန်ကန်အောင်ဆောင်ရွက်၍ ရင်းနှီးမြှုပ်နှံမှုစဉ်ဆက်မပြတ်တိုးတက်မှုရှိသည့် စီးပွားရေးဝန်းကျင်ကောင်းဖြစ်လာစေရန်၊ သဘာဝဝန်းကျင်နှင့် ကိုက်ညီသည့် လုပ်ငန်းများဖြစ်လာစေရန်နှင့် ကောင်းမွန်သည့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုစနစ်ထားရှိဆောင်ရွက်ရန် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကိုမေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုချက်ဖြင့် အလုပ်သမားဝန်ထမ်းဦးရေ ၁၈၀၀ နှင့် ဆောင်ရွက်လျက်ရှိသည့် ပဲခူးမြို့ ဥဿာမြို့သစ်ရှိ MYANSTAR GARMENT Co.,Ltd ကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှတာဝန်ရှိသူများက လုပ်ငန်းလည်ပတ်နေသည့် အခြေအနေ၊ ဈေးကွက်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေး၊ နည်းပညာလွှဲပြောင်းရရှိရေး၊ ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၊ ဈေးကွက်ချဲ့ထွင်ရေးနှင့် ဒေသခံပြည်သူများအတွက် လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ကျင်းပသည့် ၁၃ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အားကစားဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တက်ရောက်




**နေပြည်တော် နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်စိုးနှင့်အတူ နိုဝင်ဘာ ၅ ရက်မှ ၇ ရက်ထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Samara မြို့၌ ကျင်းပသည့် ၁၃ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အားကစားဖိုရမ်သို့ တက်ရောက်ခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၅ ရက် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Samara မြို့တွင် ကျင်းပခဲ့သည့် First Asian Cooperation Dialouge Ministerial Meeting on Sports သို့ တက်ရောက်ခဲ့ပြီး "ရုရှားနိုင်ငံဆိုင်ရာအားကစားဖိုရမ်"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "အမျိုးသားအားကစား၏ အနာဂတ်-ရိုးရာဓလေ့ကို ပြန်လည်ထုတ်ဖော်ပြသခြင်း" ဟူသောခေါင်းစဉ်ဖြင့်လည်းကောင်း၊ "လူထုအားကစားတွင် ကမ္ဘာလုံးဆိုင်ရာလမ်းကြောင်းများမှတစ်ဆင့် နိုင်ငံတကာအားကစားစီမံကိန်းများထိ"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "ဘောလုံး၏ အနာဂတ်: ၂၀၃၀ ပြည့်နှစ်တွင် ရုရှားပရီးမီးယားလိဂ်အတွက် မဟာဗျူဟာလမ်းညွှန်ချက်များ" ခေါင်းစဉ်ဖြင့်လည်းကောင်း နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ကိုယ်စားလှယ်များက တက်ရောက်ဆွေးနွေးခဲ့သည်။

နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားနိုင်ငံ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး Alexander Nikitin နှင့် တွေ့ဆုံခဲ့ပြီး မြန်မာ့အားကစား အောင်မြင်ရေးအတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံ အားကစားဝန်ကြီးဌာနတို့အကြား လက်မှတ်ရေးထိုးထားသည့် ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ စာချွန်လွှာနှင့် ပတ်သက်၍လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Samara မြို့တော်ဝန်နှင့်တွေ့ဆုံ၍ မြန်မာ့အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးနှင့် မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ အားကစားဝန်ကြီး Siarhei Kavalchuk နှင့် တွေ့ဆုံခဲ့ပြီး လာမည့် ၂၀၂၆ ခုနှစ်မှ စတင်၍ MoU နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာအရ ဘယ်လာရုစ်နိုင်ငံမှ ပြေးခုန်ပစ်၊ သေနတ်ပစ်၊ ကနူးကယက်လှေ၊ အနောက်တိုင်းလှေ၊ ဆာလော်လွှမ်လှေနည်းပြများ မြန်မာနိုင်ငံသို့ စေလွှတ်ပေးနိုင်ရေးကိစ္စရပ်များကိုလည်းကောင်း၊ ကာဇက်စတန်နိုင်ငံ ခရီးသွားလာရေးနှင့်အားကစားဝန်ကြီးဌာန ဝန်ကြီး Yerbol Myrzabosynovနှင့် တွေ့ဆုံ၍ လက်ဝှေ့အားကစားနည်းနှင့် နပန်းအားကစားနည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပြများရရှိစေရေးကို ကူညီဆောင်ရွက်ပေးရန် အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၆ ရက် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Samara မြို့တွင်ကျင်းပသည့် XIII International Sports Forum "Russia:Country of Sports, Plenary Session" ၁၃ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အားကစားဖိုရမ်သို့ တက်ရောက်ခဲ့ပြီး အာရှပူးပေါင်းဆောင်ရွက်ရေး(ACD)အဖွဲ့ဝင်နိုင်ငံများမှ အားကစားဝန်ကြီးများနှင့် အားကစားဆိုင်ရာအဆင့်မြင့်အရာရှိကြီးများက "အားကစား မြှင့်တင်ရေးအစဉ်အလာမှ ဆန်းသစ်တီထွင်မှုသို့-ACD နိုင်ငံများရှိအားကစား၏အနာဂတ်"ဆောင်ပုဒ်ဖြင့် ACD အဖွဲ့ဝင်နိုင်ငံများအကြား အားကစားဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာသုံးစွဲမှုနှင့် လူငယ်အားကစားသမားများကို အားပေးမြှင့်တင်ရေးလုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်ရေး၊ အားကစားကဏ္ဍတွင် နိုင်ငံတကာဆိုင်ရာ ဆန်းသစ်တီထွင်မှုများကို လက်တွေ့အသုံးချနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် Palace of Sports ပြတိုက်သို့ သွားရောက်လေ့လာခဲ့ပြီး ပြတိုက်အတွင်းရှိ အားကစားပစ္စည်းနှင့် အဆောက်အအုံများကို လေ့လာသုံးသပ်ကာ အားကစားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြိုင်ပွဲစီမံခန့်ခွဲမှုတွင် အသုံးချနိုင်သည့် နည်းလမ်းများကိုလည်းကောင်း၊ အားကစားသမားများ၏ လေ့ကျင့်မှု၊ လုံခြုံရေးနှင့် နည်းပညာအသုံးချမှုဆိုင်ရာ အကောင်းဆုံးနည်းဗျူဟာများကို စူးစမ်းလေ့လာပြီး လိုအပ်သည့်အကြံဉာဏ်များကိုလည်းကောင်း ဆွေးနွေးသုံးသပ်မှုများပြုလုပ်ခဲ့ပြီး Samara မြို့ရှိ Vysotsky အားကစားနန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အားကစားဝန်ကြီး ဦးဆောင်၍ "အနာဂတ်အတွက် အားကစားအတူတကွအနိုင်ရရှိခြင်း" မျက်နှာစုံညီအစည်းအဝေးသို့တက်ရောက်၍ အားကစားကဏ္ဍတွင် နိုင်ငံအဆင့်ပူးပေါင်းဆောင်ရွက်မှု၊ လူငယ်အားကစားသမားများတိုးတက်စွမ်းဆောင်နိုင်ရေးနှင့် နည်းပညာအသုံးချမှုများ ထိရောက်စွာလုပ်ဆောင်နိုင်ရေးအတွက် အကြံဉာဏ်များကို ဖော်ပြသုံးသပ်ဆွေးနွေးခဲ့ကာ မြန်မာနိုင်ငံရှိ လူငယ်များနှင့် လက်ရွေးစင်အားကစားသမားများအနေဖြင့် အားကစားကဏ္ဍအလိုက် လေ့ကျင့်နေမှုအခြေအနေများ၊ ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ ရုရှား-မြန်မာအားကစားနှင့်လူငယ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို နိုင်ငံပေါင်း ၅၁ နိုင်ငံမှ ကိုယ်စားလှယ်များနှင့် အပြန်အလှန်ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် Samara မြို့၌ ကျင်းပခဲ့သည့် Memorial Parade စစ်ရေးပြအခမ်းအနားကို တက်ရောက်ခဲ့ပြီး နိုဝင်ဘာ ၈ ရက်တွင် Samara မြို့မှ မော်စကိုမြို့၊ မော်စကိုမြို့မှ ဒူဘိုင်းမြို့၊ ဒူဘိုင်းမြို့မှ ဗန်ကောက်မြို့၊ ဗန်ကောက်မြို့မှ ရန်ကုန်မြို့သို့ လေယာဉ်ခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာရာ နိုဝင်ဘာ ၉ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပညာရေးဝန်ကြီးဌာန ပညာရည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အထားအခြေပြု သုတေသနတွေ့ရှိချက်များဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပညာရည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အထားအခြေပြု သုတေသနတွေ့ရှိချက်များဆိုင်ရာဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီက နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ပညာရေးဝန်ကြီးဌာန ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ပါမောက္ခချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ဒုတိယပါမောက္ခချုပ်၊ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခဌာနမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ခရိုင်၊မြို့နယ် ပညာရေးမှူးများ၊ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။





ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အထားအခြေပြုသုတေသနတွေ့ရှိချက်များ များစွာလိုအပ်ပါကြောင်း၊ ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် ဦးစီးဌာနအသီးသီးမှ အရာထမ်းများက သုတေသနအခြေပြုဆုံးဖြတ်ချက်များ၏ အရေးပါမှုများကို သိရှိနားလည်ပြီး ပိုမိုမြှင့်တင်ဆောင်ရွက်ရန်နှင့် ဌာနဆိုင်ရာမူဝါဒလုပ်ငန်းစဉ်များတွင် သုတေသနတွေ့ရှိချက်များကို ထဲထဲဝင်ဝင် အသုံးပြုဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယနေ့အလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် ဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေပြီး မိမိတွေ့ရှိချက်များကို အခြားဦးစီးဌာနများမှ တွေ့ရှိချက်များနှင့် မျှဝေနိုင်သည်ဖြစ်၍ အကြံပြုချက်များ များစွာရရှိနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက "စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးတွဲဖက်သင်ကြားနေသည့် အခြေခံပညာကျောင်းများတွင် စက်မှုနည်းပညာ၊ စိုက်ပျိုးရေးအတတ်ပညာနှင့် မွေးမြူရေးအတတ်ပညာ ဘာသာရပ်များကို သင်ယူနေသော ကျောင်းသား၊ ကျောင်းသူများ၏သင်ကြားသင်ယူမှုအပေါ် သဘောထားအမြင်သုတေသနရလဒ်အပေါ် ဆွေးနွေးခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက "အခြေခံပညာအထက်တန်းအဆင့် သင်ရိုးသစ်အကောင်အထည်ဖော်မှုအခြေအနေကို ဆန်းစစ်လေ့လာသည့် သုတေသနရလဒ်အပေါ်ဆွေးနွေးခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက "အခြေခံပညာကျောင်းများရှိကျောင်းသားများ၏တန်းစဉ်ကူးပြောင်းနှုန်း(Transition Rate) လျော့နည်းရသည့် အကြောင်းရင်းကို လေ့လာဆန်းစစ်သည့် သုတေသနရလဒ်အပေါ် ဆွေးနွေးခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပြောကြားကြရာ တက်ရောက်လာသူများက သိလိုသည်များမေးမြန်းပြီး ဆွေးနွေးမှုများဆောင်ရွက်ကြသည်။

ထို့နောက် ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်လတ်ထွန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ကရင်ပြည်နယ် မြဝတီမြို့နယ် KK Park အတွင်း ဇုန်အလိုက်အဆောက်အအုံများ ဆက်လက်ဖြိုချဖျက်ဆီးရှင်းလင်းထားမှုကို တွေ့ရစဉ်။

⚐ **ရှေ့ဖုံးမှအဆက်**

အွန်လိုင်းလောင်းကစားမှုတွေနဲ့ ဒုစရိုက်မှုတွေ ထပ်မံပြီးမလုပ်ဆောင်နိုင်အောင် အဆောက်အအုံအားလုံးကို ဖြိုချဖျက်ဆီးသွားမှာဖြစ်ပါတယ်။ အဆောက်အအုံအလုံး ၁၁၀ ကိုတော့ ဖြိုချဖျက်ဆီးပြီးပါပြီ။ ကျန်ရှိတဲ့အဆောက်အအုံ ၅၂၅ လုံးကိုလည်း ဆက်လက်ဖြိုချဖျက်ဆီးသွားမှာဖြစ်ပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

မြဝတီ-မယ်ထော်သလေး KK Park နယ်မြေအတွင်း အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများပြုလုပ်သည့် ဇုန်သုံးဇုန်တွင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးရှိကြောင်း သိရသည်။

အဆိုပါ ဇုန်(B)တွင် တစ်ထပ်လူနေ အဆောက်အအုံ ခုနစ်လုံး၊ နှစ်ထပ် လူနေအဆောက်အအုံ ၂၉ လုံး၊ သုံးထပ်လူနေ အဆောက်အအုံ ငါးလုံး၊ ဆောက်လုပ်ဆဲ လေးထပ်အဆောက်အအုံ ခုနစ်လုံး၊ ဆောက်လုပ်ဆဲ ငါးထပ်အဆောက်အအုံ ငါးလုံးနှင့် ဂိုဒေါင် တစ်ထပ် အလုံး ၂၀ စုစုပေါင်း ၇၃ လုံး တည်ရှိခဲ့သည်။

အလားတူ ဇုန်(C)တွင် တစ်ထပ်လူနေ အိမ် ၃၃ လုံး၊ နှစ်ထပ် လူနေအိမ် ၂၁၆ လုံး၊ သုံးထပ်လူနေအိမ် ၄၂ လုံး၊ လေးထပ် လူနေအိမ် ၃၉ လုံး၊ ငါးထပ်လူနေအိမ် ၁၂ လုံး၊ ခြောက်ထပ်လူနေအိမ်လေးလုံး၊ ဘတ်စကက်ဘောကွင်း တစ်ခု၊ ဆေးရုံ နှစ်လုံး၊ နှစ်ထပ် SPA အဆောက်အအုံ တစ်လုံး၊ တစ်ထပ် SPA အဆောက်အအုံ တစ်လုံး၊ နှစ်ထပ် ဈေးဆိုင်တန်း ငါးလုံး၊ နှစ်ထပ်စူပါမားကတ် တစ်လုံး၊ တစ်ထပ်စူပါမားကတ် တစ်လုံး၊ ငါးထပ်ဟိုတယ် တစ်လုံး၊ လေးထပ်ဟိုတယ် တစ်လုံး၊ တစ်ထပ် ဂိုဒေါင် ၃၅ လုံး၊ ဆေးခန်း နှစ်လုံး၊ နှစ်ထပ် မုန့်ဆောင် တစ်လုံး၊နှစ်ထပ် Club တစ်ခု၊ နှစ်ထပ် KTV တစ်လုံး၊တစ်ထပ် စားဖိုဆောင် နှစ်လုံး၊ ရေစုကန် တစ်လုံး၊ တစ်ထပ် ဂိုဒေါင်ကြီး ခြောက်လုံး၊ တစ်ထပ် လူနေအိမ်တန်းလျားငါးလုံးစုစုပေါင်း ၄၁၄ လုံး တည်ရှိခဲ့သည်။

KK Park နယ်မြေအတွင်း နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်ပြီး အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၉၀ ရာခိုင်နှုန်းသည် ထိုင်းနိုင်ငံကို တစ်ဆင့်ခံ၍ နယ်စပ်ဖြတ်ကျော်ရောက်ရှိလာသည့် ဖြစ်စဉ်များက အများစုဖြစ်ပြီး KK Park နယ်မြေအတွင်း အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများပြုလုပ်သည့် ဇုန်သုံးဇုန်တွင် အသုံးပြုနိုင်သောအဆောက်အအုံများအတွက် လိုအပ်သည့် ပစ္စည်းများ၊ မီးစက်များ၊ အင်တာနက် Starlink စက်များ၊ လူသုံးကုန်ပစ္စည်းများနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ၊ စက်သုံးဆီများနှင့် အခြားအသုံးဆောင်ပစ္စည်းများကို ထိုင်းကုန်သည်များက တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ထောက်ပံ့ခြင်းနှင့် ရောင်းချခြင်းများပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီမြို့-မယ်ထော်သလေး KK Park နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့်ဝင်ရောက်ခဲ့သည့် အိန္ဒိယနိုင်ငံသား ဦးရေ ၄၀၊ နီပေါနိုင်ငံသား ၁၂ ဦးနှင့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၅၃ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ယနေ့ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၈၁၅ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ယင်းတို့အနက်မှ ၉၅၃၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးနိုင်ခဲ့ကာ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၇၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု(Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်စဉ်ဆက်မပြတ် ပူးပေါင်းဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**အောင်ဂျိုး၊ဓာတ်ပုံ-မင်းမင်း**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘရာဇီးနိုင်ငံ၏ ၂၀၃ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ညှော်ခံပွဲ တက်ရောက်



**ရန်ကုန် နိုဝင်ဘာ ၁၁**

ဘရာဇီးနိုင်ငံ၏ ၂၀၃ ကြိမ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော်ခံပွဲကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာရှိ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီးနေအိမ်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီး H. E. Mr. Gustavo Rocha de Meneses နှင့် တာဝန်ရှိသူများက ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များကို ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဘရာဇီးနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ဆုတောင်းစကားပြောကြားကာ ပြည်ထောင်စုဝန်ကြီးနှင့် ညှော်ခံပွဲသို့ တက်ရောက်လာသော ဧည့်သည်တော်များကို ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါ ညှော်ခံပွဲအခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ငွေး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် အောင်မြေသာစံမြို့နယ် ရွှေပြည်သာရပ်ကွက်နှင့် မင်းတဲအီကင်းရပ်ကွက်တို့မှ ပြည်သူလူထုနှင့် တွေ့ဆုံ



**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ ရွှေပြည်သာရပ်ကွက်နှင့် မင်းတဲအီကင်းရပ်ကွက်တို့ရှိ ပြည်သူလူထုနှင့် တွေ့ဆုံပွဲများသို့ တက်ရောက်သည်။

အဆိုပါတွေ့ဆုံပွဲများကို ရွှေပြည်သာရပ်ကွက်ရှိ ရွှေပြည်ကြီးဓမ္မာရုံနှင့် မင်းတဲအီကင်းရပ်ကွက်ရှိ ပေါ်တော်မူဓမ္မာရုံတို့တွင် ကျင်းပခဲ့ပြီး တွေ့ဆုံပွဲ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တင်ပြချက်များအပေါ် ချက်ချင်းဆောင်ရွက်ပေး၍ ရသည်များကို ချက်ချင်းဆောင်ရွက်ပေးနိုင်ရန်နှင့် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်မည့်လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှုနှင့်အတူ သန့်ရှင်းသော ပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကို မြင့်တင်၍ ဝိုင်းဝန်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲများတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်လာသည့် ပြည်သူလူထု၏ တင်ပြချက်များအပေါ် ချက်ချင်းဆောင်ရွက်ပေး၍ ရသည်များကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တက်ရောက်လာကြသည့် ပြည်သူလူထုကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

## ပထမနှစ်ဝင်ခွင့်ရသူများစာရင်း ကြေညာထားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
ကြေညာချက်

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများ စာရင်းကို နိုဝင်ဘာ ၁၃ ရက်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ Website: https://www.dtvet.gov.mm နှင့် သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

## ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်

ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရသူများစာရင်းကို နိုဝင်ဘာ ၁၃ ရက်တွင် သက်ဆိုင်ရာတက္ကသိုလ်နှင့် ဒီဂရီကောလိပ်အသီးသီးတွင် ကြေညာထားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန website http://www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website http://www.dhe.gov.mm တို့တွင်လည်း ကြေညာထားမည်ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရမည့်အချက်များ

၁။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူဖွင့်လှစ်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ မကြာမီတွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ အဆိုပါကျောင်းများတွင် ကျောင်းတက်ရောက်ရမည့် ကျောင်းသား၊ ကျောင်းသူများအနက် မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရှိ ကျောင်းများတွင် တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) ရွေးကောက်ပွဲစတင်ကျင်းပမည့် ဒီဇင်ဘာ ၂၈ ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်သော မိမိမဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် တက်ရောက်ကြရမည့် ကျောင်းသား၊ ကျောင်းသူများကို ကြိုတင်မဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပါသည်။

(ခ) သက်ဆိုင်ရာကျောင်းများသို့ မသွားရောက်မီ မိမိတို့၏မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် နိုဝင်ဘာ ၁၇ ရက်မှ ၂၁ ရက်ထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအတွင်း သွားရောက်မဲပေးနိုင်ပါသည်။

၂။ မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များက ထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့်အထောက်အထားတို့ကို ပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**“ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်”**

**“လွတ်လပ်မျှတ၊ မဲပေးကြ”**

## ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၈၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်  နိုဝင်ဘာ  ၁၁

**အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးသန့်ဇော်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၁၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**ဦးသန့်ဇော်(ဥက္ကဋ္ဌ၊ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ)**

**ရှိသေလေးစားအပ်ပါသော မိဘပြည်သူအပေါင်းတို့ခင်ဗျား။**

"ကျန်းမာ ရွှင်လန်း ချမ်းမြေ့ကြပါစေ" လို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ...

ကျွန်တော်ကတော့ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ NIDP (ဗဟို)၏ဥက္ကဋ္ဌ ဦးသန့်ဇော်ဖြစ်ပါတယ်။ မွန်ပြည်နယ်မှာ အခြေစိုက်ထားတဲ့ပါတီတစ်ခုဖြစ်ပါတယ်။

မကြာခင်မှာ တတိယအကြိမ် လွှတ်တော်အတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မှာဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများရဲ့ ဆုံးဖြတ်ချက်မှန်ကန်မှုဟာ ဘယ်လောက်အရေးပါလဲ... ရွေးကောက်ပွဲဟာ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးရဲ့အနာဂတ်ကို ဘယ်လောက်ထိထင်ဟပ်စေလဲ...ဆိုတာ မျက်ဝါးထင်ထင်တွေ့မြင်ကြရတော့မှာဖြစ်ပါတယ်....

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးဟာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်အမျိုးသားအကျိုးစီးပွားပေါ်မှာသာ ရပ်တည်နေခဲ့ကြပါတယ်....

- ဒီကနေ့ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတကာရဲ့ဖိအားတွေကို ကြီးကြီးမားမားခံနေရပါတယ်။
- နိုင်ငံရေးမတည်ငြိမ်မှုတွေကြောင့် တိုင်းပြည်ရဲ့ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးတွေကိုလည်း အဘက်ဘက်က စိုးရိမ်ပူပန်နေကြရတဲ့ အချိန်ကာလလည်းဖြစ်နေပါတယ်။
- ငွေကြေးဖောင်းပွမှုကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်တွေကိုလည်း ပြည်သူတွေခံစားနေကြရပါတယ်။
- ပြည်ပနိုင်ငံများရဲ့စွက်ဖက်မှုကြောင့် တိုင်းပြည်ရဲ့.. အချုပ်အခြာအာဏာကို ထိပါးတဲ့ဖြစ်ရပ်တွေလည်း ပေါ်ပေါက်ခဲ့ပါတယ်။

မိမိတို့နိုင်ငံ၏ ပထဝီနိုင်ငံရေးအခြေအနေ၊ ပြည်ပက သွေးထိုးနှောင့်ယှက်မှုများကြောင့် နိုင်ငံတော်ရဲ့ တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ပြည်သူတစ်ရပ်လုံးနဲ့ အမျိုးသားရေးအင်အားစုများ ပေါင်းစည်းပါဝင်မှသာ တည်တံ့ခိုင်မာမှုရှိမယ်ဆိုတာ ကျွန်တော်တို့ယုံကြည်ပါတယ်..

ဒါ့ကြောင့် ကျွန်တော်တို့ ပါတီသည်လည်း မိဘပြည်သူများနဲ့အတူ နိုင်ငံတော်တည်ဆောက်ရေးမှာ ကျရာအခန်းကဏ္ဍကနေပြီး ပါဝင်ဆောင်ရွက်နိုင်ဖို့ သန္နိဋ္ဌာန်ချထားပါတယ်....

ရှိသေလေးစားအပ်သော မိဘပြည်သူများခင်ဗျာ-----ပါတီရဲ့ အခြေခံရပ်တည်ချက်နှင့်မူဝါဒကို တင်ပြလိုပါတယ်။

ကျွန်တော်တို့ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီရဲ့ အခြေခံရပ်တည်ချက်ဟာ တိုင်းရင်းသားအားလုံးနဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ အကျိုးစီးပွား၊ တိုင်းပြည်ရဲ့ အမျိုးသားအကျိုးစီးပွားအပေါ် ပြတ်ပြတ်သားသားရပ်တည်သွားမှာဖြစ်ပါတယ်။

မူဝါဒအားဖြင့် - အခြေခံရပ်တည်ချက်တူညီတဲ့ မည်သည့်နိုင်ငံရေးပါတီ၊ အဖွဲ့အစည်းများနဲ့မဆို ပူးပေါင်းဆောင်ရွက်သွားပါမယ်။

(၁) တိုင်းရင်းသားများအကြား တန်းတူအခွင့်အရေးရရှိရေး၊

(၂) နိုင်ငံရေး၊ လူမှုရေးပဋိပက္ခများချုပ်ငြိမ်းစေရေးတို့ကို ဦးတည်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အထူးသဖြင့် မျိုးဆက်သစ်တွေအတွက် ကောင်းမွန်သောနိုင်ငံရေးဝန်းကျင်သစ်၊ ပညာရေးအခြေခံသစ်တွေဖြစ်ပေါ်ရေး ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အမျိုးသားအကျိုးစီးပွားအပေါ်မှာအခြေခံပြီး နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လိုစိတ်တွေကို မှန်မှန်ကန်ကန်နဲ့ အစွန်းမရောက်စေဘဲ ပြုစုပျိုးထောင်ပေးသွားမှာဖြစ်ပါတယ်။

ဆက်လက်၍ ကျွန်တော်တို့ ပါတီမူဝါဒတွေထဲက အရေးကြီးဆုံးအပိုင်းတွေကို တင်ပြချင်ပါတယ်။

**တိုင်းရင်းသားများကဏ္ဍ**

အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီအနေနဲ့ တိုင်းရင်းသားများ ကဏ္ဍအပေါ်မှာ အလွန်အလေးအနက်ထားပါတယ်။ လူမျိုးစွဲ ဒေသစွဲများပျောက်ကင်းပြီး မြန်မာနိုင်ငံဟာ တိုင်းရင်းသား ၁၃၅ မျိုးလုံးရဲ့ တစ်ခုတည်းသောနိုင်ငံ၊ တူညီသောရည်မှန်းချက်၊ ညီမျှသော ဖွံ့ဖြိုးတိုးတက်မှု၊ အချင်းချင်းအပြန်အလှန်ချစ်ခင်လေးစားမှုရှိပြီး သံသယတွေပျောက်ကင်းတဲ့ ငြိမ်းချမ်းတဲ့အခြေအနေတစ်ခုရောက်အောင် ဆောင်ရွက်ဖို့ ရည်မှန်းပါတယ်...ဒါမှသာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို အရောက်လှမ်းနိုင်မှာဖြစ်ပါတယ်။

ဒါ့ပြင် တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ အမျိုးသားရေးလက္ခဏာများ၊ ဓလေ့ထုံးတမ်းများ၊ စာပေနှင့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေးကို အလေးထားပါမည်။

**ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ**

ကျွန်တော်တို့အနေနဲ့ ပြည်သူ့ကျန်းမာရေးကို အခြေခံအခွင့်အရေးအဖြစ် သတ်မှတ်ထားပါတယ်။

- ပြည်သူတိုင်း ကျန်းမာရေးစောင့်ရှောက်မှုအခွင့်အရေးကို တန်းတူခံစားခွင့်ရရှိစေပါမယ်။
- ကျေးလက်ဒေသနှင့် ခက်ခဲဒေသတွေမှာ ဆေးရုံ၊ ဆေးခန်းတွေကို တိုးချဲ့တည်ဆောက်ပေးမယ်။
- ပြည်သူတွေအတွက် ပြည်သူ့ဆေးရုံကြီးတွေနဲ့ ကျေးလက်ဆေးပေးခန်းများအား အဆင့်မြှင့်တင်ဖို့ကြိုးပမ်းသွားပါမယ်။
- ဆေးဝါးနဲ့ ဆရာဝန်များလုံလောက်အောင် စနစ်ကျကျဖြန့်ဝေပေးပါမယ်။
- လူတိုင်းကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု၊ စရိတ်သက်သာ၍ အာမခံချက်ရှိသော ကျန်မာရေးစောင့်ရှောက်မှုအခွင့်အလမ်းများ ရရှိစေရန် ဆောင်ရွက်ပေးသွားပါမယ်။

"ပညာရေးကဏ္ဍ" ကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်ပါတယ်။

- နိုင်ငံသားတိုင်းဟာ တန်းတူညီမျှ ပညာသင်ကြားခွင့်ရရှိစေမှာဖြစ်ပြီး ပညာသင်ကြားရေးသည် အနည်းဆုံးမူလတန်းနှင့် အခြေခံအဆင့်တွင် အခမဲ့သင်ကြားခွင့်ရရှိအောင်ပံ့ပိုးဆောင်ရွက်သွားပါမယ်။
- ကျေးလက်ဒေသနေ ကျောင်းသား၊ ကျောင်းသူများအတွက် အခြေခံကျောင်းသုံးပစ္စည်းများ အခက်အခဲမရှိအောင် တိုက်ရိုက်ထောက်ပံ့ပေးမယ်။
- နည်းပညာ၊ တက္ကသိုလ်ပညာ၊ အသက်မွေးဝမ်းကျောင်းသင်တန်းတွေကို တိုးချဲ့ပေးပြီး လူငယ်တွေကို အလုပ်အကိုင်အခွင့်အလမ်းအတွက် လုပ်ငန်းခွင်နဲ့ တိုက်ရိုက်ချိတ်ဆက်ပေးနိုင်တဲ့ လက်တွေ့ပညာရပ်တွေကို ဖော်ဆောင်ပေးသွားမှာဖြစ်ပါတယ်။

**ဥပဒေပြုရေးနဲ့တရားစီရင်ရေးကဏ္ဍ**

ဒီကနေ့ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးဟာ ပြောင်းလဲနိုင်မှုများစွာ မတွေ့ရသေးပါဘူး။ ပြင်ဆင်၊ ဖြည့်စွက်သင့်တဲ့ဥပဒေတွေ အများကြီးလိုနေပါသေးတယ်။ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အထောက်အကူပြုမယ့် ဥပဒေတွေ၊ ရာဇဝတ်မှုကျဆင်းရေးအတွက် ပြစ်မှု၊ ပြစ်ဒဏ်မျှတတဲ့ ဥပဒေတွေပြဋ္ဌာန်းဖို့လိုအပ်ပါသေးတယ်။ ပြည်သူအခြေပြုတဲ့ ဥပဒေ၊ အမျိုးသားအကျိုးစီးပွားကို ပံ့ပိုးပေးတဲ့ဥပဒေဖြစ်ရပ့်ါမယ်။ ကျွန်တော်တို့အားလုံး ဥပဒေရဲ့အောက်မှာ ဥပဒေရဲ့တူညီတဲ့ကာကွယ်စောင့်ရှောက်မှုကိုရရှိဖို့ဆောင်ရွက်ပေးသွားပါမယ်။ လုပ်ပိုင်ခွင့်အာဏာကို အလွန်အကျွံသုံးစွဲတဲ့ လုပ်ရပ်တွေကို အဆုံးတိုင်ပယ်ရှားသွားပါမယ်။




**အုပ်ချုပ်ရေးကဏ္ဍ**

အုပ်ချုပ်ရေးကဏ္ဍမှာဆိုရင်လည်း စာတွေ့နဲ့လက်တွေ့အရည်အချင်းနှစ်ပါးနဲ့ပြည့်စုံတဲ့၊ နိုင်ငံတကာအမြင်ရှိတဲ့ စီမံခန့်ခွဲရေးပညာကျွမ်းကျင်တဲ့သူတွေနဲ့ ဖွဲ့စည်းထားပြီး Strong Government ဆိုတဲ့ ကျစ်လျစ်ခိုင်မာတဲ့အစိုးရအဖြစ် ဖွဲ့စည်းနိုင်ဖို့လိုပါတယ်။ ဗျူရိုကရေစီယန္တရားရဲ့ လည်ပတ်ပုံကို ကောင်းစွာသိရှိပြီး ကောင်းစွာစီမံခန့်ခွဲနိုင်တဲ့ အစိုးရအဖွဲ့ဖြစ်ဖို့လိုပါတယ်။ ဆုံးဖြတ်ရဲသူတွေ၊ ပြဿနာကိုဖြေရှင်းရဲပြီး မူဝါဒအမှန်ချမှတ်နိုင်သူတွေ၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသူတွေနဲ့ ဖွဲ့စည်းထားဖို့လိုပါတယ်။ ပြည်ထောင်စုအစိုးရသာမက တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေ၊ အစိုးရအဖွဲ့ဝင်တွေပါ အရည်အချင်းမြင့်မားသူတွေ၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိသူတွေနဲ့ ဖွဲ့စည်းနိုင်ဖို့လိုပါတယ်။

**စီးပွားရေးကဏ္ဍ**

နိုင်ငံတစ်နိုင်ငံဟာ စီးပွားရေးမတိုးတက်တာနဲ့ ကျန်တဲ့ကဏ္ဍတွေမှာ အလိုအလျောက် အားနည်းလာတတ်ပါတယ်။ နိုင်ငံ့စီးပွားရေးတိုးတက်မှုဆိုရာ၌ လူတန်းစားသုံးရပ်စလုံးရဲ့ အရေးကိစ္စဖြစ်ပါတယ်။ အထူးသဖြင့် ရာခိုင်နှုန်း ၇၀ ကျော်ရှိနေသေးတဲ့ အခြေခံလူတန်းစားတွေရဲ့ စားဝတ်နေရေးဟာ အဓိကကျပါတယ်။ အခြေခံလူတန်းစားတွေရဲ့ မိသားစုသက်သာချောင်ချိရေးကို အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့ပြင် ပြည်သူတွေရဲ့ တစ်ဦးချင်းဝင်ငွေတိုးတက်လာစေရေး၊ အလုပ်အကိုင်အခွင့်လမ်းများရရှိစေရေး၊ ဈေးကွက်နဲ့ နည်းပညာတိုးတက်ရေး၊ စက်မှုစီးပွားလုပ်ငန်းတွေတိုးတက်ရေးအတွက် ခေတ်စနစ်နဲ့ ကိုက်ညီတဲ့ မူဝါဒကိုရေးဆွဲပြီး ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်အားပေးသကဲ့သို့ ဘေးထွက်ဆိုးကျိုးဖြစ်တဲ့ အရင်းရှင်စီးပွားရေးလက်ဝါးကြီးအုပ်မှုတွေကိုလည်း ဆန့်ကျင်တိုက်ဖျက်သွားမှာဖြစ်ပါတယ်။

**တောင်သူလယ်သမားများကဏ္ဍ**

ကျွန်တော်တို့နိုင်ငံမှာ စိုက်ပျိုးရေးသည် အခြေခံကျတဲ့ကဏ္ဍမှာပါဝင်နေပါတယ်။ နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကျော်တဲ့ တောင်သူလယ်သမားများနဲ့ အလုပ်သမားများကဏ္ဍဟာ အရေးအကြီးဆုံးဖြစ်ပါတယ်။ ဒီနေ့ လယ်သမားများအနေနဲ့ အကြွေးနွံတောမှာနစ်နေတာကို စစ်တမ်းများအရတွေ့ရပါတယ်။ ငွေကြေးအရင်းအနှီးပံ့ပိုးမှု၊ သွင်းအားစုနှင့် ဓာတ်မြေဩဇာရရှိမှု၊ စိုက်ပျိုးစရိတ်အချိန်မီရရှိမှု၊ မှန်ကန်တဲ့ဈေးကွက်ရရှိမှု၊ စိုက်ပျိုးပင်မှန်ကန်မှုတွေသည် တောင်သူလယ်သမားတွေရဲ့ အရေးကြီးသောအရာတွေဖြစ်ပါတယ်။ ဒါကြောင့် -

- တောင်သူလယ်သမားတွေ အဓိကလိုအပ်တဲ့ စိုက်ပျိုးစရိတ်ချေးငွေ၊ ဓာတ်မြေဩဇာပံ့ပိုးမှု၊ စိုက်ပျိုးနည်းပညာ အချိန်မီရရှိရေးနှင့် စိုက်ပျိုးသီးနှံများကို ဈေးကွက်ဝင်ရောက်ခွင့်ရရှိစေရေးအတွက် ကူညီပံ့ပိုးပေးသွားပါမယ်။ ဒါ့ပြင် တောင်သူလယ်သမားတွေကို ကျေးဇူးဆပ်သောအားဖြင့် တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲများနှင့်တောင်သူလယ်သမားနေ့အခမ်းအနားကို ခမ်းနားစည်ကားစွာဖြင့် ကျင်းပဂုဏ်ပြုသွားမှာဖြစ်ပါတယ်။

**အလုပ်သမားကဏ္ဍ**

- အလုပ်သမားအင်အားစုများသည် နိုင်ငံတိုးတက်ရေး၊ တည်ဆောက်ရေးအတွက် အခြေခံခိုင်အောင် ဆောင်ရွက်ပေးနေတဲ့ အင်အားစုများဖြစ်ပါတယ်။
- အလုပ်သမားအခွင့်အရေးတွေအပြည့်အဝရရှိဖို့ ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

စာမျက်နှာ ၂၀ သို့

## ၂၀၂၅ ခုနှစ် ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**စည်းလုံးချစ်ကြည်လက်တွဲညီ ရွှေပြည်သစ်ဆီလှမ်းကြမည်။**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၁၄-၁၁-၂၀၂၅)

## ၂၀၂၅ ခုနှစ် ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

☆ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန် တစ်ရပ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး။

☆ အသိပညာ အတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ရေး။

☆ အမျိုးသားပညာရေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး။

☆ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

**စာမျက်နှာ ၁၉ မှအဆက်**

- လုပ်ခလစာညီမျှမှု၊ အလုပ်ချိန်၊ အနားယူခွင့်တွေ နိုင်ငံတကာစံနှုန်းများနှင့်အညီရရှိစေရေး အလုပ်သမားဥပဒေဘောင်အတွင်းမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါမယ်။
- နိုင်ငံရပ်ခြားသွားပြီး အလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားများကိုလည်း မိခင်နိုင်ငံရဲ့ ဥပဒေအကာအကွယ်စောင့်ရှောက်မှုတွေရရှိအောင်ဆောင်ရွက်ပေးပါမယ်။
- အလုပ်သမားမိသားစုတွေအတွက် လူမှုဖူလုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးခန်းတွေကိုလည်း တိုးချဲ့ဖန်တီးပေးသွားမှာဖြစ်ပါတယ်။

**နိုင်ငံတကာဆက်ဆံရေး**

"နိုင်ငံတကာဆက်ဆံရေးမူဝါဒမှာ အစဉ်အဆက်ကျင့်သုံးခဲ့တဲ့ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ"ကို ဆက်လက်ကျင့်သုံးသွားမှာဖြစ်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်အရ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုချစ်ကြည်ရင်းနှီးစွာနေထိုင်ပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်သွားပါမယ်။

**လူငယ်မျိုးဆက်သစ်ကဏ္ဍ**

နိုင်ငံရဲ့ အနာဂတ်ဟာ လူငယ်မျိုးဆက်သစ်တွေဖြစ်ပါတယ်။ ပြည့်ဝတဲ့ပညာ၊ လက်တွေ့ပါတဲ့ အတွေ့အကြုံ၊ နိုင်ငံတကာအမြင်ရှိတဲ့ လူငယ်မျိုးဆက်သစ်တွေကို ထပ်မံမွေးထုတ်ပေးနိုင်ဖို့ အထူးလိုအပ်ပါတယ်။ အမျိုးကိုချစ်စိတ်၊ နိုင်ငံချစ်စိတ်နှင့် အမျိုးသားလုံခြုံရေး အသိရှိကြဖို့ စနစ်တကျ လေ့ကျင့်ပျိုးထောင်ဖို့လိုအပ်ပါတယ်။ ဒါကြောင့် ခိုင်မာတိကျတဲ့ လူငယ်ရေးရာ မူဝါဒများရေးဆွဲပြီး ရေရှည်လေ့ကျင့်ပျိုးထောင်ဖို့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ရှိသေလေးစားအပ်ပါသော မိဘပြည်သူများခင်ဗျား---**

ကျွန်တော်တို့ပါတီမှ ----- မိဘပြည်သူများအပေါ် ကတိကဝတ်အာမခံပြုလိုပါသည်။

အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီအနေဖြင့် ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်ခံရသည့် မိမိတို့ပါတီမှ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များမှ အောက်ပါလုပ်ငန်းစဉ်များကို အာမခံကတိကဝတ်ပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

( ၁ ) ပြည်သူလူထုအပေါ် အကာအကွယ်ပေးမည့် ဥပဒေများ ပေါ်ပေါက်ရေးအတွက် လွှတ်တော်နိုင်ငံရေးလမ်းကြောင်းမှ တတ်စွမ်းသမျှ ဥပဒေပြုတင်ပြဆောင်ရွက်သွားမည်။

( ၂ ) ဒီမိုကရေစီဈေးကွက်စီးပွားရေးစနစ်နှင့် ဆန့်ကျင်သည့် မတရားသဖြင့် အနိုင်ကျင့် လက်ဝါးကြီးအုပ်ယှဉ်ပြိုင်မှုများနှင့် ပြည်သူလူထုအပေါ် မတရားအမြတ်ကြီးစားသွေးစုပ်နေသည့် အရင်းရှင်စီးပွားရေးလုပ်ဆောင်မှုများကို တွန်းလှန်တိုက်ဖျက်သွားမည်။

( ၃ ) တစ်ပိုင်တစ်နိုင်ရာသီသီးနှံများ စိုက်ပျိုးရောင်းချမှုအပေါ် အခွန်ကင်းလွတ်ခွင့်ရရှိစေရေးနှင့် အခွန်လွတ်ဈေးများ ပေါ်ပေါက်ရေး ဖော်ဆောင်ပေးသွားမည်။

( ၄ ) မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်သွားမည်။

( ၅ ) မှန်ကန်သည့် တရားစီရင်ရေးစနစ် ပေါ်ပေါက်လာစေရေး အပြင် မည်သူမဆို (တရားလို၊ တရားခံ၊ တရားပြိုင်) လူ့ဂုဏ်သိက္ခာရှိစွာဖြင့် ညီညွတ်မျှတစွာ တရားစီရင်မှုခံရစေရေး ဆောင်ရွက်သွားမည်။

( ၆ ) ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးနှင့်ဖိနှိပ်မှုကို ဖြစ်စေသည့် အုပ်ချုပ်ရေးဆိုင်ရာ ယန္တရားကြိုးနီစနစ်ဆိုးမှန်သမျှကို တိုက်ဖျက်သွားမည်။

( ၇ ) နိုင်ငံတော်ဘဏ္ဍာငွေ (ဘတ်ဂျက်)များ အလေအလွင့်မရှိစေရေးနှင့် စီမံကိန်းများ၏ အရည်အသွေးတိကျမှန်ကန်မှုရှိစေရေးကြိုးပမ်းဆောင်ရွက်သွားမည်။

( ၈ ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် တက်ကြွစွာပါဝင်ဆောင်ရွက်သွားမည်။

( ၉ ) သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုများ၊ နိုင်ငံပိုင်သယံဇာတများကို အလွန်အကျွံ တူးဖော်ထုတ်လုပ်မှုများကို ကာကွယ်တားဆီးသွားမည်။

(၁၀) ပြည်သူများ မိမိတို့နေထိုင်သည့် အိမ်၊ ခြံမြေများကို မိမိတို့တရားဝင်ပိုင်ဆိုင်ခွင့်ရရှိစေရေးနှင့် မြေသိမ်းဆည်းခံရခြင်းများဖြစ်ပေါ်လာပါက နစ်နာမှုအခွင့်အရေးများကို တောင်းဆိုပိုင်ခွင့်ရရှိစေရေးအတွက် ဥပဒေပြုကာကွယ်ပေးသွားမည်။

(၁၁) ငွေကြေးဓနအင်အား၊ လူအင်အားဖြင့် အုပ်စုဖွဲ့အနိုင်ကျင့်မှုများ၊ မလျော်ညြဇာသုံးအနိုင်ကျင့်မှုများပပျောက်အောင် ဆောင်ရွက်ပေးမည်။

**ရှိသေလေးစားအပ်ပါသောမိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီသည် အာဏာအတွက်မဟုတ်ပါ။ ပြည်သူလူထုအကျိုးကို ဆောင်ရွက်လိုသော ဆန္ဒတစ်ခုတည်းဖြင့် လွှတ်တော်နိုင်ငံရေးကို ကြိုးစားနေကြခြင်းဖြစ်ပါတယ်။ ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးအတွက် လက်တွေ့အကောင်အထည်ဖော် ကြိုးပမ်းလုပ်ဆောင်သွားပါမယ်လို့ ဒီနေရာက အခိုင်အမာကတိပြုပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် ကျွန်တော်တင်ပြလိုတာကတော့ ---

ကျွန်တော်တို့ပါတီရဲ့ မူဝါဒဟာ ပြည်သူအကျိုးကို အစွမ်းကုန်အကာအကွယ်ပေးမယ်၊ အမျိုးသားအကျိုးစီးပွားကို အမြဲတမ်းဦးစားပေးပါမယ်၊ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေအတွက် လုံခြုံစိတ်ချရတဲ့ လူမှုပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးလုပ်ဆောင်သွားပါမယ်။

ထို့အတူ ကျွန်တော်တို့ပါတီက ကိုယ်စားလှယ်အများစုကို မျိုးချစ်စိတ်ရှိသူ၊ အများအကျိုးဆောင်ရွက်လိုသူ၊ ဥပဒေရေးရာကျွမ်းကျင်သူများ၊ နယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ဖူးသူ၊ နိုင်ငံရေးနှင့် စီမံခန့်ခွဲရေးအပိုင်းတွင် ဘွဲ့ရ၊ ဘွဲ့လွန်ပညာတတ်များကို စိစစ်ရွေးချယ်ထားခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်စားလှယ်လောင်းများရဲ့ အရည်အချင်းနဲ့လုပ်ရပ်များကို လေ့လာသုံးသပ်ပြီး ကိုယ့်ဒေသ၊ ကိုယ့်ပြည်နယ်မြို့ရွာများ၏ အကျိုးစီးပွားနှင့် စစ်မှန်သောအပြောင်းအလဲအတွက် အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီကို ရွေးချယ်မဲပေးကြပါ၊ မိဘပြည်သူများနှင့်အတူ တိုးတက်မှုအသစ်တွေကို ဖန်တီးတည်ဆောက်ချင်ပါတယ်။ အခွင့်အရေးပေးကြပါ။ စစ်မှန်သော အပြောင်းအလဲအတွက် မိဘပြည်သူများရဲ့ ရင်ထဲကဆန္ဒမဲကို အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီရဲ့ အမှတ်အသားဖြစ်တဲ့ " ကဒေါင်းစိမ်း" ကို မဲပေးရွေးချယ်ပေးပါလို့ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။

မိဘပြည်သူများ ကျန်းမာရွှင်လန်းကြပါစေ....

**ဒို့မျှော်လင့်ချက်ပြည့်စေဖို့ မဲပေးကြစို့**

V 1

- ကဒေါင်းစိမ်းလာပြီဗျ ပြည်သူများအတွက် စိတ်အေးချမ်းသာ
- ဒို့မြန်မာပြည် နိုင်ငံတစ်လွှား ထင်ပေါ်ထွန်းတောက်နေမင်းကြီးပမာ
- ဦးဦး ဒေါ်ဒေါ် ကိုကို မမ မဲပေးကြပါ
- ကျေးလက်တောရွာ နေရာအနှံ့မကျန် တိုးတက်ရမှာ
- တစ်သားတည်း တန်းတူအခွင့်အရေးရဖို့ -- မဲထည့်ကြပါ
- ဒို့မြို့ ဒို့ရွာ သာယာဖို့အတွက် .. မဲပေးကြပါ
- ဒို့မျှော်လင့်ချက် ပြည့်စေဖို့အတွက်
- အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီကို----
- မဲပေးကြစို့။

V 2

- ဒို့နိုင်ငံ ပြည်သူများအတွက် မျှော်ကာရွယ်ရည်
- ပြည်သူ့ဘဝ အေးချမ်းဖို့အတွက် ...NIDP
- ပညာရေး ကျန်းမာရေးကို ဦးထိပ်ပန်ဆင်
- လူမှုရေးစီးပွားအရေးအတွက် ...NIDP
- စိတ်ကူးမလွဲကြနဲ့ အနာဂတ်ရှေ့ခရီးအတွက်
- အမြန်သာလာပါအမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီကို
- မဲပေးကြစို့.......။

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ရုပ်ရှင်အနုပညာရှင်များ ပါဝင်ဆောင်ရွက်





**နေပြည်တော် နိုဝင်ဘာ ၁၁**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရုပ်ရှင်အနုပညာရှင်များကလည်း အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ကြသည်။

ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲနှင့်သာ ဖော်ဆောင်နိုင်မည်ဖြစ်ရာ ပြည်သူတစ်ရပ်လုံးက ရွေးကောက်ပွဲကြီးတွင် ပါဝင်မဲပေးပြီး ဒီမိုကရေစီနိုင်ငံတော်ကို အတူတကွ ဖော်ဆောင်ကြရန်အတွက် ပြည်သူချစ်သော ရုပ်ရှင်အနုပညာရှင်များကလည်း တစ်ဖက်တစ်လမ်းက ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ စတင်ပြီး ရန်ကုန်မြို့ အနုပညာရပ်ဝန်း၌ ရုပ်ရှင်ဒါရိုက်တာများနှင့် အနုပညာရှင်များ ပူးပေါင်း၍ အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်မှုတွင် ရုပ်ရှင်အနုပညာရှင်များဖြစ်ကြသည့် အကယ်ဒမီ ပြေတီဦး၊ အကယ်ဒမီ စိုင်းစိုင်းခမ်းလှိုင်၊ အကယ်ဒမီထွန်းထွန်း၊ အကယ်ဒမီ ရွှေထူး၊ ညီနန္ဒ၊ ဟိန်းဝေယံ၊ ပိုင်တံခွန်၊ အောင်ရဲလင်း၊ အလင်းရောင်၊ တိုင်ရွှန်၊ လွှမ်းပိုင်၊ ကျော်ထက်အောင်၊ထူးအောင်၊ အကယ်ဒမီ ထွန်းအိန္ဒြာဗိုလ်၊ အကယ်ဒမီ ခိုင်သင်းကြည်၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ အကယ်ဒမီ စိုးပြည့်သဇင်၊ အကယ်ဒမီ ဖွေးဖွေး၊ အကယ်ဒမီ ဝတ်မှုံရွှေရည်၊ အကယ်ဒမီ ချောရတနာ၊ အကယ်ဒမီ အေးမြတ်သူ၊ အကယ်ဒမီ ရွှေမှုန်ရတီ၊ အကယ်ဒမီ ခင်ဝင့်ဝါ၊ မိုးဟေကို၊ ယွန်းဝတီလွင်မိုး၊ ပိုးမမှီသာ၊ ရတနာဗို၊ သဥ္ဇာဝင့်ကျော်၊ ဖူးစုံ၊ နော်ဖောအယ်ထား၊ ဆောင်းဝတ်ရည်မေ၊ မေပန်းချီ၊ သဲစုညီမ်း၊ မေမီကိုကိုနှင့် ရွှေသမီးတို့က ရွေးကောက်ပွဲဆိုင်ရာ ပြည်သူအသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)







## ရေစူးကန့်သတ်ချက်လိုက်နာကြရန် ရေလမ်းသတိပေးနှိုးဆော်ချက်

၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ၂၀၂၆ ခုနှစ် မေ ၁၅ ရက်ထိကာလသည် ရေနည်းကာလဖြစ်သောကြောင့် ပြည်တွင်းရေလမ်းများတွင် ရေယာဉ်များ လုံခြုံချောမွေ့စွာသွားလာနိုင်ရေးအတွက် ရေကြောင်းနယ်မြေအလိုက် ရေယာဉ်များ၏ ဝန်တင်ရေစူးကို ရေနည်းကာလအတွင်း အောက်ပါအတိုင်း ကန့်သတ်ထားပါသည်-

| စဉ် | မြစ်အမည် | ရေကြောင်းနယ်မြေ | | ရေစူးကန့်သတ်ချက် | |
|---|---|---|---|---|---|
| | | မှ | ထိ | ပေ | လက်မ |
| ၁။ | ဧရာဝတီမြစ် | ဟင်္သာတ | ပြည် | ၅ | ၆ |
| ၂။ | | ပြည် | မန္တလေး | ၅ | ၀ |
| ၃။ | | မန္တလေး | ကသာ | ၄ | ၀ |
| ၄။ | | ကသာ | ဗန်းမော် | ၃ | ၉ |
| ၅။ | | ဆင်ဘို | မြစ်ကြီးနား | ၂ | ၆ |
| ၆။ | ချင်းတွင်းမြစ် | ချင်းတွင်းဝ | မုံရွာ | ၃ | ၀ |
| ၇။ | | မုံရွာ | ကလေးဝ | ၃ | ၃ |
| ၈။ | | ကလေးဝ | ဟုမ္မလင်း | ၃ | ၀ |
| ၉။ | | ဟုမ္မလင်း | ခန္တီး | ၂ | ၆ |

သို့ဖြစ်ပါ၍ ဖော်ပြပါ ဝန်တင်ရေစူး ကန့်သတ်ချက်ကို ရေယာဉ်များ လိုက်နာကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း လိုက်နာခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။

**ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

☆ **ဂေါက်သီးရိုက်ပြိုင်ပွဲမှ**

ချန်ပီယံဆု အဆုံးအဖြတ်အတွက် အာရွန်ရိုင်နှင့် ဖလက်ဝုဒ်တို့ Play-off အဆင့်အား ဆက်လက်ယှဉ်ပြိုင်သွားခဲ့ရာ အာရွန်ရိုင်က အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးရရှိသွားခဲ့သည်။ Play-off အဆင့်တွင် ရှုံးနိမ့်ခဲ့သည့် ဖလက်ဝုဒ်သည် ဒုတိယနေရာနှင့်သာ ကျေနပ်ခဲ့ရပြီး ဒိန်းမတ်ဂေါက်သီးရိုက် ကစားသမား ဟော့ဂတ်နှင့် မြောက်အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းတို့က စုစုပေါင်းသတ်မှတ် ရိုက်ချက်ထက် ၂၄ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

အကြိတ်အနယ်ရှိခဲ့သည့် ပြိုင်ပွဲတစ်ပွဲဖြစ်ခဲ့ပြီး ချန်ပီယံဆုအတွက် Play-off အဆင့်ထိကစားခဲ့ရပြီးနောက် အာရွန်ရိုင်က "တကယ်ကို ခက်ခဲတဲ့ပြိုင်ပွဲတစ်ပွဲပါ။ ဘယ်လောက်ခက်ခဲလဲဆိုတာကို စကားလုံးနဲ့ ဖော်ပြလို့မရပါဘူး။ ရီယာ့ဒ်မြို့မှာ ပြိုင်ပွဲကစားရတာ ပျော်စရာကောင်းခဲ့ပါတယ်။ ပြိုင်ပွဲဝင်ရတာ ပျော်စရာကောင်းသလို ချန်ပီယံတစ်ယောက်အနေနဲ့ အဆုံးသတ်ခွင့်ရတာကိုလည်း ဂုဏ်ယူမိပါတယ်။ ဖလက်ဝုဒ်ကလည်း တော်တော်လေးကို ကောင်းခဲ့ပါတယ်။ သူလည်း ချန်ပီယံဆုနဲ့ ထိုက်တန်ခဲ့ပါတယ်" ဟု ပြောကြားခဲ့သည်။

တတိယနေရာနှင့်သာ ကျေနပ်ခဲ့ရသည့် ကမ္ဘာ့အဆင့်(၂) ဂေါက်သီးရိုက်ကစားသမားမက်အီလ်ရွိုင်းက "အောင်မြင်မှုရဖို့အတွက် တတ်နိုင်သလောက် အကောင်းဆုံး ကြိုးစားခဲ့ပါတယ်။ ရလဒ်တွေလည်းကောင်းခဲ့ပါတယ်။ စွမ်းဆောင်ရည်နဲ့ပတ်သက်ပြီး အားရကျေနပ်မိပါတယ်။ လာမယ့်ရက်သတ္တပတ် ဆော်ဒီအာရေဗျနိုင်ငံမှာကျင်းပမယ့် ပြိုင်ပွဲအတွက်လည်း ကြိုတင်ပြင်ဆင်သွားပါမယ်"ဟုပြောကြားခဲ့ကြောင်း သိရသည်။ Ref : TSN

Trs : AZL

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"အကြမ်းဖက် PDF အဖွဲ့ မိုင်းခွဲဖျက်ဆီးလိုက်တဲ့ ဧရာဝတီတံတား (ရတနာသိခ်)"**ခေါင်းစဉ်ဖြင့် ၁၂-၁၁-၂၀၂၅ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၉-၁၁-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **"တိုင်းပြည်လည်းနာရသလို ပြည်သူလည်းနာရတဲ့ အကြမ်းဖက်သမားတွေရဲ့ ဖောက်ခွဲဖျက်ဆီးသတ်ဖြတ်မှုများ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်များ ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၃၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၅၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



နေပြည်တော် နိုဝင်ဘာ ၁၁

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မယ်ထော်သလေး(KK Park)နယ်မြေတို့တွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၂၇ ဦး၊ ပါကစ္စတန်နိုင်ငံသား ငါးဦးနှင့် ကာဇက်စတန်နိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၃၃ ဦးတို့ကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၅၃ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးစံရွှေနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ Assistant (Counsellor Affairs) Mr. Muhammad Umar နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Damir Akhmetov နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Attache and Assistance to Nationals Officer Ms. Musetar C. Moso နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာအထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့-မယ်ထော်သလေး (KK Park) နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ဦးရေ ၄၀၊ နီပေါနိုင်ငံသား ၁၂ ဦးနှင့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၅၃ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၁၁ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၈၁၅ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၉၅၃၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၂၇၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။(၅၀၁)

---

## ❑ ဖမ်းဆီးရမိမှု

တရားမဝင်ကျွန်းသစ် သုည ဒသမ ၀၉၃ တန်၊ အခြားသစ် ၈ ဒသမ ၉၇၄ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၇၄၂၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၇ ရက်တွင် ရတနာပုံတံတားစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခြောက်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၅၃၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Dyna တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ ကိုလည်းကောင်း၊ နိုဝင်ဘာ ၈ ရက်တွင် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၉ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၇၁၈၉၂၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Win Myanmar Light Truck တစ်စီး၊ Nissan Diesel Truck တစ်စီး၊ Nidi Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၈၃၇၁၉၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၉ ရက်တွင် မုတ္တမဆိပ်ကမ်း(လှိုင်သာယာ)၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ် တစ်စီးပေါ်မှ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ (ID)ပါ ဖော်ပြချက်နှင့် ကိုက်ညီမှန်ကန်မှုရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုးနှင့် လူသုံးကုန်ပစ္စည်း နှစ်မျိုးကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးခဲ့ပြီး သွင်းကုန်ကြေညာလွှာ(ID)တွင် ဖော်ပြထားခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံးပစ္စည်း ၇၃ မျိုး၊ စားသောက်ကုန်ပစ္စည်း ရှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၃၅၈၇၈၅၂၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Sea Lion 5 ရေယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀၀ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၈၅၈၇၈၅၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

နိုဝင်ဘာ ၇ ရက်မှ ၉ ရက်ထိ ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၂၉ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၁၆၂၇၈၆၄ ကိုဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။

သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

---

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# တိုင်ဖွန်းမုန်တိုင်းဖန်ဝမ် ဖိလစ်ပိုင်နိုင်ငံမှ တရုတ်(တိုင်ပေ)သို့ ချဉ်းကပ်လာသဖြင့် ဒေသခံဦးရေ ၃၀၀၀ ကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် သတိပေး



**ပေကျင်း နိုဝင်ဘာ ၁၁**

တိုင်ဖွန်းမုန်တိုင်း ဖန်ဝမ်သည် ယနေ့တွင် ဖိလစ်ပိုင်နိုင်ငံမှတရုတ်(တိုင်ပေ)သို့ ချဉ်းကပ်လာသဖြင့် ဒေသခံဦးရေ ၃၀၀၀ ကို ဘေးလွတ်ရာသို့ကြိုတင်ရွှေ့ပြောင်းရန် မိုးလေဝသဌာနက သတိပေးထားကြောင်း ယနေ့သတင်းများအရ သိရသည်။

တိုင်ဖွန်းမုန်တိုင်း ဖန်ဝမ်သည် တရုတ်(တိုင်ပေ)သို့ချဉ်းကပ်လာစဉ် အားပျော့သွားသော်လည်း အန္တရာယ်ရှိနေဆဲဖြစ်သည့် အတွက် မုန်တိုင်းဒဏ်သင့်နိုင်သော ဒေသများမှ ဒေသခံ ဦးရေ ၃၀၀၀ ကျော်ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ကြိုတင် သတိပေးထားခြင်းဖြစ်ကြောင်း၊ တိုင်ဖွန်းမုန်တိုင်းဖန်ဝမ် ဝင်ရောက်ပါက ထိုင်ဝမ်ကျွန်း၏ တောင်တန်းအရှေ့ဘက် ကမ်းရိုးတန်းက စတင်ဝင်ရောက်လာနိုင်ပြီး မုန်တိုင်းအရှိန်ကြောင့် အဆိုပါ ကမ်းရိုးတန်း တစ်လျှောက်တွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်သဖြင့် ရေကြီးရေလျှံမှုများလည်းဖြစ်လာနိုင်ကြောင်း မိုးလေဝသဌာနက ကြိုတင်သတိပေးထားသည်။

နိုဝင်ဘာ ၁၂ရက်တွင် တိုင်ဖွန်းမုန်တိုင်း ဖန်ဝမ်သည် တရုတ်(တိုင်ပေ)ရှိ အဓိကဆိပ်ကမ်းမြို့ဖြစ်သည့် ကောင်းရှုံးမြို့ကို ဝင်ရောက်နိုင်ကြောင်း၊ ထို့နောက် လူဦးရေနေထိုင်မှုနည်းပါးသော အရှေ့ပိုင်းခရိုင်များဖြစ်သည့် တိုင်တောင်နှင့် ဟွာလျန်တို့သို့ ဆက်လက်ဝင်ရောက်နိုင်ကြောင်း၊ မုန်တိုင်းဝင်ရောက်စဉ် ကမ်းနီးကမ်းဝေး သင်္ဘောများကို နီးစပ်ရာကမ်းသို့ အမြန်ဆုံးကပ်ရန်နှင့် ဒေသခံများကို မုန်တိုင်းအတွက် ကြိုတင်ပြင်ဆင်ထားကြရန် သက်ဆိုင်ရာ အာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# နယူးဇီလန်နိုင်ငံ၏ အမျိုးသားဥယျာဉ်အတွင်း လောင်ကျွမ်းနေသောတောမီးကို ထိန်းချုပ်နိုင်ပြီဖြစ်

**ဝယ်လင်တန် နိုဝင်ဘာ ၁၁**

နယူးဇီလန်နိုင်ငံ မြောက်ကျွန်းတွင်ရှိသည့် နယူးဇီလန်နိုင်ငံ၏ သက်တမ်းအရင့်ဆုံးသော အမျိုးသားဥယျာဉ်တွင် နိုဝင်ဘာ ၈ ရက်မှစ၍ တောမီးလောင်ကျွမ်းခဲ့ပြီး တောမီးမှာ ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိခဲ့သော်လည်း နိုဝင်ဘာ ၁၀ ရက်တွင် မိုးရွာသွန်းလာသည့်အတွက် တောမီးကို စတင်ထိန်းချုပ်နိုင်ခဲ့ပြီး ယနေ့တွင် အပြည့်အဝထိန်းချုပ်နိုင်ပြီဖြစ်သည်ဟု နယူးဇီလန် မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

တောမီးသည် ၁၀ စတုရန်းမိုင်ထိ လောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တောမီးကို ထိန်းချုပ်နိုင်ရေးအတွက် ရဟတ်ယာဉ် ၁၅ စင်း၊ လေယာဉ် ငါးစင်းထိ အသုံးပြုကာ တောမီးကို ထိန်းချုပ်နိုင်ရန် ကြိုးစားခဲ့ကြောင်း သိရသည်။

"တောမီးဟာ နိုဝင်ဘာ ၈ ရက်ကစတင်ပြီးတော့ လောင်ကျွမ်းခဲ့တာဖြစ်ပါတယ်။ အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းတဲ့ဧရိယာ ကျယ်ဝန်းခဲ့ပါတယ်။ လေကြောင်း အကူအညီတွေနဲ့ တောမီးကိုထိန်းချုပ်နိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ တောမီးကို ထိန်းချုပ်နိုင်ဖို့ ခက်ခဲနေခဲ့ပါတယ်။ နိုဝင်ဘာ ၁၀ ရက်နေ့မှာ ရုတ်တရက် မိုးရွာသွန်းလာတဲ့အတွက်ကြောင့်တောမီးကို စတင်ပြီးတော့ ထိန်းချုပ်နိုင်ခဲ့ပါတယ်။ ဒီနေ့မှာတော့ တောမီးလောင်ကျွမ်းမှုကို ရာနှုန်းပြည့် ထိန်းချုပ်နိုင်ပြီဖြစ်ပါတယ်"ဟု နယူးဇီလန် မီးသတ်နှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဒရာဗစ်ဇကီက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# အိုင်ယာလန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းနေပြီး မြစ်ရေလျှံတက်လာနိုင်သဖြင့် ရေဘေးအန္တရာယ် အဝါရောင်အဆင့်အဖြစ် သတိပေးချက်သတ်မှတ်

**ဒပ်ဘ်လင် နိုဝင်ဘာ ၁၁**

အိုင်ယာလန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းနေပြီး မြစ်ရေလျှံတက်လာနိုင်သဖြင့် ရေဘေးအန္တရာယ်အဝါရောင်အဆင့်အဖြစ် သတိပေးချက် သတ်မှတ်ကြောင်း အိုင်ယာလန် မိုးလေဝသညွှန်ကြားရေးဦးစီးဌာန Met Eireann က ထုတ်ပြန်ခဲ့သည်ဟု နိုဝင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့် ဒေသများမှာ ကော့ခ်ဒေသ၊ ကာရီဒေသ၊ ဝါတာဖို့ဒ်ကောင်တီတို့ဖြစ်ကြောင်း၊ မိုးရေချိန်မှာ မီလီမီတာ ၅၀ ထိ မြင့်တက်နေခြင်းကြောင့် မိုးရွာသွန်းပြီး အချိန်တိုအတွင်း ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း Met Eireann က ထုတ်ပြန်ထားသည်။

"ကော့ခ်ဒေသ၊ ကာရီဒေသနဲ့ ဝါတာဖို့ဒ်ကောင်တီတို့မှာ မိုးသည်းထန်စွာ ရွာသွန်းနေပါတယ်။



မိုးရေချိန်ကလဲ မီလီမီတာ ၅၀ ထိ မြင့်တက်နေတဲ့ အတွက်ကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ မိုးရေချိန်မြင့်မားတဲ့အတွက် ရေဘေးအန္တရာယ်အဝါရောင်အဆင့် သတိပေးချက် သတ်မှတ်ထားပြီး အန္တရာယ်အဆင့်ကိုလဲ ပြင်ဆင်သတ်မှတ်သွားမှာ ဖြစ်ပါတယ်။ မိုးရေချိန်တွေကတော့ ဆက်လက်မြင့်တက်လာနိုင်တဲ့ အနေအထားမျိုးမှာရှိနေပါတယ်။ အထူးသဖြင့် တောင်ဘက်ပိုင်း ဒေသတွေမှာ မိုးရွာသွန်းမှုနှုန်း ပိုပြီးတော့ မြင့်မားနေပါတယ်။ အပူချိန်တွေလဲ သိသိသာသာလျော့ကျနေပြီး အအေးဓာတ်တွေ မြင့်တက်နေပါတယ်"ဟု အိုင်ယာလန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာန Met Eireann မှ သုတေသီတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ဂျပန်နိုင်ငံ ကမ်းရိုးတန်းဒေသတွင် ဆူနာမီလှိုင်းဖြစ်ပွားခဲ့သဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးထား

**တိုကျို နိုဝင်ဘာ ၁၁**

ဂျပန်နိုင်ငံ ကမ်းရိုးတန်းဒေသတွင် ဆူနာမီလှိုင်းဖြစ်ပွားခဲ့သဖြင့် သတိပေးချက် ထုတ်ပြန်ကာ ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် အာဏာပိုင်များက သတိပေးထားကြောင်း နိုဝင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

ဂျပန်နိုင်ငံ၏ အကြီးဆုံးကျွန်းဖြစ်သည့် ဟွန်ရှူးကျွန်းအရှေ့ဘက်ကမ်းရိုးတန်းတွင် နိုဝင်ဘာ ၉ ရက်က ပြင်းအား ၆ ဒသမ ၂ မဂ္ဂနီကျုရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ပြီးနောက် နိုဝင်ဘာ ၉ ရက် ဂျပန်ဒေသစံတော်ချိန် ညနေ ၅နာရီ ၁၂ မိနစ်တွင် ဂျပန်နိုင်ငံမြောက်ဘက် အီဝါတီစီရင်စုကမ်းခြေသို့ ဆူနာမီလှိုင်း ပထမဦးဆုံး ရောက်ရှိခဲ့ကြောင်း ဂျပန်နိုင်ငံ သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

လက်ရှိအချိန်ထိ ငလျင်နှင့် ဆူနာမီဖြစ်ပွားရာ ဒေသအနီးတည်ရှိသည့် Onagawa နျူကလီးယား ဓာတ်အားပေးစက်ရုံသည် ဆူနာမီလှိုင်းကြောင့် မူမမှန်မှုနှင့် ထိခိုက်မှုမရှိသေးကြောင်း၊ ပထမဆုံးဆူနာမီလှိုင်းသည် အမြင့် တစ်မီတာခန့်ရှိကြောင်း၊ ထိုဆူနာမီလှိုင်းအမြင့်ထက်မြင့်သည့် အခြားဆူနာမီလှိုင်းများ ထပ်မံဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းရိုးတန်းများ အနီးနေထိုင်သူဒေသခံများ၊ နျူကလီးယားဓာတ်အားပေးစက်ရုံအနီး နေထိုင်သူများကို ဘေးလွတ်ရာ ကြိုတင်ရွှေ့ပြောင်းရန် သတိပေးထားပြီး နိုဝင်ဘာ ၁၀ ရက်မှ စတင်၍ ရွှေ့ပြောင်းမှုများကို သက်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့များက ဆောင်ရွက် ပေးလျက်ရှိကြောင်း ဂျပန်သတင်းဌာန၏ သတင်းများအရ သိရသည်။

ထို့ပြင် အီဝါတီစီရင်စုရှိ မြို့နယ်တချို့တွင် ကျောင်းများကို ပိတ်ထားခဲ့ပြီး ဆူနာမီပထမဆုံး ဝင်ရောက်ခဲ့သည့် ကမ်းခြေအနီး သွားရောက်ခြင်း၊ ငါးဖမ်းထွက်ခြင်းများမပြုလုပ်ရန်နှင့် ကမ်းနီး၊ ကမ်းဝေးသင်္ဘောများကို နီးစပ်ရာကမ်းသို့ အမြန်ဆုံးကပ်ရန် သတိပေးထားကြောင်း သိရသည်။

ယခုအချိန်ထိ ပြည်သူများ ထိခိုက်ဒဏ်ရာရသူ၊ ပျောက်ဆုံးသူ မရှိသေးသော်လည်း ဂျပန်အစိုးရက ဆူနာမီလှိုင်းများ ထပ်မံဖြစ်ပေါ်နိုင်သောကြောင့် ပြည်သူများကို ဤထုတ်ပြန်ချက် မရုတ်သိမ်းမချင်း သတိပြုနေထိုင်ကြရန် သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# အီရန်နိုင်ငံတွင် မိုးခေါင်မှုကြောင့် မြစ်၊ ချောင်းတချို့ရေခန်းခြောက်ကာ သောက်သုံးရေပေးဝေမှု အခက်အခဲဖြစ်ပေါ်

**တီဟီရန် နိုဝင်ဘာ ၁၁**

အီရန်နိုင်ငံတွင် မိုးခေါင်မှုဖြစ်ပေါ်နေပြီး မိုးခေါင်မှုကြောင့် မြစ်ချောင်းတချို့ ရေခန်းခြောက်ကာ သောက်သုံးရေပေးဝေမှုအတွက် အခက်အခဲများဖြစ်ပေါ်ကြောင်း National Center for Climate and Drought Crisis Management (NCCDCM) က ထုတ်ပြန်ခဲ့သည်ဟု နိုဝင်ဘာ ၁၀ ရက် သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

မိုးခေါင်မှုနှင့် မြစ်ချောင်းတချို့ ရေခန်းခြောက်လာသည့်အတွက် သောက်သုံးရေလုံလောက်စွာပေးဝေနိုင်တော့မည်မဟုတ်ကြောင်း၊ သောက်သုံးရေလုံလောက်စွာပေးဝေနိုင်မည်မဟုတ်တော့သည့် ဧရိယာများမှာ တီဟီရန်မြို့၊ ကာရာမြို့၊ တာဘရစ်ဇ်မြို့၊ မက်ရှ်ဟက်မြို့နှင့် အာရက်ခ်မြို့တို့ဖြစ်ကြောင်း၊ ရေခန်းခြောက်မှုပြဿနာဖြင့် အဆိုးရွားဆုံးရင်ဆိုင်နေရသည့်မြို့မှာ တီဟီရန်မြို့ဖြစ်ကြောင်း National Center for Climate and Drought Crisis Management (NCCDCM)က ထုတ်ပြန်ခဲ့သည်။

"မိုးခေါင်မှုတွေနဲ့ မြေအောက်ရေအရင်းအမြစ် ယိုယွင်းလာမှုတွေကြောင့် မြစ်ချောင်းတွေမှာ ရေခန်းခြောက်လာတယ်။ သောက်သုံးရေ ရှားပါးလာမှုကြောင့် သောက်သုံးရေကို အကန့်အသတ်နဲ့သာ ပေးဝေနိုင်တော့မှာဖြစ်ပါတယ်။ ရေခန်းခြောက်မှုပြဿနာနဲ့ အဆိုးရွားဆုံးရင်ဆိုင်နေရတဲ့ ဒေသတွေကတော့ တီဟီရန်မြို့၊ ကာရာမြို့၊ တာဘာရစ်ဇ်မြို့၊ မက်ရှ်ဟက်မြို့နဲ့ အာရက်ခ်မြို့တို့ပဲ ဖြစ်ပါတယ်"ဟု National Center for Climate and Drought Crisis Management (NCCDCM) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat




(၁)

တစ်ခေါက်တလေမှာ မသိသာသော်လည်း အခေါက်ပေါင်းများလာသည်နှင့်အမျှ ပခုံးတွေ ကျိန်းစပ်လို့လာသည်။ လမ်းများက ချောက်ကုန်း မြေပီပီ အတက်အဆင်းများ၏။ နီးသည်ဆိုသော်ငြား အတော်လေးသွားရသည်။ နေကစောင်းလုသည့်တိုင် အပူဒဏ်က လျော့ကျမသွားသေးချေ။

"အဖေ ခဏနားလိုက်အုံး၊ ကျွန်တော် ထမ်းလိုက်မယ်"

ရောက်သည်နှင့် သားကထမ်းပိုးကို လက်ပြောင်းယူပြီး သံပုံးနှစ်ပုံးထဲ ရေတွေလှယ်ထည့်၏။

"တစ်ဝက်ပဲထည့်ပြီးထမ်း လူလေး၊ ခရီးက ဝေးလှသကွ"

သားကခေါင်းညိတ်ပြပြီး ရေပုံးနှစ်ပုံးကို ထမ်းပိုးမှာချိတ်ကာထမ်းပြီး ထွက်သွားသည်။

"အေးမေ... ဘယ့်နှယ်တုံး"

"စိုက်လို့တော့ ကောင်းပါ့တော်၊ ပျိုးပင်တွေကသန်ပ့ါ"

မအေးမေ ပြုံးရွှင်နေသည်။ မြေကျင်းကလေးထဲ ငရုတ်ပင်လေးထည့်ပြီး မြေဖို့ကာရေလောင်း၏။

"ပျိုးပင်က သန်မှပေ့ါ၊ ဒါမှ လေဒဏ် မိုးဒဏ် ခံနိုင်မှာ"

မအေးမေလက်ထဲမှ ငရုတ်ပင်အနည်းငယ်ကို ကိုသာမြ ခွဲယူပြီးစိုက်၏။ ပျိုးပင်တွေက တော်တော်လေး သန်လှ၊ ထွားလှသည်။ အချိန်ပေးပြီး ဂရုတစိုက် ပြုစုပျိုးထောင်ရကျိုးနပ်သည်။ ကိုသာမြပင်ပန်းပေမဲ့ ကျေနပ်ရ၏။ သည်အနေအထားရောက်အောင် အရိပ်တကြည့်ကြည့်နှင့်ဂရုစိုက်ခဲ့ရသည်။ မြေမွမွမှာ နွားချေးနှင့် မြေဩဇာကို ဝလင်အောင်ထည့်ရ၏။ ငရုတ်စေ့ကလေးများပက်ကြဲကာ ပျိုးထောင်ပြီးတော့လည်း နေ့စဉ်မပြတ်ရေလောင်းပေးရသည်။ တစ်စုံတစ်ခုချို့ယွင်းချက်ကြောင့် ပျိုးပင်လေးများ ပျက်စီးသွားမှာ ကိုသာမြမလိုလား။ ဝယ်စိုက်၍ရသည်ဆိုသော်ငြား ကိုယ်တိုင်ကိုယ်ကျပျိုးထောင်ထားသည့် ပျိုးပင်တွေလောက်စိတ်မချရ။ မတန်တဆပေးကာဝယ်ရမည်မို့ အပိုကုန်သည်ဟု ကိုသာမြ ထင်သည်။ ထို့အတွက်ကြောင့် ငရုတ်စိုက်မည်စိတ်ကူးကတည်းက ငရုတ်မျိုးကောင်းကို ရှာဖွေကာကိုယ်တိုင်ကိုယ်ကျ သေချာကျနစွာ ပျိုးထောင်တော့သည်။

"လူလေး မြန်လှချည်လားကွ"

"မြန်မှရမယ် အဖေရ၊ နေက ဝင်လုပြီ"

သားက လျော့နည်းသွားသည့်သံပုံးတွေထဲ ရေဖြည့်ကာဆို၏။ ဒီတော့မှ အနောက်တောင်စောင်းမှာ မေးတင်နေပြီဖြစ်သည့်နေမင်းကို ကိုသာမြ ငေးကြည့်မိသည်။ ဝင်လုပြီဆိုသော်ငြား အလင်းရောင်လေးရှိနေသေးသည်။ သို့သော် ယာခင်းပြင်တစ်ခုလုံးပြီးအောင်တော့ ငရုတ်စိုက်နိုင်လိမ့်မည်မဟုတ်ပေ။ နောက်တစ်နေ့ကူးတော့မည်။

"လူလေးနားတော့ကွာ၊ ဒါလေးပြီးရင် ပြန်ရအောင်"

သားက ကျန်နေသေးသည့်ပျိုးပင်လေးတွေကို ခွဲယူပြီး မြေကျင်းကလေးထဲထည့်ကာ မြေဖို့ပြီး ရေလောင်း၏။ ငယ်ရွယ်ပေမဲ့ ကိုသာမြနှင့် မအေးမေနည်းတူ တောင်သူလုပ်ငန်းများ လုပ်ဆောင်နိုင်သည်ကို ချီးကျူးရသည်။ အရွယ်နှင့်မလိုက် လောဘကရှေ့ရောက်နေတတ်သည်ကိုတော့ ချော့တစ်ခါခြောက်တစ်လှည့်နှင့် ကိုသာမြတားမြစ်နေရ၏။

မနှစ်ကတည်းက ငရုတ်စိုက်ဖို့ သားကဆိုသည်။ ကိုသာမြကအာရုံမလာ။ အခြားလုပ်ငန်းများကဲ့သို့ မရိုးရှင်းဘဲ အနုစိပ်ကာ ဂရုစိုက်ရတာကြောင့် စိတ်မပါတာလည်းပါသည်။ အချိန်တန်၍ထုတ်ရောင်းချိန်ရောက်တော့ ငရုတ်ဈေးကကြုံနေကျနှစ်များနှင့် မတူဘဲ ထူးထူးခြားခြား ဈေးကောင်းရနေလေသည်။ သားတော်မောင်ကတော့ပြောလို့မဆုံးပါချေ။ ငရုတ်မြင်တိုင်း ကိုသာမြကို အပြစ်တင်စကားပြောဆိုတော့သည်။ သည်နှစ်တွင်တော့ တစ်ခါဈေးကောင်းတိုးပြီးသည့် သီးနှံကိုရိုးရာမပျက်တစ်ရွာလုံးနီးပါး အားထည့်ကာ စိုက်ပျိုးကြတော့သည်။

(၂)

"ဦးလေး... ငမျိုးရော"

သား၏သူငယ်ချင်းကျော်မိုးက စက်ဘီးပေါ်မှ မဆင်းသေးဘဲ မြေပြင်မှာခြေဖျားကလေးထောက်ပြီး မေး၏။ ကိုသာမြ ရေချိုးပြီးစဆံပင်တွေကို ပုဆိုးစနှင့် ရေပြောင်အောင် သုတ်လိုက်သည်။

"ရှိတယ်ကွ၊ ရေသွားခပ်နေတာ၊ ခဏနေ ပြန်ရောက်တော့မှာ၊ လာ ထိုင်အုံးလေကွာ"

ကျော်မိုးက အသစ်စက်စက် စက်ဘီးလေးပေါ်က နေမဆင်းသေး။ ခပ်ကျဉ်းကျဉ်းအိမ်ဝိုင်းလေးထဲမှာ ကွေ့ဝိုက်ကာစီးနေသေး၏။ ကိုသာမြ ငေးကြည့်နေမိသည်။ မကြာသေးခင်ကမှ ကျော်မိုး၏အဖေဝယ်ပေးထားသည့် အသစ်စက်စက် စက်ဘီးကလေးက ပြောင်လက်နေသည်။ စက်ဘီးက ယောက်ျားလေးစီး အနက်ရောင်ဘားတန်းကလေးနှင့်။ ယမန်နှစ်က ဈေးကောင်းတိုးခဲ့သည့်ငရုတ်ဖိုးနှင့် ဝယ်ပေးထားသည့်စက်ဘီးကလေးဖြစ်သည်။ သားနှင့်အတူ နတ်မောက်ကျောင်းကို လမ်းလျှောက်ပြီး ကျောင်းသွားတက်နေကျ ကျော်မိုးသည် သည်နှစ်မှာတော့ စက်ဘီးနှင့် ကျောင်းတက်တော့မည်ဆို၏။ မြေကျဉ်းကျဉ်းလေးမှာ မရပ်နားဘဲစက်ဘီးကို ကွေ့ဝိုက်ကာ စီးနိုင်နေသည်က ကျော်မိုး၏စက်ဘီးစီးကျွမ်းကျင်မှုကို ပြသနေသည့်နှယ်။

"ကျော်မိုး.. ရောက်နေပြီလား၊ မင်းတောင် စက်ဘီးစီး တော်တော်ကျွမ်းနေပြီပဲ"

သားက ပခုံးပေါ်မှရေပုံးကိုမချသေးဘဲ စက်ဘီးစီးနေသည့်ကျော်မိုးကိုကြည့်ကာ စကားဆို၏။ သား၏အကြည့်ထဲမှာ စက်ဘီးကလေးအား လိုချင်နေသည့်တပ်မက်စိတ်ကလေး ပေါ်လွင်နေသည်ကို ဖခင်တစ်ယောက်ဖြစ်သည့် ကိုသာမြ မြင်ဖြစ်အောင် မြင်လိုက်သေးသည်။ ကလေးပီပီ ကျော်မိုးနည်းတူ လိုချင်ရှာမှာပဲလေ။

"ကျွမ်းအုံးမှပဲ၊ ဒူးတွေလဲအကောင်းကို မကျန်တော့ဘူး ငမျိုးရေ၊ မင်း... ရေခပ်လို့ပြီးပြီလား၊ ပြီးရင် ဘုန်းကြီးကျောင်းဝိုင်းထဲသွားရအောင်၊ ဒီချိန်ဆို လူရှင်းတယ်၊ မင်းစက်ဘီးစီးသင်ဖို့ အကောင်းဆုံးပဲ"

ကျော်မိုးကစက်ဘီးကိုရပ်ကာ မြေပြင်မှာ ခြေဖျားကလေးထောက်ပြီးပြော၏။ သားက ပြုံးရွှင်နေသည့်မျက်နှာထားနှင့် မအေးမေ ရေချိုးနေရာ ရေစည်ပိုင်းထဲ ရေတွေလှယ်ထည့်၏။ ပြီးသည်နှင့် ထမ်းပိုးကို အိမ်ခါးပန်းမှာချိတ်သည်။ အလုပ်တွေပြီးပြီဖြစ်တာကြောင့် ဘုန်းကြီးကျောင်းဝိုင်းထဲ သွားဖို့ရာ ကိုသာမြထံခွင့်တောင်းသည်။ ကိုသာမြ ခေါင်းညိတ်ပြလိုက်သည်နှင့် သားသည် ကျော်မိုးနောက်ကနေ စက်ဘီးကလေးကိုတွန်းကာ ပြေးလိုက်သွားတော့သည်။ သားပုံစံက အခါတိုင်းထက်ပင် ပေ့ါပါးသွက်လက်နေသယောင်။

(၃)

စိမ်းစိုနေသည့် ငရုတ်ပင်လေးများကို တွေ့မြင်ရသည်နှင့် ပင်ပန်းမှုများ ပြေပျောက်သွားရသည်။ အသီးကလေးများ ပွတ်တွဲကာသီးနေကြသည်က စိတ်ချမ်းသာစရာကောင်းလှသည်။ အချို့ အနီရောင်သမ်းကာ မှည့်နေကြလေပြီ။ ထိုနီရဲနေသည့် ငရုတ်သီးမှည့်များကို ကိုသာမြတို့သားအဖ လိုက်လံခူးဆွတ်ရင်း ဈေးကောင်းရပါစေကြောင်း ကိုသာမြ ဆုတောင်းနေမိသည်။

"ဒီနှစ်လဲ ဈေးကောင်းမှာပါ နော့ အဖေ"

သားက ငရုတ်သီးမှည့်ကလေးများကို ခူးဆွတ်ရင်းပြောသည်။

"မနှစ်ကထက်တောင် ပိုကောင်းအုံးမယ်၊ လူလေး နွားတွေကို သေချာကောချည်ခဲ့ရဲ့လား"

"ချည်ခဲ့ပါတယ် အဖေရဲ့၊ မြက်ပေါတဲ့နေရာကို သေချာရွေးပြီး ရွှေ့ချည်ခဲ့တာ"

သားကိုတော့ ကိုသာမြစိတ်ချသည်။ လက်လွှဲ၍ရသည်ဆိုသည့်တိုင် တစ်ယောက်တည်းတော့ မည်သည့်နေရာမျှ မလွှတ်ရက်သေးပါ။ ရှစ်တန်းတက်ရမည်ဆိုသော်ငြား ငယ်ရွယ်သေးသည်ဟု ကိုသာမြ ထင်သည်။

"အဖေ"

ကိုသာမြ လှည့်ကြည့်သည်။ သားက ဆက်မပြောသေးဘဲ ငရုတ်သီးမှည့်များကိုသာဆက်၍ ခူးဆွတ်နေလေသည်။

"အေး... ပြောလေ လူလေး"

သားကခေါင်းကုတ်သည်။ ငရုတ်သီးများကိုင်ထားသည့်လက်နှင့် မျက်နှာပွတ်မိမည်စိုးတာကြောင့် ကိုသာမြ သတိပေးနေရသေးသည်။

"ဟိုလေ..."

သားကဆက်မပြောဘဲ ကိုသာမြကို ကြည့်နေသည်။

"ဘာပြောမလို့လဲ လူလေး... ပြောလေ"

ကိုသာမြငရုတ်သီးမှည့်များကိုပင် ဆက်၍မခူးဆွတ်မိ။ သားပြောမည့်စကားကို စိတ်ဝင်စားနေမိသည်။

"ဟို... ဟိုလေ... ကျွန်တော် စက်ဘီးစီးတတ်နေပြီလို့၊ အဲ.. အဲဒါ ပြောမလို့ပါ"

သားက တစ်ဖက်သို့အကြည့်လွှဲသွားပြီး ငရုတ်သီးမှည့်များကို ဆက်၍ခူးဆွတ်နေသည်။ စက်ဘီးစီးတတ်နေပြီဖြစ်ကြောင်း ပြောချင်ရုံမျှနှင့်တော့ သားသည် ဤကဲ့သို့ အထစ်ထစ်အငေ့ါငေ့ါနှင့် စကားပလ္လင်ခံနေလိမ့်မည်မဟုတ်ပေ။ ကိုသာမြ သဘောပေါက်မိသော်ငြား သားကိုတော့ ဆက်၍ မမေးမိပါချေ။

"ဟုတ်လား... တော်လိုက်တာကွာ၊ လူလေး သင်တာဖြင့် မကြာသေးဘူး"

အလိုက်သင့်ပြောဆိုလိုက်ပြီး ငရုတ်သီးမှည့်များကိုသာ ကိုသာမြ ဆက်၍ခူးဆွတ်နေလိုက်သည်။ နေကလေးမြင့်လာသည်နှင့်အမျှ အပူဒဏ်က ပို၍တိုးလာသည်။ သို့တိုင် ကိုသာမြ ရင်တွင်းဝယ် စွဲကျန်ရစ်ခဲ့သည့် သား၏ပဟေဠိပုစ္ဆာက တအုံနွေးနွေးနှင့် ပို၍ပင် ပူလောင်နေရသည်။

(၄)

မိုးရိပ်မိုးသားများက အချိန်အခါမဟုတ်ပါဘဲ မည်းတက်လာကာ ပတ်ဝန်းကျင်တစ်ခုလုံး ရုတ်ချည်းမှိုင်းအုံ့သွားတော့သည်။ မိုးရိပ်မိုးသားများကို ကြည့်ကာ ကိုသာမြ အတွေးခေါင်စွာစဉ်းစားမနေနိုင်။ နေလှန်းထားသည့်ငရုတ်သီးမှည့်များကို ပြေးရုတ်ရသည်။ မအေးမေက မီးဖိုခန်းထဲမှထွက်လာပြီး ကူရုတ်ပေးသည်။

"မိုးကလဲ အချိန်မဟုတ် အခါမဟုတ်တော်"

မိုးခြိမ်းသံက ချက်ချင်းပင်ရွာတော့မည့်နှယ် ဟိန်းဟောက်နေလေသည်။ နီးစပ်ရာအိတ်တွေထဲ ငရုတ်သီးမှည့်တွေပစ်ထည့်ပြီး အိမ်အောက်အမြန်ရွှေ့ရသည်။ အခေါက်ခေါက်အခါခါ ရွှေ့ပြီးသည့်နောက်မှာ မိုးလွတ်ရာအိမ်အောက်ဆီသို့ ခြောက်လုလုငရုတ်သီးမှည့်များ အန္တရာယ်ကင်းကင်းနှင့် ရောက်ရှိသွားချေပြီ။

"အလကားမိုးကွာ... တောက်"

မည်းမှောင်နေသည့် မိုးရိပ်မိုးသားများသည် ဘယ်ဆီသို့နှယ် ရောက်သွားသည်မသိ။ ရုတ်ချည်း ပျောက်ကွယ်သွားပြီး နေရောင်ကလေးပင် ထိုးထွက်လာတော့၏။ **စာမျက်နှာ ၂၅ သို့ á**

# ဇလွန်မြို့နယ်တွင် ဒေသထွက်တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ



ဇလွန် နိုဝင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ဒေသထွက်တိုင်ထောင်ပဲသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ ယခုနှစ် နိုဝင်ဘာလပထမပတ်မှ ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေပြီး အဆိုပါ တိုင်ထောင်ပဲသီး တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ တိုင်ထောင်ပဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအားများနေတာပါ။ လက်ရှိ တစ်ရက်ကို တိုင်ထောင်ပဲသီးပိဿာချိန် ၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုလို တိုင်ထောင်ပဲသီးတွေ ဝယ်ယူအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်တဲ့တောင်သူတွေ အခွင့်အလမ်းပိုမိုရရှိပါတယ်"ဟု ဇလွန်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

ဇလွန်မြို့နယ်တွင် တိုင်ထောင်ပဲသီးများ ဝယ်ယူအားကောင်း အရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း၊ ဒေသထွက်ကုန်များသာ ရောင်းချရသည့်အတွက် သယ်ယူစရိတ်ကုန်ကျမှုသက်သာပြီး လတ်ဆတ်သည့်သီးနှံများကိုသာအရောင်းအဝယ်ပြုလုပ်ရခြင်းကြောင့် များစွာအကျိုးကျေးဇူးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

---

á စာမျက်နှာ ၂၄ မှအဆက်

အလုပ်ရှုပ်ရုံအနှောင့်အယှက်ပေးသည့်မိုးကိုကိုသာမြ မကျေမနပ်ဖြစ်မိသည်။ ငရုတ်သီးမှည့် များကို နေပြန်လှန်းရအောင်ကလည်း နေပူချိန်က သိပ်မရှိတော့ပြန်။

"မီးတစ်စလောက် ပေးစမ်းပါအုံးကွာ"

ကိုသာမြ မီးဖိုခန်းထဲဝင်လာပြီးပြောသည်။ မအေးမေက မီးဖိုကနေ မီးစွဲနေသည့် ထင်းတစ်စ ယူပြီးပေး၏။ ကိုသာမြ ဖက်ကြမ်းဆေးလိပ်ကို မီးညှိကာဖွာနေလိုက်သည်။ တင်းကုတ်ထဲမှနွားတွေက ခေါင်းတမော့မော့နှင့် နွားစာကုန်ပြီဖြစ်ကြောင်း အချက်ပြသည်။ ဆေးလိပ်ကိုပင် ကောင်းကောင်းမဖွာရ။ နွားစာခြင်းတောင်းယူပြီး နွားစားကျင်းထဲ နွားစာထည့်ပေးလိုက်သည်။ သည်တော့မှ အမြီးကလေးတနှန့်နှန့်ဖြင့် ခေါင်းမဖော်တမ်းစားကြတော့သည်။

"ငရုတ်ဈေး ဘယ်လောက်ကြားတုံး သာမြကြီး"

အသံနှင့်အတူ ကိုသောင်းလှိုင် အိမ်ရှေ့ ရောက်လာသည်။

"မကြားပါဘူးဗျာ၊ ငြိမ်ချက်ပဲ၊ လာထိုင်အုံးလေဗျာ"

ငရုတ်သီးများ လှိုင်လှိုင်ပေါ၍ သိမ်းချိန်ရောက်သည့်တိုင် ဈေးက ထူးထူးခြားခြားပြောင်းလဲလာသည်မရှိသေး။ ရွာထဲကိုပင် လာဝယ်သည့်သူမရှိသည်က ရင်နာစရာကောင်းလှသည်။ မနှစ်က သည်အချိန်ဆို သူ့ထက်ငါ ဈေးကောင်းပေးပြီး လာဝယ်သည့်သူတွေ နေ့စဉ်ရက်ဆက် ရောက်လာကြသည်။ သည်နှစ်မှာ ကိုသာမြ စိုက်ပျိုး၍ အထွက်နှုန်းကောင်းပြန်တော့ ဝယ်သူကပေါ်မလာပြန်။ မြို့ပေါ်တက်ပြီး စုံစမ်းကြည့်တော့ ဈေးကအဆမတန်နည်းပါးနေသည်။ ဈေးတက်လာနိုး စောင့်ဆိုင်းနေရာ နဂိုကထက်ပင် ကျဆင်းသွားသည်က ဝမ်းနည်းစရာကောင်းလှသည်။ ရသည့်ငရုတ်ကလေး ဈေးကောင်းကောင်းနှင့်ရောင်းလိုက်ရလျှင် သားအတွက် စက်ဘီးကလေးဝယ်ပေးနိုင်မှာသေချာသည်။ သားကမတောင့်တပေမဲ့ ကိုသာမြ ဝယ်ပေးချင်သည်။

ကျော်မိုးစက်ဘီးကလေး တက်စီးခွင့်ရလျှင် ပျော်နေတတ်သည့် သားမျက်နှာက မျက်လုံးထဲကမထွက်။ ကျောင်းဖွင့်သည့်အခါ စက်ဘီးကလေးနှင့် ကြွကြွရွရွကျောင်းသွားတက်မည့် ကျော်မိုးကို ငေးမောနေရမည့်သားအဖြစ်ကို ကိုသာမြ မမြင်ချင်။

"အေးကွာ၊ မနှစ်က ဒီအချိန်ဆို ဈေးကိုခေါင်ခိုက်နေအောင်ရတာ၊ ဝယ်သူကလဲ ပေါမှပေါ၊ သွားကိုရောင်းနေစရာမလိုဘူး၊ ဒီနှစ်မှ ဘယ်လိုဖြစ် တယ်မသိပါဘူးကွာ"

ကိုသောင်းလှိုင်ကပြောရင်း တန်းလျားလေးမှာ ဝင်ထိုင်သည်။ မအေးမေက ရေနွေးပွဲလာချပေးသည်။ ကိုသောင်းလှိုင်ဘေးမှာ ကိုသာမြ ဝင်ထိုင်လိုက်ပြီး ရေနွေးတစ်ခွက်ငှဲ့ပေးလိုက်၏။

"လူတိုင်းနီးပါး ငရုတ်စိုက်နေတော့ ပေါများနေလို့ဖြစ်မှာပေ့ါဗျာ"

ကိုသာမြ စိတ်ပျက်လက်ပျက်ပြောလိုက်မိသည်။ တိုက်ဆိုင်မှုဟုဆိုရအောင်ကလည်း တစ်နှစ်တလေမှမဟုတ်ဘဲ။ အကြိမ်ကြိမ်အခါခါ ကြုံရဖန်များလာတော့ ကိုသာမြ တောင်သူလုပ်ငန်းကို စိတ်ကုန်ချင်လာသည်။ သီးနှံအရနည်းလျှင် ဈေးကောင်းပြီး အဆင်ပြေချောမွေ့စွာနှင့် သီးနှံအရများသည့်အခါ ဝယ်သူပင် ရှားပါးလာသည်ထိ ဈေးပေါနေတတ်၏။ အဆမတန်နည်းပါးနေသည့်ဈေးနှုန်းကိုအန်တုကာ သိုလှောင်နိုင်စွမ်းမရှိပြန်တော့ ရသည့်ဈေးကလေးနှင့် အရှုံးခံကာ ရောင်းချရသည်က ကိုသာမြ ကျင်လည်နေရသည့်ဘဝ။

"ငမျိုး.. ငါ စီးအုံးမယ်လေကွာ၊ မင်းစက်ဘီးကျနေတာပဲ"

စက်ဘီးတစ်စီးနှင့် သားနှင့်ကျော်မိုး အိမ်ဝန်းထဲဝင်လာကြသည်။ သားက စက်ဘီးပေါ်တက်ခွပြီး နင်းနေသည်ကိုကျော်မိုးက နောက်ကနေ စက်ဘီးကယ်ရီယာခုံကိုကိုင်ပြီး ပြေးလိုက်နေသည်။

"အေးပါကွာ"

သားကစက်ဘီးပေါ်ကနေဆင်းပြီး ကျော်မိုးထံသို့ စက်ဘီးလက်ကိုင်ပြောင်းပေး၏။ ကျော်မိုးက မကျေနပ်ဟန်မျက်နှာထားနှင့် သားကိုကြည့်ပြီး စက်ဘီးလက်ကိုင်ကို ဆောင့်ကာအောင့်ကာ လွှဲပြောင်းယူ၏။ ကလေးဘာသာဘာဝဆိုသော်ငြား ကိုသာမြစိတ်ထဲ တစ်မျိုးဖြစ်သွားသည်တော့ အမှန်ပင်။

သားက အကင်းပါးလွန်းလှသည်။ ကိုသာမြ စိတ်ကိုအကဲခတ်နိုင်သည့်နှယ်"ကျော်မိုးမကြိုက် မှန်းသိလို့စလိုက်တာပါ"ဟု အဆက်အစပ်မရှိသည့် စကားကို ကိုသောင်းလှိုင်ပြန်သွားသည်နှင့် ပြောထွက်လာ၏။ ကိုသာမြ အံ့သြသွားရသည်။

(၄)

ကိုသာမြစိတ်မကောင်းပါ။ သားအတွက် စက်ဘီးကလေးဝယ်ပေးနိုင်အောင် စွမ်းဆောင်နိုင်စွမ်းမရှိခဲ့။ နည်းပါးလှသည့်ငရုတ်ဈေးကို ကိုသာမြ မတောင့်ခံနိုင်။ ဝမ်းရေးကရှိသေးသည်မို့ ရသည့်ဈေးနှင့် ရောင်း လိုက်ရသည်။ ပင်ပန်းသလောက် ခရီးမရောက်သော်လည်း မိသားစု၏ဝမ်းရေးကိုတော့ ဖြေရှင်းပေးနိုင်သည်။ သားအတွက် စက်ဘီးကလေး ဝယ်ပေးချင်သေးသည်။

"လူလေး... ကျော်မိုးကို မစောင့်တော့ဘူးလား"

စောစောစီးစီး ကျောင်းသွားဖို့ပြင်နေသည့် သားကို မအေးမေက ထမင်းချိုင့်ပြင်ပေးရင်းမေးသည်။

"ကျော်မိုးက စက်ဘီးနဲ့သွားမှာ အမေရဲ့"

စက်ဘီးနှင့်ဆိုလျှင် အေးအေးဆေးဆေး နောက်ကျပြီးမှသွားနိုင်သည်။ သားကတော့ လမ်းလျှောက်သွားရမည်မို့ ဝီရိယကောင်းစွာ စောစောစီးစီးသွားရ၏။

"ဒီတစ်ခါ နှမ်းပေါ်ရင်တော့ လူလေးအတွက် စက်ဘီးတစ်စီး ဝယ်ပေးရအုံးမယ်ကွာ"

ကိုသာမြ ရေနွေးပူပူတစ်ခွက် ငှဲ့သောက်လိုက်သည်။ မစိုက်ပျိုးရသေးသည့်နှမ်းကို မျှော်ကိုးမိပြန်တော့ သဘောတကျပြုံးမိပြန်သည်။ မိုးသည်ခုချိန်ထိ မရွာသေး။

"မိုးက ဘယ်ဆီနေမှန်းမသိဘူး၊ တော်က နှမ်းပေါ်ချိန်တောင် ကြိုတွေးနေသေးတယ်... အံ့ပ့ါတော်"

မအေးမေ၏မျက်စောင်းတစ်ချက်ကို ကိုသာမြရလိုက်သည်။ သားက ထမင်းချိုင့်ကိုင်ထားသည့်တိုင် အိမ်အောက်ဆင်းမသွားသေး။ တစ်စုံတစ်ခုပြောဖို့ အားယူနေသည့်ဟန်။ မျက်နှာကတော့ ပြုံးရွှင်နေလျက်သား။

"စက်ဘီးမလိုချင်ပါဘူးအဖေရာ၊ မိုးရွာရင်နွံ့ဗွက်တွေနဲ့ စီးလို့ရမှာ မဟုတ်ပါဘူး၊ ခုလိုလမ်းလျှောက်သွားတော့ သူငယ်ချင်းတွေနဲ့ ပျော်ဖို့ တောင်ကောင်းသေး"

သား၏စကားသည် သား၏ရင်တွင်းမှ အမှန်စင်စစ်ဖြစ်ပေါ်လာသော စကားလုံးများဟုတ်သည်၊ မဟုတ်သည်ကို ကိုသာမြမသိ။ သားသာလျှင် သိပေလိမ့်မည်။ သားအတွက် စက်ဘီးဝယ်ပေးချင်သည့်စိတ်ကတော့ ကိုသာမြရင်တွင်းဝယ် စွဲထင်နေဆဲပင်။ သည်နှစ်နှမ်းပေါ်လျှင် သားအတွက်စက်ဘီးကလေးတစ်စီးဝယ်ပေးနိုင်အောင် ကြိုးစားရဦးမည်။

မိုးက ရွာတော့မည့်နှယ် မှိုင်းညို့လို့လာသည်။ နှမ်းဈေးကတော့ ဘယ်ဈေးရမည် မသိသေးပါ။

---

## ဆောင်းနှင့်အပြိုင် ပွင့်ပန်းမြိုင်

\- ဂေါ်သဇင် ခိုင်ညှာဆင့်
ကြိုင်စွာတင့် ပွင့်ငုံစီ၊
ဂမုန်းလှိုင် တူပြိုင်ဝင့်
ဖူးပွင့်စုံညီ၊
ခွာညိုနှံ့ သင်းကြည်ကြည်
နှင်းငွေရည် ခြယ်လူး၊
ရပ်လုံးကြိုင် ဆောင်တော်ကူး
ထူးတင့် ပွင့်ဖူး။

\- ပွင့်ပန်းမြိုင် ပန်းစုံလှ
ချမ်းမြမြ ဆောင်းခါညီ၊
မြောက်ပြန်လေ မြူးဆော့ခွင်း
ဆောင်ကြဉ်း နှောင်ချည်၊
သာစွတည့် လရာသီ
မိဂသီ ယှဉ်ပြိုင်ခ
စာပေပန်းများ ပျံ့ထုံကြည်
ရနံ့စုံညီ သင်းကြူမြ၊
ဆောင်းနှင့်အပြိုင်
ပျံ့သင်းလှိုင် ပန်းစုံမွှေးပါဘိ
ဖြန့်ထွေးခြုံ ပြည်ရွာအဝန်းမှာဖြင့်
စာပန်းရုံ ဝတ်မှုန်ကမ်းလို့ရယ်
ဆင်မြန်းခြယ် ပွင့်စုံဟပ် သနဲ့
မြတ်စာဆို ဂုဏ်ရည်ထူးကို
ဦးညွှတ်ကာ ဖော်ကျူးဆင့်ပြန်ပေ့ါ
သဇင်ခိုင် ဖူးမြိုင်ဝင့်လေတဲ့
နှင်းပွင့်ဝေ သည်ချိန်တွင်းမှာ
ပွဲတင့်ရင်း လှ။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

---

# ပြည်မြို့နယ် ရွှေပြည်သာကွက်သစ်ကျေးရွာ၌ ကျေးရွာရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

ပြည် နိုဝင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြောက်နဝင်းရွာသစ် ကျေးရွာအုပ်စု ရွှေပြည်သာကွက်သစ် ကျေးရွာ၌ ကျေးရွာရေရရှိရေး လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၁၀ ရက်ကတာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ မြို့နယ်ဦးစီးမှူး ဦးဌေးဇော်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရွှေပြည်သာကွက်သစ် ကျေးရွာ၌ စင်မြင့် ရေစင်တည်ဆောက်ခြင်း၊ ကျေးရွာတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ပြည်မြို့နယ် ရွှေပြည်သာကွက်သစ်ကျေးရွာ၌ ဂါလန်၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊အရှည် ပေ ၆၆၀၀ ရှိ ကျေးရွာတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၅၅ ဒသမ ၁၄၄ သန်းအသုံးပြုပြီး ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများကတာဝန်ယူ၍ ယခုနှစ် ဇူလိုင်၁၇ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**ချိုလေး**

# တရားမမှုများတွင် အမှုပလပ်ခြင်း

## စိန်လှိုင်ဗိုလ်

တရားရုံး တရားခွင်နယ်ပယ်တွင် ဖြစ်ပွား ပေါ်ပေါက်စီရင်ဆုံးဖြတ်နေသော အမှုများမှာ ရာဇဝတ်မှုများနှင့် တရားမမှုများသာ အများဆုံးဖြစ်ကြသည်ဆိုသောအချက်ကို ပြည်သူအများသိရှိကြပါသည်။ ရာဇဝတ်မှု၏ ပြဋ္ဌာန်းချက်များ ကျင့်ထုံးဥပဒေများသည် သာမန်ပြည်သူများအဖို့ သိရှိနားလည်နိုင်ရန် များစွာခက်ခဲလှသည်ဟု မဆိုနိုင်သော်လည်း တရားမမှုနှင့်ပတ်သက်၍ နက်နဲသိမ်မွေ့ရှုပ်ထွေးပြီး အလွယ်တကူနားလည်သိရှိရန် ခက်ခဲပါသည်။ ဥပမာ အမှုအတောအတွင်း အမှုသည်များဘက်မှ ပျက်ကွက်မှုအတွက် တရားရုံးက တရားမကျင့်ထုံး ဥပဒေအမိန့်-၁၇ နည်းဥပဒေ-၃ အရ ပလပ်သည့်အမိန့်ချမှတ်လေ့ရှိရာ မည်သို့သော အကြောင်းခြင်းရာ အခြေအနေပေါ်တွင် မူတည်၍ အမိန့်ချမှတ်ရကြောင်း သိရှိနိုင်ရန် ရေးသားတင်ပြပါဦးမည်။

ရန်ကုန်တိုင်းတရားရုံး ၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ်-(၂၃၆၃)တွင် ဦးမောင်မောင်စိုးက တရားပြိုင် ဦးထွန်းတင်အပေါ် ငွေကျပ် ၅၄ သိန်းရလိုမှု စွဲဆိုသည်။ တိုင်းတရားရုံးက တရားမကျင့်ထုံးဥပဒေအမိန့်-၁၇၊ နည်းဥပဒေ-၃ အရ အမှုကို ပလပ်ကြောင်း အမိန့်ချမှတ်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုမကျေနပ်၍ ဦးမောင်မောင်စိုးက တရားမအယူခံမှုကို တရားရုံးချုပ်သို့ တင်သွင်းခဲ့ပါသည်။

အယူခံတရားလို၏ရှေ့နေက အယူခံတရားလိုသည် အယူခံတရားပြိုင်အပေါ် ရန်ကုန်တိုင်းတရားရုံး ၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ် (၂၃၆၃) တွင် ငွေကျပ် ၅၄ သိန်း ရလိုမှု စွဲဆိုခဲ့ရာ အယူခံတရားပြိုင်သည် ထွက်ပြေးတိမ်းရှောင်နေသဖြင့် တိုင်းတရားရုံးက အမှုကို တစ်ဖက်သတ်စစ်ဆေးခဲ့ကြောင်း၊ အယူခံတရားလိုက သက်သေနှစ်ဦးတင်ပြခဲ့ရာ တစ်ဦးကိုစစ်ဆေးပြီးဖြစ်၍ ကျန်တစ်ဦးကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ချိန်းဆိုခဲ့ကြောင်း၊ ထိုနေ့တွင် အယူခံတရားလိုနှင့် ရှေ့နေ မလာရောက်သဖြင့် အမှုကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်သို့ ချိန်းဆိုခဲ့ကြောင်း၊ ထိုနေ့တွင် တိုင်းတရားရုံးက အမှုကို တရားမကျင့်ထုံးဥပဒေအမိန့် ၁၇ နည်းဥပဒေ ၃ အရ ပလပ်ခဲ့သဖြင့် ဤတရားမအယူခံမှုကို တင်သွင်းရခြင်းဖြစ်ကြောင်း လျှောက်ထားသည်။

ဆက်လက်၍ အယူခံတရားလိုသည် အယူခံတရားပြိုင်အပေါ် ရန်ကုန်တိုင်းတရားရုံး၌ တရားမကြီးမှု ၂ မှု စွဲဆိုခဲ့သဖြင့် အမှုနှစ်ခုကို လိုက်ပါဆောင်ရွက်ခဲ့ရကြောင်း၊ တိုင်းတရားရုံးက ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ချိန်းဆိုခဲ့ကြောင်း ပြောကြားခဲ့သော်လည်း အယူခံတရားလိုက ၂၀၀၆ ခုနှစ် မတ် ၆ ရက်ဟု အမှတ်မှားပြီး ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် တိုင်းတရားရုံးသို့ သွားရောက်ခဲ့ခြင်းမရှိကြောင်း၊ ထိုနေ့တွင် အယူခံတရားလိုသည် တိုင်းတရားရုံးသို့ မသွားရောက်ခဲ့သဖြင့် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင်လည်း ရုံးချိန်းပျက်ကွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ အယူခံတရားလိုပြ သက်သေနှစ်ဦးအနက် တစ်ဦးကိုစစ်ဆေးပြီး တစ်ဦးကိုသာ စစ်ဆေးရန်ရှိနေသောကြောင့် အယူခံတရားလို ရုံးချိန်းပျက်ကွက်သဖြင့် ကြီးလေးသော ပြစ်ဒဏ်ပေးရန်မသင့်ကြောင်း၊ အမှုကို စစ်ဆေးဆဲ အဆင့်တွင် တရားလို ပျက်ကွက်မှုအတွက် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇ နည်းဥပဒေ ၃ အရ အမှုကို ပလပ်ခြင်းမပြုနိုင်ကြောင်း၊ သို့ဖြစ်၍ ဤတရားမအယူခံမှုကိုခွင့်ပြုပြီး တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ကာ အမှုကိုဆက်လက် စစ်ဆေးစေသည့် အမိန့်ချမှတ်ပေးပါရန် လျှောက်လဲတင်ပြခဲ့ပါသည်။ အယူခံတရားပြိုင် ရုံးရှေ့သို့ လာရောက်ခဲ့ခြင်းမရှိပါ။



### တရားရုံးချုပ်၏ စီစစ်သုံးသပ်ဆုံးဖြတ်ချက်

ရန်ကုန်တိုင်းတရားရုံးက ၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ် (၂၃၆၃) ၌ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် တရားလိုပြသက်သေကိုစစ်ဆေးရန် ချိန်းဆိုခဲ့သည်။ တိုင်းတရားရုံးက ထိုနေ့တွင် အမှုခေါ်သည့်အခါ တရားလိုနှင့် ၎င်း၏ရှေ့နေမလာ၊ တရားပြိုင် မလာရောက်သဖြင့် အမှုကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် တင်ပြရန် ချိန်းဆိုခဲ့သည်။ တိုင်းတရားရုံးက ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် အမှုခေါ်သည့်အခါ တရားလိုနှင့် ၎င်း၏ ရှေ့နေမလာ၊ တရားပြိုင် မလာ၍ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇ နည်းဥပဒေ ၃ အရ အမှုကို ပလပ်ခဲ့ခြင်းဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်ခဲ့ပါသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၁၇ နည်းဥပဒေ ၃ တွင် အချိန်ခွင့်ပြုထားခြင်းခံရသော အမှုသည်တစ်ဦးသည် ၎င်း၏သက်သေခံချက်ကို တင်ပြရန်ဖြစ်စေ၊ ၎င်း၏သက်သေကို တရားရုံးသို့လာရောက်စေရန်ဖြစ်စေ၊ အမှု၏ တိုးတက်ရာတိုးတက်ကြောင်းအတွက် လိုအပ်သော အခြားပြုလုပ်မှုတစ်ခုခုကို ဆောင်ရွက်ရန် ဖြစ်စေ၊ အချိန်ခွင့်ပြုထားပြီးဖြစ်လျက် ပျက်ကွက်လျှင် ထိုသို့ပျက်ကွက်ခြင်းအတွက် တရားရုံးသည် အမှုကို စီရင်ဆုံးဖြတ်ရန် အလို့ငှာ ချက်ချင်းဆောင်ရွက်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့သည်။

သို့ဖြစ်၍ တရားမကျင့်ထုံးဥပဒေအမိန့် ၁၇ နည်းဥပဒေ ၃ နှင့် အကျုံးဝင်ရန်အတွက် လိုအပ်ချက်မှာ **(၁) တရားရုံးက မိမိသဘောအရ ရွှေ့ဆိုင်းခြင်းမဟုတ်ဘဲ အမှုသည်တစ်ဦးဦး၏ လျှောက်ထားချက်အရ အမှုကို ရွှေ့ဆိုင်းခဲ့ခြင်းနှင့် (၂) ထိုကဲ့သို့ အမှုကို ရွှေ့ဆိုင်းပေးရန် လျှောက်ထားသောအမှုသည်က ပျက်ကွက်ခြင်းဖြစ်ရမည်။ ယခုအမှုကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် အယူခံတရားလိုက အမှုကို ရွှေ့ဆိုင်းပေးရန် လျှောက်ထားသဖြင့် တရားရုံးက အမှုကို ရွှေ့ဆိုင်းပေးခြင်းမဟုတ်ဘဲ တရားရုံးက မိမိသဘောအရ အမှုကို ရွှေ့ဆိုင်းခြင်းဖြစ်သည်။ သို့ဖြစ်၍ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်၏ နောက်ရက်ချိန်းဖြစ်သော ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် တိုင်းတရားရုံးက အမှုကို ပလပ်ခြင်းမှာ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇ နည်းဥပဒေ ၃ ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိကြောင်း** တရားရုံးချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

**တရားမကျင့်ထုံးဥပဒေအမိန့် ၁၇ နည်းဥပဒေ ၃ အရ ပလပ်သည့်အမိန့်မျိုးကို အမှုသည် တစ်ဦးဦးက သက်သေတင်ပြရန်ဖြစ်စေ၊ အမှုဆက်လက်ဆောင်ရွက်ရန်နှင့် အခြားကိစ္စအရပ်ရပ်ကို ဆောင်ရွက်ရန်အတွက်ဖြစ်စေ၊ တရားရုံးက အချိန်ပေးခဲ့ရာ အမှုချိန်းဆိုသည့်နေ့၌ ထိုအမှုသည်ပျက်ကွက်မှသာလျှင် အမိန့်ချမှတ်ခြင်းပြုနိုင်သည်ဟု ဆိုင်ရက်(စ်) အဗ္ဗဒူ(လ်)ဂဖားနှင့် အဗ္ဗဒူမဂျစ်မဟာမက်ဂျာရာပါ ၈ အမှု ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး စာ ၄၇၄ အမှုကို ရည်ညွှန်းခဲ့ပါသည်။**

သို့ဖြစ်၍ အမှုသည်ကို ကိစ္စတစ်ခုခုကို ဆောင်ရွက်ရန် အချိန်ပေးပြီး အမှုချိန်းဆိုသည့်နေ့တွင် ထိုအမှုသည်က ဆောင်ရွက်ရန် ပျက်ကွက်မှသာ တရားမကျင့်ထုံးဥပဒေအမိန့် ၁၇ နည်းဥပဒေ ၃ ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မည်ဖြစ်သည်။ ယခုအမှုတွင် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် အမှုကို တင်ပြရန် ချိန်းဆိုထားခြင်းသာဖြစ်ပြီး အယူခံတရားလိုက ကိစ္စတစ်ခုခုကိုဆောင်ရွက်ရန် ချိန်းဆိုထားခြင်းမဟုတ်ပေ။ အယူခံတရားလိုက ကိစ္စရပ်တစ်ခုခုကို ဆောင်ရွက်ရန်ပျက်ကွက်ခြင်းမဟုတ်၍ ထိုနေ့တွင် အယူခံတရားလို မလာရောက်သဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၁၇ နည်းဥပဒေ ၃ အရ အမှုကိုပလပ်ခြင်းမှာ မှန်ကန်မှု မရှိကြောင်း တရားရုံးချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

ထို့ကြောင့် ဤတရားမအယူခံမှုကို ခွင့်ပြုပြီး ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ကာ အမှုကို ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးသွားရန် အမိန့်ချမှတ်လိုက်ပါသည်။ တရားမမှုများတွင် အမှုပလပ်ခြင်း၏ဥပဒေပြဋ္ဌာန်းချက်အပေါ် **ဦးမောင်မောင်ထွန်းနှင့် ဦးထွန်းတင် ၂၀၀၆ ခုနှစ် တရားမပထမအယူခံမှုအမှတ် (၁၉၇)** စီရင်ထုံးကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

# မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သည့် စပါး ၁၄၅၅၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**မြောင်းမြ နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၁၄၅၅၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကစပါး ၁၆၅၇၃၈ ဧကထိစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးခင်းများကို အောက်တိုဘာလ ဒုတိယပတ်က ပြန်လည်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၄၅၅၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ရိတ်သိမ်းပြီးဖြစ်သည့် မိုးစပါးတစ်ဧကလျှင် ၁၀၃ ဒသမ ၂၉ တင်းထိ ထွက်ရှိကြောင်း သိရသည်။

"မြောင်းမြမြို့နယ်မှာ ဒီနှစ်မိုးစပါးသီးနှံ ၁၆၅၇၃၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိစိုက်ပျိုးထားတဲ့ မိုးစပါးတွေကို ပြန်လည်ရိတ်သိမ်းနေပါတယ်။ ဒီနေ့မှာ မိုးစပါးဧက ၁၄၅၀၀ ကျော်ထိ ပြန်လည် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ကျန်တဲ့ မိုးစပါးတွေကို ရာနှုန်းပြည့်ရိတ် သိမ်းနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ လက်ရှိ ရိတ်သိမ်းနေတဲ့မိုးစပါးတွေ အထွက်နှုန်းနဲ့ အရည်အသွေးပြည့်မီတာ တွေ့ရပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးစပါးများ အားလုံးလျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးနှင့် အချိန်မီ ရိတ်သိမ်းနိုင်ရေးအတွက် ဒေသခံတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့် ဌာနအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။




စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၄၁၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၄၁၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးကေ ၁၄၆၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၁၉ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ပဲကြီးကေ ၁၄၆၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၄၁၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲသီးနှံအတွက် နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်တွင် ပဲကြီး စိုက်တောင်သူများအနေဖြင့် ပဲကြီး စိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် ပဲကြီးကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဆင်ပေါင်ဝဲမြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ လယ်ကျိုးကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ရွာသစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးအတွက် ငွေကျပ် ၃၆၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးအတွက် ငွေကျပ် ၂၂၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၃ ဦးအတွက် ငွေကျပ်သိန်း ၅၉၀ကို အတိုးနှုန်းသက်သာစွာဖြင့် အသီးသီး ထုတ်ချေးပေးခဲ့ကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက ပြောပြ၍ သိရသည်။

**ငြိမ်းသူ**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# မဲရုံတွင်ဆန္ဒမဲပေးခြင်းအတွက် သိရှိမှတ်သား ဆောင်ရွက်ရမည့်အချက်များ (အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)

- မဲရုံသို့ဝင်ရောက်သည့်အခါ မဲစာရင်းစစ်ဆေးသူထံ မိမိ၏အမည်နှင့် မဲစာရင်းအမှတ်စဉ်ကို ပြောပြပါ၊ အထောက်အထားအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ကိုပြပါ၊
- မဲစာရင်းစစ်ဆေးသူက မိမိ၏အမည်ကို တွေ့ရှိပြီး မှန်ကန်လျှင် မဲစာရင်း၌လက်မှတ်ရေးထိုးပါ၊ သို့မဟုတ် လက်ဝဲလက်မဖြင့် လက်ဗွေနှိပ်ပါ၊
- လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော် ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြု ခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြုပါ၊
- ဆန္ဒပြုပြီးနောက် ဆန္ဒပြုစက်နှင့် ချိတ်ဆက်ထားသော မဲပေးချက်ဖော်ပြသည့်စက်မှ ပြသသည့်ဆန္ဒမဲဖြတ်ပိုင်းတွင် မိမိမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသားကို ကြည့်ရှုနိုင်သည်၊
- မိမိဆန္ဒပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒမဲပေးပါ၊
- မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲ တစ်မဲစီသာပေးပါ၊
- မဲရုံမှ မထွက်ခွာမီ မဲပေးပြီးကြောင်း မင်တို့ပေးသည့် မဲရုံအဖွဲ့ဝင်ထံ သွားရောက်၍ သတ်မှတ်ထားသည့် လက်ချောင်းတစ်ချောင်းချောင်းတွင် မင်တို့ပါ၊
- မဲပေးပြီးပါက မဲရုံပရိဝုဏ်အတွင်းမှ ဆောလျင်စွာ ထွက်ခွာပါ။

**"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"**
**"လွတ်လပ်မျှတ၊ မဲပေးကြ"**


"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# အမျိုးသားအောင်ပွဲနေ့နှင့် အမျိုးသားပညာရေးလှုပ်ရှားမှု

ခိုင်(မိတ္ထီလာ)

**❖ ကျောင်းသားသပိတ်သည် အမျိုးသားပညာရေးလှုပ်ရှားမှုကို ပိုမိုထက်မြက်လာစေခဲ့သည်။ မြန်မာနိုင်ငံအရပ်ရပ်၌ အမျိုးသားကျောင်းများပေါ်ထွန်းလာပြီး သပိတ်မှောက်ကျောင်းသားကြီးများက ကျောင်းသားငယ်များကို ပညာသင်ကြားပေးခဲ့ကြသည်။ ဂျီစီဘီအေအဖွဲ့ချုပ်ကြီး၏ တိုက်တွန်းနှိုးဆော်ချက်နှင့်အညီ မူလက ရှိနေနှင့်သော ဗုဒ္ဓဘာသာကျောင်းများနှင့် အစိုးရအထောက်အပံ့ခံ တိုင်းရင်းသားဘာသာသင်ကျောင်းများကို အမျိုးသားကျောင်းများအဖြစ် တစ်စုတစ်ဝေးတည်း စုပေါင်းဖွင့်လှစ်ခဲ့လေသည်။ ❖**

၁၉၂၀ ပြည့်နှစ်ဝန်းကျင်သည် မြန်မာနိုင်ငံအုပ်ချုပ်ရေးတောင်းဆိုမှု၊ ဝံသာနုရက္ခိတတရားစောင့်ထိန်းမှု စသောလှုပ်ရှားမှုအဖုံဖုံနှင့်ပြည့်နှက်နေသည်။ ထိုအချိန်တွင်ပင် ကျောင်းသားများကလည်း ပညာရေးကိစ္စအတွက် လှုပ်ရှားလာခဲ့ကြပြန်သည်။ အမျိုးသားနေ့သန္ဓေတည်ရာ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုကို ကောလိပ်သပိတ်မှောက် အရေးတော်ပုံအဖြစ် ထိုခေတ်ထိုအခါက တညီတညွတ်တည်းခံယူခဲ့ပြီးဖြစ်သည်။

ဗြိတိသျှအစိုးရတို့သည် ရန်ကုန်တက္ကသိုလ်ဥပဒေကို ပြည်သူတို့၏ဆန္ဒနှင့်ဆန့်ကျင်လျက် အဓမ္မအတည်ပြုခဲ့သည့်အကြောင်းကို ၎င်းတို့၏ အလိုတော်ရိသတင်းစာဖြစ်သော "ရန်ကုန်တိုင်းမ်" အင်္ဂလိပ်သတင်းစာ၌ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၄ ရက်ထုတ် ခေါင်းကြီးပိုင်းတွင် အောက်ပါအတိုင်း ရေးသားခဲ့ပေသည်။ "မြန်မာပြည်သူပြည်သားတို့ တညီတညွတ်တည်း နေရာတကျစဉ်းစားဆင်ခြင်ပြီး သကာလ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်ပါသော်လည်း ပြည်သူပြည်သားတို့တောင်းဆိုကြသည့် အချက်တစ်ချက်ကိုမျှခွင့်မပြုဘဲ အဆိုပါ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အစိုးရမင်းတို့က အတည်ပြုလိုက်ကြသည်။"

ရန်ကုန်တက္ကသိုလ်ဥပဒေကြမ်းကို မြန်မာနိုင်ငံ နိုင်ငံရေးခေါင်းဆောင်များဖြစ်ကြသော ဦးထွန်းရှိန်၊ ဦးဘတေ၊ ဦးပုတို့ ပထမအကြိမ်အင်္ဂလန်သို့ သွားရောက်စဉ်ကလည်းကောင်း၊ ဦးချစ်လှိုင်၊ ဦးသိန်းမောင် အစရှိသော ခေါင်းဆောင်များသည် လည်းကောင်း၊ ဝိုင်အမ်ဘီအေနှင့် အလားတူအသင်းများသည်လည်းကောင်း၊ ဥပဒေပြုကောင်စီအတွင်း ၌လည်းကောင်း၊ ပြင်ပလူထုအစည်းအဝေးပွဲကြီးများဖြင့်လည်းကောင်း အမျိုးမျိုးကန့်ကွက်ခဲ့ကြသော်လည်း အဟောသိကံဖြစ်ခဲ့ရလေသည်။ ထိုအခါ တိုင်းပြည်ခေါင်းဆောင်ကြီးများနှင့် သတင်းစာ အပေါင်းက ကျောင်းသားများကိုယ်တိုင်ဆောင်ရွက်မှသာလျှင် အထမြောက်တော့မည်ဟု ပြောဆိုရေးသားလာကြသည်။

ဗြိတိသျှအစိုးရနှင့် အာဏာပိုင်အသီးသီးတို့ကို ဖက်ပြိုင်ရန်မှာ ထိုစဉ်အခါက ကျောင်းသားများအဖို့ အထူးစွန့်စားရသောအရေးဖြစ်သည်။ သို့ရာတွင် မိဘပြည်သူပြည်သားတို့ တက္ကသိုလ်ဥပဒေကို အပြင်းအထန်ကန့်ကွက်၍ မအောင်မြင်သောအခါ ဥပဒေနှင့်တိုက်ရိုက်ပတ်သက်နေသောကျောင်းသားများအနေဖြင့် ခေါင်းငုံ့လည်စင်းခံနေရန်မဖြစ်နိုင်တော့ပေ။ ထို့ကြောင့် ကောလိပ်သပိတ်မှောက်မှုသည် တစ်တိုင်းတစ်ပြည်လုံး၏လှုပ်ရှားမှုနှင့်ဆက်စပ်နေသော အရေးတော်ပုံကြီးဖြစ်လာပေတော့သည်။

ထိုစဉ်က လူမှုအခွင့်အရေးများမှာ မြန်မာနိုင်ငံခေတ်ပညာတတ်တို့အတွက် ပွင့်လင်းနေသောအခါဖြစ်သည်။ မည်သည့်ကျောင်းမှ ထွက်လာသူပင်ဖြစ်စေ အလုပ်အကိုင်ရရှိရန်သေချာသည်။ ကောလိပ်ဒီဂရီတစ်ခုခုရလျှင် မြို့အုပ်၊ ဝန်ထောက် အစရှိသောရာထူးတစ်ခုခုကိုရရှိရန် အာမခံပြီးဖြစ်နေသည်။ ထိုခေတ်က ဘီအေ၊ ဘီအက်စ်စီ ဘွဲ့တစ်ခုခုရလျှင် အိုင်စီအက်စ်ဖြစ်ရန်မှာ မခဲယဉ်းတော့ပေ။ ဤသို့သော ပုဂ္ဂလိကအခွင့်အရေးများရှိနေသည့်ကြားမှပင် ကျောင်းသားများသည် ကိုယ်ကျိုးကိုစွန့်၍ သပိတ်မှောက်ခဲ့ကြခြင်းဖြစ်ပေသည်။

ရန်ကုန်မြို့ အလုံရပ်တွင် ခရစ်ယာန်သာသနာပြု ကူရှင်ဟိုက်စကူးကျောင်းတစ်ကျောင်းရှိသည်။ ထိုကျောင်း၌ သတ်မှတ်ထားသော ဘာသာရေးစည်းကမ်းများကြောင့် ဗုဒ္ဓဘာသာဝင်ကျောင်းသားတို့များစွာစိတ်ဒုက္ခရောက်ကြရသည်။ ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်(၁၉၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၉ ရက်)တွင် ကျောင်းသားများသည် ကျောင်းအုပ်ကြီးမစ္စတာ ဟတ္တာစလေ၏ပြုမူချက်ကို သည်းမခံနိုင်တော့သဖြင့် တညီတညွတ်တည်း ကျောင်းမတက်ကြတော့ဘဲ ရွှေတိဂုံဘုရားအရှေ့ဘက် ဦးဖေ၏ခြံအတွင်းသို့ စီတန်းချီတက်လာပြီး သပိတ်မှောက်လိုက်ကြသည်။ အကြောင်းမှာ ထိုနှစ်တန်ဆောင်တိုင်ပွဲတော်တွင် ဗုဒ္ဓဘာသာဝင်ကျောင်းသားများ ယခင်နှစ်များကဲ့သို့ ကျောင်းမတက်ဘဲနေသည်ကို ကျောင်းအုပ်ကြီးက ကျောင်းသားတစ်ဦးလျှင် ဒဏ်ငွေငါးကျပ်စီရိုက်ခဲ့သောကြောင့်ဖြစ်သည်။ ကျောင်းသားတို့က ကန့်ကွက်ပြီးထုံးစံအတိုင်း တစ်နေ့အတွက် လေးပဲ(တစ်မတ်)သာ ဒဏ်ငွေထားရန် တောင်းဆိုကြရာ ကျောင်းအုပ်ကြီးက လက်မခံဘဲ ငါးကျပ်မှ နှစ်ကျပ်လျှော့ပြီး သုံးကျပ်ဒဏ်ထားသဖြင့် သပိတ်မှောက်ကြခြင်းဖြစ်သည်။

ကူရှင်သပိတ်မှောက်ကျောင်းသားများက မိမိတို့ဘာကြောင့်သပိတ်မှောက်ခဲ့ရသည်ကို တိုင်းပြည်သို့တင်ပြရာ၌ ရန်ကုန်မြို့ကြီးတွင် ဗုဒ္ဓဘာသာကျောင်းဆို၍ တစ်ကျောင်းမှမရှိသေးသည့်အတွက် ကျောင်းသားများ များစွာစိတ်ဒုက္ခရောက်ကြရကြောင်း၊ ထို့ကြောင့် အမျိုးဘာသာသာသနာနှင့် ဘဝ၏ကောင်းရာကောင်းကြောင်းကိုဖြစ်စေတတ်သည့် ဗုဒ္ဓဘာသာအင်္ဂလိပ်စာသင်ကျောင်းကို အမြန်တည်ထောင်ဖွင့်လှစ်ပေးမည့်အကြောင်းတို့ ပါဝင်သည်။ ၎င်းကိစ္စနှင့်စပ်လျဉ်း၍ ပွဲစားကြီးဦးဖိုးတေက ကျောင်းသားမိဘများ၊ အုပ်ချုပ်သူများတွေ့ဆုံကြလျက် မည်ကဲ့သို့စီမံကြမည်ကို ဆုံးဖြတ်ရန် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃ ရက်ညနေတွင် အစည်းအဝေးလုပ်မည်ဖြစ်ကြောင်း ဖိတ်ကြားသည်။

အစည်းအဝေးတွင် နှစ်ဦးနှစ်ဖက် အကြိတ်အနယ်ဆွေးနွေးကြသည့်အပြင် ဝံသာနုရက္ခိတကျောင်းတည်ထောင်ဖွင့်လှစ်ရေးကိစ္စကိုပါ ဆွေးနွေးကြသည်။ ကူရှင်ကျောင်းသားတို့ တညီတညွတ်တည်း ကျောင်းမတက်ဘဲနေခဲ့ကြသော ဤအရေးခင်းသည် အစိုးရကိုယ်စားလှယ်တို့ ပါဝင်စေ့စပ်ဖြေရှင်းပေးလာရသည်ထိ အောင်မြင်ခဲ့ပေသည်။ မိဘပြည်သူများအပါအဝင် နိုင်ငံရေးခေါင်းဆောင်များပါ ကျောင်းသားများဘက်မှရပ်တည်၍ ဖြေရှင်းပေးလာကြသည်ထိ ကျောင်းသားအရေးသည် ကျယ်ပြန့်လာခဲ့သည်။

ထို ဒီဇင်ဘာ ၃ ရက်မှာပင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကိုဖြိုဖျက်ရန်စည်းဝေးနေကြရာ ဗြိတိသျှအာဏာပိုင်တို့အတွက် ပိုမိုအင်အားကြီးသော တစ်နိုင်ငံလုံးအတိုင်းအတာထိအကျုံးဝင်သောအမျိုးသားရေးအုံကြွမှုကို ဆက်လက်ရင်ဆိုင်ကြရပေသည်။

ဤသို့ဖြင့် ဗြိတိသျှအစိုးရကို ဆန့်ကျင်တိုက်ခိုက်သော အကြမ်းမဖက်သည့် လူထုတိုက်ပွဲတစ်ရပ် မြန်မာနိုင်ငံတွင် ပထမဦးစွာပေါ်ပေါက်လာခဲ့သည်။ ဗြိတိသျှတို့၏ ကိုလိုနီကျွန်ပညာရေးကို မြေလှန်ဖြိုဖျက်၍ အမျိုးသားပညာရေးဖြင့်အစားထိုးနိုင်ရန် ရေးဦးကြိုးပမ်းချက်ဖြစ်ပေတော့သည်။ "ပညာရေးကို စောင့်ရှောက်ကြပါ မြန်မာလူမျိုးတွေ၊ ကောလိပ်ကျောင်းကို မတက်ကြပါနှင့် မြန်မာလူမျိုးတွေ"ဟူသော တစ်မြို့လုံးမော်တော်ယာဉ်ဖြင့်လှည့်လည်၍ နှိုးဆော်သံ၊ မြို့တွင်းနေကျောင်းသားများ ကျောင်းမတက်ရန် ကျောင်းနှစ်ကျောင်း၏အပေါက်ဝများ၌လည်းကောင်း၊ ဘုရားလမ်း၊ လမ်းမတော်၊ ပြည်လမ်း၊ မစ်ရှင်လမ်း အစရှိသည့်ဘူတာရုံများ၌လည်းကောင်း စောင့်ကြပ်၍ မေတ္တာရပ်ခံသပိတ်တားကြပုံတို့သည် ကောလိပ်သပိတ်၏မှတ်တိုင်များဖြစ်သကဲ့သို့ သပိတ်စခန်းတစ်ခုလုံး၌ကပ်ထားသော "ယူနီဗာစီတီအက်ဥပဒေ ပျက်စီးပါစေ၊ ဆာရယ်ဂျီနယ်ကရက်ဒေါက် ပြန်သွား"ဟူသောစာသား၊ မြို့တွင်းအနှံ့ကပ်ထားသော ကျောင်းမတက်ရန်လှုံ့ဆော်သည့် ကြော်ငြာစာများဖြစ်ကဲ့သို့ သပိတ်၏အမှတ်လက္ခဏာသင်္ကေတများလည်းဖြစ်တော့သည်။

သပိတ်သည် တစ်မုဟုတ်ချင်းကူးစက်သွားရာ မန္တလေးကျောင်းသားများ၏သပိတ်ကို ဒီဇင်ဘာ ၁၀ ရက်တွင် စတင်သည်။ ထိုသို့ မန္တလေးကျောင်းသားသပိတ်နှင့် တစ်ပြိုင်နက်တည်းသော်လည်းကောင်း၊ ရှေ့ဆင့်နောက်ဆင့်သော်လည်းကောင်း အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသားများသပိတ်မှောက်လာကြရာ ဒီဇင်ဘာ ၁၆ ရက်ထိ အရေးတော်ပုံ ၁၀ ရက်ကာလအတွင်း မန္တလေး၊ မော်လမြိုင်၊ ပြည်၊ ပုသိမ်၊ ပဲခူး၊ လက်ပံတန်း၊ သာယာဝတီ၊ ညောင်တုန်း၊ သထုံ၊ ပျဉ်းမနား၊ စစ်ကိုင်း၊ မြင်းခြံ၊ ဟင်္သာတ၊ သုံးခွ၊ မင်းဘူး၊ မြန်အောင်မြို့တို့သို့ ကူးစက်သွားသည်။ အစိုးရကျောင်း၊ ခရစ်ယာန်သာသနာပြုကျောင်း၊ အထောက်အပံ့ခံကျောင်း၊ အစောင့်အရှောက်ခံကျောင်း၊ တိုင်းရင်းသားကျောင်း၊ ဝိုင်အမ်ဘီအေအသင်းများက တည်ထောင်ထားသောကျောင်း၊ ဗုဒ္ဓဘာသာကျောင်း စသည့်ကျောင်းပေါင်း ၄၄ ကျောင်းစလုံး သပိတ်မှောက်ကြလေတော့သည်။

သပိတ်တိုက်ပွဲဆင်နွှဲကြသော မိဘပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူတို့သည် "ပညာပိုင်းဆိုင်ရာအစိုးရတို့စီမံသည့် သင်ကြားနည်းနှင့် ယူနီဗာစီတီဥပဒေများသည် အမျိုးသားအပေါင်းတို့အား သခင်ဖြစ်ရန် ပညာမျိုးမဟုတ်။ ကျွန်ဖြစ်ရန်ပညာဟု ယုံကြည်ကြသောကြောင့် မူလ ကျွန်တော်တို့ သင်ကြားနေရသောပညာများပင်လျှင် ပညာပိုင်းက စီမံခြင်းသည် ကျွန်တော်တို့ကို ပညာတတ်အောင် နှောင့်နှေးရန်ဖြစ်ပါသည်။ နောက်စီမံသည့် ယူနီဗာစီတီဥပဒေသည်လည်း အရင်ထက်ပင် ပညာတတ်အောင် နှောင့်နှေးရန်ဖြစ်ပါသောကြောင့်" သပိတ်မှောက်တောင်းဆိုရကြောင်း ဖွင့်ခဲ့လေသည်။

ကျောင်းသားသပိတ်သည် အမျိုးသားပညာရေးလှုပ်ရှားမှုကို ပိုမိုထက်မြက်လာစေခဲ့သည်။ မြန်မာနိုင်ငံအရပ်ရပ်၌ အမျိုးသားကျောင်းများ ပေါ်ထွန်းလာပြီး သပိတ်မှောက်ကျောင်းသားကြီးများက ကျောင်းသားငယ်များကို ပညာသင်ကြားပေးခဲ့ကြသည်။ ဂျီစီဘီအေအဖွဲ့ချုပ်ကြီး၏ တိုက်တွန်းနှိုးဆော်ချက်နှင့်အညီ မူလကရှိနေနှင့်သော ဗုဒ္ဓဘာသာကျောင်းများနှင့် အစိုးရအထောက်အပံ့ခံ တိုင်းရင်းသားဘာသာသင်ကျောင်းများကို အမျိုးသားကျောင်းများအဖြစ် တစ်စုတစ်ဝေးတည်း စုပေါင်းဖွင့်လှစ်ခဲ့လေသည်။

အစိုးရကျောင်းများက ဗြိတိသျှအင်ပါယာကြီးကို သစ္စာရှိစေရန်၊ ဗြိတိသျှအစိုးရကို ရှိသေခစားဝပ်တွားသော ကျွန်အမှုထမ်းများဖြစ်စေရန် သင်ကြားပေးသည်။ အမျိုးသားကျောင်းများက ဗြိတိသျှအင်ပါယာကြီးကို ဖြိုခွဲပစ်ရန်နှင့် ကိုယ်ကျိုးစွန့်လွှတ်၍ လွတ်လပ်သောမြန်မာနိုင်ငံတော်ကြီးတည်ထောင်ဖန်တီးရန် သင်ကြားသည်။ အစိုးရကျောင်းများက အင်္ဂလိပ်စာပေ၊ အင်္ဂလိပ်ယဉ်ကျေးမှုကို အထင်ကြီးရန် သင်ကြားသည်။ အမျိုးသားကျောင်းက မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှုကို အထင်ကြီးရန်သင်ကြားသည်။ အင်္ဂလိပ်စာပေကို ကမ္ဘာ့ဗဟုသုတရရှိစေရန်အတွက်မျှသာ ရည်ရွယ်သင်ကြားသည်။ သင်ကြားပို့ချနေသောဆရာများကိုယ်တိုင်က နိုင်ငံတော်အတွက် မြို့အုပ်၊ ဝန်ထောက်ရာထူးများကိုစွန့်လွှတ်၍ အမျိုးသားလှုပ်ရှားမှုအတွင်းသို့ ဝင်ရောက်လာသူများဖြစ်ရာ နယ်ချဲ့ဆန့်ကျင်ရေးကိုဦးတည်ရင်း မေတ္တာတရားနှင့်လွတ်လပ်မှုကိုအစွမ်းကုန်ချစ်မြတ်နိုးရန်၊ လူတိုင်းလူတိုင်း တန်းတူညီမျှမှုရှိရန်နှင့် လူမျိုး၊ ဘာသာ၊ ဇာတိ တစ်ခုနှင့်တစ်ခု ထူးကဲမြင့်မြတ်ခြင်း မရှိမှုတို့ကို တက်ကြွစွာသင်ကြားပို့ချပေးသည်။

ဂျီစီဘီအေအဖွဲ့ကြီး တစည်းတလုံးတည်းရှိစဉ်က တစ်မျိုးသားလုံး ဗြိတိသျှအစိုးရကို စည်းလုံးစွာ ဆန့်ကျင်လှုပ်ရှားခဲ့၍ ၎င်းလှုပ်ရှားမှုများ သရဖူဆောင်းခဲ့သော ၁၂၈၂ ခုနှစ် ကျောင်းသားများသပိတ်မှောက်သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်(၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်)ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ကြ၏။ ထိုနေ့သို့ရောက်တိုင်း ပြည်သူများသည် နိုင်ငံလွတ်မြောက်မှုအတွက် အဓိဋ္ဌာန်ပြုခြင်း၊ နိုင်ငံရေးအဖွဲ့အစည်းများညီညွတ်ကြရန် နှိုးဆော်ခြင်း၊ မြန်မာတိုင်းရင်းသားများ ကျွန်စိတ်မှ သခင်စိတ်သို့ပြောင်းလဲခဲ့သည့် စိတ်ဓာတ်စစ်ဆင်ရေးအောင်ပွဲ ခိုင်မာသည်ထက်ခိုင်မာအောင် ဟောပြောခြင်း၊ စီတန်းလှည့်လည်ဆန္ဒထုတ်ဖော်ခြင်းတို့ကို ပြုကြမြဲဖြစ်သည်။

အမျိုးသားပညာရေးလှုပ်ရှားမှုသည် ပြည်သူများ၏ စိတ်ဓာတ်နှင့် ပညာရေးပြန်လည်ဆန်းသစ်မှု ပြယုဂ်ဖြစ်ပြီး အသိပညာ၊ အတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်တည်ဆောက်ရာတွင် အမျိုးသားပညာရေးနှင့် ယဉ်ကျေးမှု စရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းရမည်ဖြစ်ပါသည်။ သို့မှသာ "စည်းလုံးချစ်ကြည် လက်တွဲညီ ရွှေပြည်သစ်ဆီလှမ်းကြမည်"ဟူသော ၂၀၂၅ ခုနှစ် ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်၏အနှစ်သာရကို ပံ့ပိုးကူညီဆောင်ရွက်ခြင်းဖြစ်မည်ကေန်ဖြစ်ပါကြောင်း ရေးသားတိုက်တွန်းအပ်ပါသည်။

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady. net.mm/nurse(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၅-၁၀-၂၀၂၅ ရက်နေ့မှစ၍ ၂၄-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့် နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၇-၁၂-၂၀၂၅ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal** (www.myawady. net.mm/nurse(male))**တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၇-၁၂-၂၀၂၅ ရက်နေ့မှ ၂၃-၁၂-၂၀၂၅ ရက်နေ့အတွင်း တပ်မတော် ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady. net.mm/ nurse(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၅-၁၀-၂၀၂၅ ရက်နေ့မှစ၍ ၂၄-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့် နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာသတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၇-၁၂-၂၀၂၅ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady. net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၇-၁၂-၂၀၂၅ ရက်နေ့မှ ၂၃-၁၂-၂၀၂၅ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science)နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .



‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်၊





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့ အမှတ်(၁) တိုးချဲ့အကွက်အမှတ်(H-၁၆)ရှိ မြေကွက်ပေါ်တွင် ဦးစံသိန်း(၉/မခန(နိုင်)၀၂၀၂၃၃)ကိုင်ဆောင်သူမှ အလျား ၄၀' အမြင့် ၅'-၆" ရှိ ဝန်းခြံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းဝန်းခြံဆောက်လုပ်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော အထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်နေ ဦးရန်တာယု (ခ)ဦးခင်မောင် (ဘ) ဦးရန်ချွင်းရှိန်(၅/ဝသန(နိုင်)၀၂၁၀၁၅)သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးရန်တာယု(ခ)ဦးခင်မောင်(၅/ဝသန(နိုင်)၀၂၁၀၁၅)

## ဖခင်အမည်မှန်

၂၀၂၅-၂၀၂၆ ပညာသင်နှစ် စဉ့်ကိုင်မြို့နယ် ဟင်းငုအထက G-7 မှ မဆုမြတ်ဝတီကျော်၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးနေလင်း ဖြစ်ပါကြောင်း။

ဦးနေလင်း(၉/စကတ(နိုင်)၀၇၁၇၉၉)


COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။


# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

“အဂတိလိုက်စားမှုတားဆီးဖို့ “ 1111 ” ကိုဖြေကြားစို့”

“ဝန်ဆောင်မှုများကောင်းစေရေး “ 1111 ” ကိုဖြေကြားပေး”

❖ ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီစနစ်ကျင့်သုံးရာမှာ အခြားနိုင်ငံတွေကို ပုံတူကူးချသွားမှာမဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံရဲ့သမိုင်းကြောင်း၊ လူနေမှုစနစ်၊ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ဓလေ့ထုံးတမ်းအစဉ်အလာတွေနဲ့ကိုက်ညီတဲ့ ဒီမိုကရေစီစနစ်ကို မြန်မာ့နည်း၊ မြန်မာ့ဟန်နဲ့ ကျွန်တော်တို့မြန်မာတွေ ဦးစီးပြီး ဖော်ဆောင်သွားကြရမှာဖြစ်ပါတယ်။ ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇွန် ၂၅ ရက်တွင် ပြုလုပ်သော ငြိမ်းချမ်းရေးဖိုရမ်–Peace Forum 2025 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ လိုင်စင်မဲ့မော်တော်ယာဉ်၊ တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များနှင့် ရေယာဉ်ဖမ်းဆီးရမိ



ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

နေပြည်တော် နိုဝင်ဘာ ၁၁

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ချင်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၉ ရက်တွင် ဟားခါးမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၇ ရက်တွင် ပြည်မြို့နယ်၊ ဒိုက်ဦးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့အတွင်း၌

စာမျက်နှာ ၂၂ ကော်လံ ၁ ❑

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနှီးဆော်မှုများရိုက်ကူးရေးတွင် ရုပ်ရှင်အနုပညာရှင်များ ပါဝင်ဆောင်ရွက်

စာမျက်နှာ - ၂၁

## အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၁၁

အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၁၉ တွင် ဖော်ပြပါရှိပါသည်။ ရတနာပုံ

## Abu Dhabi Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို အာရွန်ရိုင် ဆွတ်ခူး

ရီယာ့ဒ် နိုဝင်ဘာ ၁၁

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင် ကျင်းပခဲ့သော Abu Dhabi Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား အာရွန်ရိုင်က ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း TSN သတင်းဌာနက သိရသည်။

အဆိုပါပြိုင်ပွဲနောက်ဆုံးနေ့အပြီးတွင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် အာရွန်ရိုင်နှင့် ဖလက်ဝုဒ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၅ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နိုင်ခဲ့ကြသည်။

စာမျက်နှာ ၂၁ ကော်လံ ၄☆



## အာရှအမျိုးသမီးချန်ပီယံလိဂ်ဖလား အုပ်စု(ဂ) ပွဲစဉ်ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၁

၂၀၂၅–၂၀၂၆ ခုနှစ် အာရှအမျိုးသမီးချန်ပီယံလိဂ်ဖလား အုပ်စု(ဂ)ပွဲစဉ်များကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် နိုဝင်ဘာ ၉ ရက်မှ ၁၅ ရက်ထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ နိုဝင်ဘာ ၁၂ ရက် **(ယနေ့)** ညနေ ၃ နာရီတွင် မြန်မာအမျိုးသမီးကလပ် အား/ကာသိပ္ပံ(ISPE)အသင်းနှင့် ဂျပန်ကလပ် တိုကျိုဗာဒီဗီလီဇီကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့မွန်းလွဲ ၂နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channelနှင့် မြန်မာ့အသံရေဒီယို၊ MRTV App၊ MRTV Radio App အပါအဝင် Online Media တို့မှလည်း တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။ **(သတင်းစဉ်)**

